www.burmeseclassic.com

# မောင်စိန်လှိုင် (ဥဿာ)

## [illegible]ရွာကန်တော်ဦးက အမေငြိမ်းမြမျှော်နေသည်

အပါအဝင်

## ဘဝရေသဝင်တွေ့တို့များ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခ ။ ကိုတင်ထွန်း

## ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၂၊ ဒီဇင်ဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Quality*

## ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (ဖြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၃၀၀ ကျပ်

၈၉၅ ・ ၈၃
စိန်လှိုင်၊မောင်(ဥဿာ)
ကော့ချဲရွာကန်တော်ဦးကအမေငြိမ်းမြမျှော်နေသည်အပါအဝင်
ဘဝရသဝတ္ထုတိုများ / မောင်စိန်လှိုင်(ဥဿာ) ။ – ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၂။
၁၃၂–စာ ၊ ၁၂ စင်တီ × ၁၈ စင်တီ။
(၁)ကော့ချဲရွာကန်တော်ဦးကအမေငြိမ်းမြမျှော်နေသည်အပါအဝင်ဘဝရသဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရှင်မတောင်ခြေက အဖေနဲ့အမေ | ၁ |
| ၂။ | ဦးရာကျော်၏ ဆုတောင်း | ၁၆ |
| ၃။ | ကျော့ချမ်းရွာကန်တော်ဦးက အငြိမ်းမြမျှော်နေသည် | ၂၆ |
| ၄။ | တောင်သမန်မှာ ရွာတဲ့မိုး | ၄၀ |
| ၅။ | အဖွားချက်တဲ့ မုန့်ဟင်းခါးအရသာ ပျက်လေရော့သလား | ၅၂ |
| ၆။ | ပရိမ္မအရပ်က ကျွန်စစ်သား | ၅၉ |
| ၇။ | ကျွန်စစ်သားရဲ့ နှလုံးသား စစ်မြေပြင် | ၇၁ |
| ၈။ | ဒွေးမြဒွေးကိုက်ခံရသည် | ၈၅ |
| ၉။ | လမ်းမှာရပ်လို့ မတ်တတ်ငို | ၉၄ |
| ၁၀။ | ပီတိမျက်ရည်နဲ့ သောကမျက်ရည် | ၁၁၀ |
| ၁၁။ | သမီးပေးတဲ့ ပီတိမျက်ရည် | ၁၂၃ |
| ၁၂။ | ကျောင်းပြန်ထားပေးပါအမေ | ၁၃၁ |


www.burmeseclassic.com

www.burmeseclassic.com



## ဆရာမောင်စိန်လှိုင်(ဥဿာ)၏ ကိုယ်ရေးအကျဉ်း

၁၃၁၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၄)ရက်နေ့တွင် အဖ ဦးကျော်၊ အမိ ဒေါ်ရှုတို့မှ ပဲခူးတိုင်း၊ ပဲခူးမြို့နယ်၊ ကော့ချဲကျေးရွာတွင် မွေးဖွားခဲ့ပြီး –

၁၉၇၀ ခုနှစ်တွင် ကုန်သွယ်ရေးတွင် တာဝန်ထမ်းဆောင်ပြီး ၁၉၇၅ ခုနှစ်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်၍ ၁၉၉၃ ခုနှစ်မှ စတင်၍ ရန်ကုန်တိုင်း GEC တွင် အကြီးတန်း မန်နေဂျာအဖြစ် ထမ်းဆောင်ဆဲဖြစ်သည်။

အကယ်ဒမီ ရုပ်ရှင်မင်းသားကြီး မြတ်လေးထံ တပည့်ခံ၍ ဗီဒီယိုဇာတ်များတွင် တွဲဖက်ဒါရိုက်တာအဖြစ် ဆောင်ရွက်ပြီး ကိုယ်တိုင် သရုပ်ဆောင်အဖြစ်လည်း ပါဝင်ခဲ့ဖူးသည်။

ကဗျာတိုမှစတင်ပြီး ကဗျာရှည်များ ရေးခဲ့သည်။

'ဒွေးမြ ခွေးကိုက်ခံရသည်' ဝတ္ထုတိုကို စတင်ရေးသားပြီး ဘဝဒဿနဝတ္ထုတိုများ ဆက်၍ရေးသားသည်။



www.burmeseclassic.com

www.burmeseclassic.com

အကယ်ဒမီ ဆရာမြတ်လေး မှာကြားခဲ့သော 'စာရေးတဲ့နေရာမှာ အချို့သောစာရေးဆရာသည် အကောင်းသာရေး၍ အရေးမကောင်း၊ အချို့သောစာရေးဆရာသည် အရေးသာကောင်း၍ အကောင်းမရေး၊ အချို့သောစာရေးဆရာသည် အကောင်းလည်းမရေး၊ အရေးလည်းမကောင်း၊ အချို့သောစာရေးဆရာသည် အကောင်းလည်းရေး၍ အရေးလည်းကောင်းသည်' တို့တွင် ဆရာမြတ်လေးမှာကြားသည့် ဩဝါဒထဲမှ အရေးလည်းကောင်းပြီး အကောင်းလည်းရေးနိုင်ရန် အထပ်ထပ်ကြိုးစားနေရဆဲ ကာလများတွင် ရပ်တည်နေပါသည်။

မောင်စိန်လှိုင် (ဉသာ)
အမှတ် (၅)ရပ်ကွက်၊ ချမ်းသာပြည့်စုံလမ်း
မရမ်းကုန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း - ၀၉၄၉၃၁၇၆၀၈

www.burmeseclassic.com

www.burmeseclassic.com

## မောင်ညိုမှိုင်း (သန်လျင်)ရဲ့ အမှာစာ

စာရေးဆရာ မောင်စိန်လှိုင် (ဥဿာ)ကို မြို့တော်မဂ္ဂဇင်းမှာ တွေ့ရှိသိကျွမ်းရာမှ နောင်အခါ ညီအစ်ကိုရင်းခြာကဲ့သို့ ခင်မင်သံယောဇဉ်ဖြစ်ခဲ့ရသည်။

သူက ဘဝသရုပ်ဖော်ဝတ္ထုတိုတွေရေးရာမှာ အားပါလှသည်။ သူ့ဝတ္ထုတိုလေးတွေမှာ သူ့ရဲ့ လှပသည့် စေတနာ၊ ဖြစ်စေချင်သည့် ဆန္ဒဇောနှင့်အတူ ရင်နာနာ ခံစားချက်များကို သတိပြုမိခဲ့သည်။

နောင်တော့ ဆရာမောင်စိန်လှိုင် (ဥဿာ) ကို မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်းရဲ့ စာပေဆွေးနွေးပွဲ စင်မြင့်ပေါ်မှာရော စာပေဟောပြောပွဲများမှာ တွေ့ရဖန်များလာတော့မှ –

ဆရာမောင်စိန်လှိုင်(ဥဿာ)သည် အရေးအသား ပညာရပ်သာမက အဟောအပြောမှာပါ ပွဲကျအောင်၊ မှတ်သားရအောင်၊ ခံစားရအောင် ရသ၊ သုတ စုံစုံလင်လင်နှင့် ပြောနိုင်မှန်း ပို၍ သိခဲ့ပြီး ဝမ်းသာအားရ ဖြစ်ခဲ့ရသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

သူက စာဖတ်အားလည်းကောင်းသည်။ အတွေးဖြန့်ကျက်တွေးတာလည်း လှသည်။ ပြီး မြန်မာပြည်အနှံ့ ရောက်ဖူးသူမို့ ဒေသန္တရဗဟုသုတရော၊ လူတန်းစားအတွေ့အကြုံရော၊ နိုင်ငံရေးအတွေ့အကြုံရော စုံ၏။ အပေါင်းအသင်းလည်း ဝင်ဆန့်၏။ မဟုတ်လျှင် မခံတတ်။

သူ့ဆရာက ကွယ်လွန်သူ ရုပ်ရှင်မင်းသားကြီး (ဦး) မြတ်လေးဖြစ်တာကြောင့် ဦးမြတ်လေးထံက ရုပ်ရှင်ပညာ၊ ပြဇာတ်ပညာ၊ နိုင်ငံရေးဒဿနပညာရပ်များ၊ အနုပညာဒဿနများကို ဆည်းပူးရရှိခဲ့ပြီး ခုတော့ သူစာရေးဆရာဘဝမှာ အဲဒီပညာရပ်တွေက လက်တွေ့အသုံးဝင်နေသည်ကို သူကိုယ်တိုင် သိရှိခဲ့ပြီး ...

ယခု ရေးသားထုတ်ဝေလိုက်သည့် သူ့ရဲ့ ...'ကော့ချဲ့ရွာကန်တော်ဦးက အမေငြိမ်းမြမျှော်နေသည်' ဝတ္ထုတိုပေါင်းချုပ်မှာ ...

အညာရနံ့ကို ရှူရှိုက်မိသည်။

ဆင်းရဲသား လက်လုပ်လက်စားတို့ရဲ့ ချွေးနံ့နှင့် သွေးနံ့တို့ သင်းထုံနေသည်။

မိခင်ရဲ့မေတ္တာကို သိမ်သိမ်မွေ့မွေ့လေး မြင်တွေ့ခံစားရသည်။ ဒါနှင့်အတူ ဒါ မြန်မာ့လူတန်းစားဘဝ သရုပ်ပါကလားဟု လေးစားခဲ့ရသည်။

တစ်နည်း ...

တိုက်နှင့်မနေနိုင်။ ကိုယ်ပိုင်ကား မစီးနိုင်။ နိုင်ငံခြားမသွားနိုင်သူ။ လက်ထဲမှာ ငွေတစ်သောင်းပြည့်အောင် မကိုင်ဖူးသူ။ အညတရဆင်းရဲသား လက်လုပ်လက်စား။ ချွေးနှင့်သွေးနှင့် ရုန်းကန်နေကြသည့်လူ့အလွှာများရဲ့ ဘဝအခင်းအကျင်းကို ကလောင်နှင့် စုတ်ချက်ခင်းနေတာပါလားဟု ဝမ်းသာရသည်။



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူရော၊ မူလစာရေးဆရာရော ကျွန်တော်တို့ စာပေ ရောင်းရင်းရဲဘော်များပါ ဒီဝတ္ထုတိုပေါင်းချုပ်ကို ငွေကြေးအရှုံးအမြတ် အဓိကထားပြီး ကြိုးစားထုတ်ဝေလိုက်သည်မဟုတ်၊ တိုက်တွန်းကြသည် မဟုတ်။

သူ့အတွေ့အကြုံ ဘဝခံစားချက်ကို ရင်ခွဲထုတ်ခင်း ဖြန့်ကျင်း ပြချင်တဲ့ စာရေးဆရာရဲ့ အနုပညာစိုက်ခင်းတစ်ခုမြင်ကွင်းကို အများပါ ပါဝင်ခံစားကြည့်စေချင်၍ အရဲစွန့်ကြခြင်းသာ ဖြစ်ပါသည်။

ကျွန်တော်တို့ မျှဝေခံစားရင်း ဖေးမအားပေးပျိုးထောင်ကြပါ စို့။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

❑

ခလောက်ကလေးရယ်တဲ့ ဒိုးဒိုးဒေါင်
ဖျိုတို့မောင်ယာမလုပ်တယ် ဝါးခုတ်တဲ့တောင်
နွားညီနောင် စည်အောင်ကွဲ့ဖေကျောင်း။
မောင်နှင့်မယ် တူယှဉ်နွဲကာမှ ယူငင်ကာ
ချူဆင်ဆွဲလို့ရယ် လှည်းယာဉ်နဲ့မောင်း။

ရှင်မတောင်ခြေ၌ နေ့စဉ်ကြားရသော ကိုထနောင်း၏ အသံဖြစ်သည်။ ကိုထနောင်းက မြန်မာဆန်သည်။ ကိုထနောင်း မြန်မာဆန်သလို ဇနီးမလွှမ်းရီကလည်း မြန်မာဆန်သည်။

ကိုထနောင်းတို့နေထိုင်ရာ ပခန်းနယ်သို့ ဝင်မိလျှင် မှိုင်းပျရီမှောင်သော ရှင်မတောင်ကြီးကို လှမ်းမြင်ရသည်။ ရှင်မတောင်ခြေတွင် ရွာပေါင်းမြောက်မြားစွာရှိသည့်အနက် ထူးထူးဆန်းဆန်း အဖေ့ရွာနှင့် အမေ့ရွာဟူသော ရွာနှစ်ရွာရှိသည်။

ကိုထနောင်းက အဖေ့ရွာသား၊ မလွှမ်းရီက အမေ့ရွာသူ ဖြစ်သည်။ ကိုထနောင်းက ရှစ်တန်းကျောင်းသားအဖြစ် ကျောင်းနေဖူးသလို မလွှမ်းရီကလည်း ရှစ်တန်းကျောင်းသူအဖြစ် ကျောင်းနေဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝကို အညာဆင်းရဲသားများပီပီ ရုန်းကန်ရင်း ကိုထနောင်း နေတဲ့ အဖေ့ရွာတွင် နေထိုင်ကြသည်။ ကိုထနောင်းတို့ ရွာပတ်ဝန်းကျင်တွင် ရှားပင်၊ ထနောင်းပင်၊ ဆူးရစ်ပင်များပေါက်သည်။ ထူးခြားတာက ကိုထနောင်းတို့ ရှင်မတောင်တွင် ပေါက်သောသနပ်ခါးက မြန်မာမြေတွင် အမွှေးဆုံးသနပ်ခါးအဖြစ် အသိအမှတ်ပြုကြသည်။

ကိုထနောင်းတို့ရွာတွေမှာ အိမ်ကြီးအိမ်ကောင်း နည်းသည်။ ထန်းလက်မိုး၊ ထန်းလက်ကာ အိမ်ကလေးတို့ များသည်။ သူ့ဝင်း၊ သူ့ခြံ၊ သူ့ထန်းပင်၊ သူ့သနပ်ခါး ခြံနှင့် အေးချမ်းစွာ နေထိုင်တတ်ကြသည်။ ကိုထနောင်းတို့ မိသားစုစီးပွားရေးအလုပ်က ထန်းပင်တက်၊ ထန်းလျက်ချက်၊ ပုန်းရည်ကြီးကြိုချက်လုပ်ငန်း။ အိမ်ထောင်သက် ဆယ်နှစ်ခန့်ကြာတော့ ကိုထနောင်းနဲ့ မလွမ်းရီတို့မှာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိပြီး၊ သားအကြီးကောင်ရဲ့အမည်က ပေဦး၊ သမီးရဲ့အမည်က စကားဝါ၊ သားကို ပေဦးလို့ ဘာကြောင့် အမည်ပေးရလဲဆိုတော့ ဟိုးအရင်က စာတွေကိုကညစ်နဲ့ ပေမှာရေးရသည်။ မှတ်ရသည်။

သားကြီး ကြီးလာလို့ ကျောင်းထားလျှင် သားကြီးရဲ့ ဦးနှောက်ထဲမှာ စာတွေကို သိမ်းဆည်းထားနိုင်အောင်လို့ သားဦးလည်းဖြစ်တဲ့ အတွက် ပေဦးလို့ အမည်မှည့်ခေါ်ရသည်။

မိုးတောင်မလင်းသေး ကိုထနောင်း ထန်းပင်ပေါ်က ထန်းရေအိုးတွေချပြီးလို့ မြေပေါ်အဆင်း သားကြီးပေဦး ထန်းပင်ခြေရောက်လာပြီး –

"ဖေကြီး ... ကျွန်တော် ထန်းပင်ပေါ် တက်ကြည့်ချင်တယ်ဗျာ"

ကိုထနောင်း စိုးရိမ်တကြီး ...

---

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"တောက်ပါနဲ့သားရယ်။ ထန်းပင်ဆိုတာ အမြင့်ကြီးကွ။ အပေါ် ချောက်လွှင့် လေလည်း တိုက်တယ်။ ငါ့သားကြီး ဒီနှစ်ဆယ်တန်းမဟုတ်လား။ ဆယ်တန်းအောင်ပြီးလို့ ဘွဲ့ရပညာတတ်ကြီးဖြစ်ပြီး နိုင်ငံခြားကို ပညာသင်သွားရတဲ့အခါ ဒီထန်းပင်တွေထက်မြင့်တဲ့ အမြင့်က ပျံသွားတဲ့ လေယာဉ်ပျံကြီးထဲမှာ ငါ့သားကြီးပေဦး ပါသွားပြီဆိုပြီး ဖေကြီး ရှင်မတောင်ထိပ်မှာ လက်ခုပ်လက်ဝါးတီးပြီး ဂုဏ်ယူမှာသားရဲ့"

အဖေဖြစ်သူ ကိုထနောင်း ပြောပုံနှင့် ပြောတာကို နားထောင်ပြီး သားကြီးပေဦး သဘောကျသည်။ ကိုထနောင်း ဆက်လက်၍ . . .

"သားကြီး . . . မင်း အမြင့်ကိုတက်ချင်ရင် ရှင်မတောင်ကြီးပေါ် သွားတက်။ ရှင်မတောင်ဆိုတာက တက်ဖို့ကားလမ်းလည်း မရှိဘူး။ ပေပေါင်း လေးထောင်နီးပါးမြင့်တယ်။ တောင်ကမတ်စောက်တော့ တဖြည်းဖြည်း တက်ရင်းတက်ရင်းနဲ့ မောလာတယ်။ အချို့နေရာမှာ အုတ်လှေကား၊ အချို့နေရာမှာက ကျောက်တုံး၊ ကျောက်ပြားအရိုင်းစီထားတဲ့ တောလှေကား၊ တောင်တစ်ဝက်ရောက်တော့ ဖတ်ဖတ်မောပြီး တော်ရုံတန်ရုံလူ မတက်နိုင်ဘူး။ ရှင်မတောင်ထိပ်ရောက်လို့ ဘုရားသုံးပတ်လှည့်ပြီး ဖူးပြီးပြီဆိုတာနဲ့ အမေ့နို့တစ်လုံးဖို့ ကျေတယ်ဆိုတဲ့စကား ဖေကြီးကြားဖူးတယ် သားကြီးရဲ့"

သားပေဦး ကိုထနောင်းရဲ့ခါးကို ဖက်ရင်း . . .

"သားကြီးလာလို့ အင်ဂျင်နီယာကြီးဖြစ်လျှင် နို့တစ်လုံးဖိုးမကဘူး။ နို့နှစ်လုံးဖိုး ကျေမယ့်သားပါ . . . ဖေကြီးရာ"

သားစကားကိုနားထောင်ပြီး ကိုထနောင်း မိုးကောင်းကင်ကို မော့ကြည့်ပြီး . . .

"သိကြားမင်းကြီး ကျွန်တော်မျိုးသားကြီးလောက် တော်တဲ့သား လိမ္မာမဲ့သား ရှားတယ်ဗျာ"

---



www.burmeseclassic.com

www.burmeseclassic.com



ကိုထနောင်း မကြီးမငယ် ဆယ်တန်းကျောင်းသားကို ကျော မှာပိုးပြီး …

"လွမ်းရီရေ … တစ်သက်လုံး တို့တွေအားကိုးရမယ့် နင့်သား ပေဦးကို ကြည့်ပါဦးကွ"

ဖနီးသည် မလွမ်းရီနှင့် သမီးရှစ်တန်းကျောင်းသူ စကားဝါတို့ ကိုထနောင်းနဲ့ ပေဦးကိုကြည့်ပြီး ပျော်နေကြသည်။ ဒီနေ့ ဆယ်တန်း နောက်ဆုံးဖြေရတဲ့နေ့။ စာမေးပွဲဖြေရန် သွားခါနီး သားပေဦးက ဖခင် ကိုထနောင်းထိုင်နေရာ ထန်းကွပ်ပျစ်အနီးသို့ ရောက်လာပြီး …

"ဖေကြီး … သား ဒီနေ့ စာမေးပွဲနောက်ဆုံးဖြေရမယ့်နေ့မှာ ဖေကြီးကိုယ်တိုင်လုပ်ထားတဲ့ ပုန်းရည်ကြီးနဲ့ သားကို ထမင်းခွံ့ကျွေးပေး ပါ … ဖေကြီးရာ။ ဖေကြီးကိုယ်တိုင်လုပ်တဲ့ ပုန်းရည်ကြီးနဲ့ သားထမင်း စားပြီး စာမေးပွဲဖြေရင် ဂုဏ်ထူးနဲ့တောင်အောင်မှာ … ဖေကြီးရဲ့"

သားပေဦးစကားဆုံးတော့ ကိုထနောင်း အားပါးတရရယ်ပြီး မြေအိုးထဲကထမင်းကို ကိုယ်တိုင်ခူးပြီး ထမင်းနယ်၍ ကလေးတစ်ယောက် မော သားကြီးပေဦးကို ခွံ့သည်။ ဖနီးသည် မလွမ်းရီနှင့် သမီးစကားဝါ တို့ အနားကိုရောက်လာပြီး စကားဝါက …

"ဖေကြီး …. သမီးကိုလည်း ထမင်းခွံ့နော်"

ကိုထနောင်း သမီးငယ်ကိုပါ ထမင်းခွံ့ကျွေးနေစဉ် သားပေဦး က …

"သားကြီးလာလို့ ဘွဲ့ရပညာတတ်ကြီးဖြစ်လျှင် ဖေကြီးနဲ့ မေ ကြီးတို့ ထနောင်းပင်တွေအောက်က ထန်းလက်မိုးထန်းလက်ကာတဲ့ တဲ ထဲမှာ မနေရဘူး။ တိုက်ကြီးနဲ့ထားမယ်၊ ကိုယ်ပိုင်ကားကြီးစီးရမယ်"

---



www.burmeseclassic.com

www.burmeseclassic.com



အော်လွမ်းရီ ပိတိမျက်လုံးအစုံနှင့် နှစ်နှစ်ခြိုက်ခြိုက် ပြုံးနေသည်။ ကိုထနောင်း သမီးစကားဝါကို ထမင်းခွံ့ကျွေးရင်း . . .

"သားကြီး . . . သူဌေးဆိုတာ ဘာကိုခေါ်တာလဲ"

"သူဌေးဆိုတာ ငွေကြေးချမ်းသာတာကို သူဌေးလို့ခေါ်တာပေါ့ ဖေကြီးရ"

သားကြီးပေဦး အဖြေဆုံးသည်နှင့် ကိုထနောင်းကွပ်ပျစ်မှ ထလမ်းလျှောက်ရင်း . . .

"သားကြီးနဲ့သမီး ဖေကြီးပြောတာ သေသေချာချာ မှတ်ထား။ လောကမှာ ရွှေတွေ၊ စိန်တွေ၊ ကျောက်သံပတ္တမြားတွေ တွင်းနဲ့ပဲ ပိုင်ဆိုင်ပါစေ၊ ငွေတွေ ထားစရာမရှိအောင် ပေါ်များပါစေ။ အဲဒီလူဟာ ကျန်းမာရေးမကောင်းဘဲ အိပ်ရာထဲမှာလဲနေရင် အဲဒီဥစ္စာနေပစ္စည်းတွေဟာ ဘာမှတန်ကြေးမရှိဘူး။ ဖေကြီးတို့၊ သားတို့၊ သမီးတို့ ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာကို အခြေခံပြီး ဆောင်ပုဒ်လေးတစ်ခုရှိတယ်။ အဲဒါဘာလဲဆိုတော့ . . .

ရွှေတွင်း၊ ငွေတွင်း၊ ပယင်းခနေ
ပေါ်ကြွယ်ဝလည်း
မိဘတို့ကြွေး၊ မဆပ်သေးက

သူဌေးဟူ၍ မဆိုသင့် . . . တဲ့။ အဲဒီလင်္ကာလေးရဲ့ အဓိပ္ပာယ်က ဖေကြီး ပထမပြောခဲ့သလို လူမှာ ရွှေတွေ၊ ငွေတွေကို တွင်းနဲ့ပိုင်ဆိုင်ပါစေ၊ အမေ့ရဲ့ ကာလလရေကြည် သန္ဓေတည်ကတည်းက အပူအအေး အချဉ်အစပ်ကို ရှောင်ရှားပြီး ကိုးလလွယ်၊ ဆယ်လဖွား၊ သင်္ချိုင်းဘုန်းကို ခြေတစ်ဖက်လှမ်းပြီး နာကျင်တဲ့ဝေဒနာခံစားလို့ မွေးခဲ့ရတဲ့ အမေ့ရဲ့ ကြွေး။



www.burmeseclassic.com

www.burmeseclassic.com



ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်ကနေ လူဖြစ်အောင် မနည်းရုန်းကန်ပြီး ကျွေးခဲ့ရတဲ့ ပညာသင်ပေးခဲ့ရတဲ့ အဖေ့ရဲ့ကြွေး၊ အဲဒီကြွေးတွေ ပြန်မဆပ်နိုင်သမျှ သူဌေးလို့ မခေါ်ထိုက်ဘူးတဲ့သား။ လမ်းဘေးမှာ တောင်းစားတဲ့ သူတောင်းစားပဲဖြစ်ပါစေ သူတောင်းလို့ ရတဲ့အထဲက အချို့တစ်ဝက်ကို သူစားပြီး၊ အချို့တစ်ဝက်ကို အမေ၊ အဖေတို့ကို ရှာကျွေးရင် ဘုရားဟောတဲ့ သူဌေးစာရင်းထဲမှာ အဲဒီ သူတောင်းစားပါတယ်။ ငါ့သားကြီးနဲ့ သမီးငယ်များကြီးလာလို့ ဖေကြီးနဲ့ မင်းမေကြီးရဲ့ ကျေးဇူးတရားကို ပြန်ဆပ်နိုင်ရင် . . .''

ကိုထနောင်း စကားမဆုံးမီ သမီးငယ်စကားဝါ ပြန်ပြောလိုက်သည်။

''ဒီဘဝတင်မကဘူး၊ နောင်ဘဝတွေဆိုတာရှိရင် အဲဒီဘဝတွေတိုင်အောင် သမီးတို့မောင်နှမက ကျေးဇူးပြန်ဆပ်မှာပါ . . . ဖေကြီးရာ''

သမီးရဲ့ ကျေးဇူးသိတတ်မယ့် ကျေးဇူးဆပ်တတ်မယ့် စကားတွေကြားရတော့ ကိုထနောင်းနဲ့ မလွှမ်းရီ ဝမ်းသာမဆုံး ရှိကြသည်။ ဆယ်တန်းအောင်စာရင်းထွက်တဲ့နေ့ သားကြီးပေဦးက ဆယ်တန်းကို ဂုဏ်ထူးနှစ်ဘာသာနဲ့ အောင်တယ်တဲ့။ ကိုထနောင်းနဲ့ ဒေါ်လွှမ်းရီ ဝမ်းသာလွန်း၍ မျက်လုံးတွင် ပီတိမျက်ရည်တွေ ကျနေသည်။

''လွှမ်းရီ . . . သားကြီးပေဦးကို ရှင်ပြုပေးရမယ်နော်။ သမီးလည်း ကိုးတန်းရောက်ပြီဆိုတော့ သီလရှင်ဝတ်ခိုင်းပေါ့ကွ။ ငါတို့တွေ ထန်းပင်တက်၊ ထန်းလျက်ချက်၊ နဖူးကချွေး ခြေမကျအောင် ပုန်းရည်ကြီးကျိုပြီး စုထားတဲ့ငွေတွေက သားနဲ့သမီးက သာသနာ့အမွေ ခံဖို့ ငါတို့လင်မယားက သာသနာ့ဒါယကာ၊ ဒါယိကာမအဖြစ် ခံယူဖို့ကွ''

---



www.burmeseclassic.com

www.burmeseclassic.com



ဦးထနောင်းနဲ့ ဒေါ်လွှမ်းရီတို့အလှူက အားကျစရာ ကောင်းသည်၊ အားရစရာကောင်းသည်။ ရှင်လောင်းလှည့်ရာတွင် လိုက်ပါကြတဲ့ ထွန်းတောက် ပန်းတောင်ကိုင်တွေက မနည်း၊ အညာဆန်ဆန် ချင်းတွင်း အိုးစည်ဝိုင်းနဲ့၊ ချင်းတွင်း ဒိုးပတ်ဝိုင်း အားပြိုင်လှသည်။ ဦးထနောင်းက ကျက်သရေခေါင်းပေါင်းနှင့် သပိတ်ကို ပိုက်ထားသည်။ ဒေါ်လွှမ်းရီက သက်န်းဗန်းကိုရွက်၊ အိုးစည်သံနှင့်ဒိုးသံက ဦးထနောင်း၏ နှလုံးသားကို ရိုက်ခတ်တော့ ဦးထနောင်း အနုပညာရှုပိုးကို မထိန်းနိုင်တော့။ နီးရာလူကို သပိတ်ပေးပြီး ဒိုးဝိုင်းတွင် ကွေးနေအောင်ဝင်ကသည်။ ပါးစပ်ကလည်း ဒိုးဝိုင်းနဲ့လိုက်အောင် သံစဉ်နဲ့ဆိုလိုက်တာက ...

ချိုးနှစ်ကောင်၊ ထနောင်းပင်ညီနောင်က
လွှမ်းအောင်ကူခွဲ၊
ပန်းတော်ဖြူ ပင်မြတ်နေဇာထူလှ
ဖိုးတောင်သူတဲ ...။

ရာသီတွေ အလီလီပြောင်းခဲ့သည်။ ထနောင်းပန်း၊ ကြောင်ချစ်ပန်း၊ ဆူးရစ်ပန်းတွေ အကြိမ်ကြိမ်ကြွေခဲ့ပြီ၊ ဝေခဲ့ပြီ။ ကိုထနောင်းမှ ဦးထနောင်း၊ ဦးထနောင်းမှ အဖိုးထနောင်းဖြစ်ခဲ့သလို မလွှမ်းရီမှ ဒေါ်လွှမ်းရီ၊ ဒေါ်လွှမ်းရီမှ အဘွားလွှမ်းရီ ဖြစ်ခဲ့သည်။

အသက်ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်နီးပါးဖြစ်လာတော့ အဘိုးထနောင်းနဲ့ အဘွားလွှမ်းရီ ဆံပင်တွေဖြူ၊ ခါးတွေကိုင်းလို့ မျက်စိမှုန်လာပြီ။ မပြောင်းလဲတာ နှစ်ခုရှိသည်။ ရှင်မတောင်ကြီးက မပြောင်းလဲသလို အဘွားလွှမ်းရီနဲ့ အဘိုးထနောင်း သားသမီးတွေကိုချစ်တဲ့ မေတ္တာတောင်နဲ့ ပမာပြုရလျှင် ပေလေးထောင်ကျော်မြင့်တဲ့ ရှင်မတောင်ထက် အဆပေါင်းများစွာ မြင့်လိမ့်မည်။ ဟိုးအရင်ကလို ထန်းပင်များကို အဘိုး



www.burmeseclassic.com

www.burmeseclassic.com



ထနောင်း မတက်နိုင်တော့ မော့၍ကြည့်ရင်း နှုတ်ကစကားတစ်ခွန်း ညင်သာစွာ ထွက်လာသည်။

"တက်ကြွားကြွကြွ၊ မြင့်လွန်းကလည်း လျှောကျနောက်ဆုံး ရှိချေ၏"

သားကြီးပေဦးနဲ့ သမီးစကားဝါတို့က ရန်ကုန်မှာ နေကြသည်။ နှစ်ယောက်စလုံး အင်ဂျင်နီယာဘွဲ့ရပြီးကတည်းက ရန်ကုန်မြို့ ကုမ္ပဏီများမှာ အလုပ်လုပ်ရင်း အိမ်ထောင်ကျသည်။ သူ့ဝင်း၊ သူ့ခြံ၊ သူ့တိုက်၊ သူ့ကားနှင့် ပျော်လို့မော်လို့၊ ရှင်မတောင်ကို သတိမရတော့၊ ပခန်းနယ်ကိုမေ့သည်။ အဖေနှင့်အမေတို့တော့ မှုန်တရီဝိုးတဝါး၊ သားသမီးက မေ့လေလေ အဖေအမေက သတိရလေဖြစ်သည်။

"လွမ်းရီ ... တို့သားတွေသမီးတွေရှိတဲ့ ရန်ကုန်မြို့ကို သွားလည်ရအောင်ကွာ။ နင်နဲ့ငါ မသေခင် ရွှေတိဂုံဘုရားနဲ့၊ ဆူးလေဘုရား၊ ရန်ကုန်ဘုရားစုံ ဖူးရတာပေါ့။ တို့သားသမီးတွေကိုလည်း ငါကိုယ်တိုင်လုပ်ထားတဲ့ ပုန်းရည်ကြီးနဲ့ ထန်းလျက်ခဲလည်း ကျွေးချင်တယ်ကွာ၊ သားကြီးက ပုန်းရည်ကြီး ကြိုက်တယ်ကွ"

အဘွားလွမ်းရီ အားကျမခံ။

"ကျွန်မသမီးက ရှင်မတောင်သနပ်ခါးကြိုက်တာတော့၊ ကျုပ်မှာ အပင်က ကိုယ်တိုင်ခုတ်ပြီး သိမ်းထားရတဲ့ရက်တွေ မနည်းတော့ဘူး"

သန်သန်မာမာ သားသမီးက မိဘထံပြန်မလာတော့ အိုမင်းမစွမ်းရှိတဲ့ မိဘက လာရသည်။ မန္တလေး–ရန်ကုန်ရထားကြီးပေါ်မှာ အဘိုးထနောင်းနဲ့ အဘွားလွမ်းရီတို့ ပျော်လို့မဆုံး၊ ရန်ကုန်ရောက်ရင် သားသမီးတွေတွေ့ရမည်၊ ဘုရားဖူးရမည်၊ ပုန်းရည်ကြီးနဲ့ ထန်းလျက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်၊ သမီးကို သနပ်ခါးတုံးပေးပြီး၊ သမီးကိုယ်တိုင် မသွေးရဘဲ အဘွားလွှမ်းရီကိုယ်တိုင်သွေးပြီး၊ သမီးကို လိမ်းခိုင်းရမည်။

ရန်ကုန်ဘူတာကြီး ရထားရပ်သည်နှင့် သားကြီးပေဦးအိမ် ကယောဉ်မောင်း လာကြိုသည်။ သားနှင့်သမီးက လာမကြို။ လာမကြို လည်း အဘိုးထနောင်းနဲ့ အဘွားလွှမ်းရီ စိတ်မဆိုးရက်ပါ။ သားသမီး တွေက ပိုက်ဆံချမ်းသာတဲ့သူဌေးတွေ၊ အင်ဂျင်နီယာတွေဆိုတော့ အလုပ် များပေမပေ့ါ။ အဘိုးထနောင်းသားပိုင်တဲ့ ကိုယ်ပိုင်ကားပေါ် ထိုင်မိသည် နှင့် ...

"လွှမ်းရီ ... တို့အညာလှည်းပေါ် ကောက်ရိုးတင်ပြီး ထန်း ချောဖျာခင်းထိုင်ရတာထက် ကောင်းတယ်ကွ"

အဘိုးထနောင်းနဲ့ အဘွားလွှမ်းရီ မမြင်ဖူးသော တိုက်ကြီးတွေ ကိုကြည့်ပြီး အထူးအဆန်းဖြစ်နေသည်။ ရန်ကုန်မြို့ဆိုတာက ကား ကြီး၊ ကားငယ်တွေကလည်း အများကြီး။ သားကြီးပေဦးနေတဲ့ ဗဟန်း ဝန်းကျင်က တိုက်ကြီးရောက်တော့ အဘိုးထနောင်းနဲ့ အဘွားလွှမ်းရီ ပျော်ကြသည်။

မိဘဆိုတာ ကိုယ်ကိုယ်တိုင် တဲနဲ့နေရပါစေ သားသမီးတွေကို တိုက်နဲ့နေတာတွေ့ရတော့ ဝမ်းသာဂုဏ်ယူမဆုံးကြ။ အဖေနဲ့အမေရောက် လာတယ်ဆိုတော့ ပေဦးအိမ်ကို စကားဝါသူ့ခင်ပွန်း၊ သူ့ကားနှင့်ရောက် လာသည်။ ညှော်ခန်းမှာထိုင်ရင်း စကားတွေ ပြောလို့မဆုံးကြ။

"သားကြီး ... မင်းကြိုက်တဲ့ ပုန်းရည်ကြီးနဲ့ ထန်းလျက်ပါ တယ်ကွ။ ဖေကြီးကိုယ်တိုင်လုပ်ပြီး ယူလာရတာ"

ယခင် ပုန်းရည်ကြီးနဲ့ ထန်းလျက်ခဲတွေ့လျှင် အားရပါးရ စားတတ်တဲ့ပေဦးက ယခု ဟက်ဟက်ပက်ပက်သိပ်မရှိလှ။ ပေဦးရဲ့ဇနီး



www.burmeseclassic.com

www.burmeseclassic.com



က စိတ်မဝင်စားတဲ့ပုံစံမျိုးနဲ့ ပုန်းရည်ကြီးထုပ်နဲ့ ထန်းလျက်ဖာကို လှမ်းကြည့်နေသည်။ ဇနီးသည်ရဲ့ စိတ်မဝင်စားတဲ့ပုံစံကိုကြည့်ပြီး ပေဦးထန်းလျက်ဖာနဲ့ ပုန်းရည်ကြီးထုပ်ကို စားပွဲပေါ်တင်ထားလိုက်သည်။

"သမီးစကားဝါ ... သမီးအတွက် မေကြီး သနပ်ခါးတုံးတွေ ယူလာတယ် သမီးရေ"

သမီးက သိပ်စိတ်ဝင်စားမှုမရှိ။ အညာမှာတုန်းက ရှင်မတောင်သနပ်ခါးကို ခြေဆုံးခေါင်းဆုံးလိမ်းတတ်တဲ့ သမီးရဲ့မျက်နှာမှာ အနောက်တိုင်းကလာတဲ့ မိတ်ကပ်တွေအပြည့်။ လူရှင်းတဲ့အချိန်မှာ ...

"လွမ်းရီ .. နင့်သားသမီးတွေကို သတိထားကြည့်မိလား"

အဘွားလွမ်းရီ နားမလည်သော မျက်လုံးများနဲ့ အဘိုးထနောင်းကိုကြည့်နေစဉ် ...

"တို့သားသမီးတွေဟယ် အညာမှာနေတုန်းက အညာနေရဲ့ ပူပြင်းတဲ့ဒဏ်နဲ့ အညာလေပူကြောင့်လားမသိဘူး။ အသားတွေ ညိုနေလိုက်တာ။ အခု ရန်ကုန်ရောက်တော့ အသားလေးတွေ ဖြူဝင်းနေတာ တွေ့လိုက်ရလို့ ငါ့စိတ်ထဲမှာ ရန်ကုန်သည် အရောင်ပြောင်း၏လို့ဆိုတဲ့ စကားလေးကို သွားသတိရမိတယ်ကွာ"

သားကြီးဘယ်အချိန်မှာ ပုန်းရည်ကြီးသုတ်ကို အားရပါးရစားမှာလည်းဆိုတာကို အဘိုးထနောင်း စောင့်ကြည့်ခဲ့တာ သုံးရက်ခန့်ကြာတဲ့အချိန် ...

"ရှယ်လီ .. မောင်ထမင်းစားဖို့ ထမင်းပြင်ကွာ။ ဖေကြီးနဲ့မေကြီးယူလာတဲ့ ပုန်းရည်ကြီးကို သုပ်လိုက်"

"မောင်ကလည်းကွာ ပုန်းရည်ကြီးက အရောင်ကလည်း ညိုပုပ်ပုပ်နဲ့ ရှယ်လီကိုင်ရမှာ ရွံတယ်။ မောင်လည်း မစားနဲ့"

---



www.burmeseclassic.com

www.burmeseclassic.com



ခနီးသည်စကားဆုံးတော့ ပုန်းရည်ကြီးထုပ်ကို ပေဦးအမှိုက်ခြင်းထဲ ပစ်ထည့်လိုက်သည်။ ထိုမြင်ကွင်းကို အကွယ်မှမြင်လိုက်ရတော့ အဘိုးထနောင်းရင်ထဲမှာ ဆို့သွားသလို အဘိုးထနောင်၏ မျက်ရည်တစ်စက် ကြမ်းပြင်ပေါ်သို့ ကျသွားသည်။

စိတ်ထဲမှာလည်း 'သားကြီးရယ် . . . အဲဒီပုန်းရည်ကြီးက ဖေကြီးကိုယ်တိုင် ပင်ပင်ပန်းပန်း ကျိုချက်ခဲ့ရတဲ့ မြန်မာ့မြေက မြန်မာ့အစားအစာ စစ်စစ်ပါကွာ။ သားကြီးပေဦး ဆယ်တန်းဖြေစဉ်က ဖေကြီးခွံ့ကျွေးတဲ့ ပုန်းရည်ကြီးနဲ့ထမင်းကို စားလိုက်ရလျှင် ဆယ်တန်းကို ဂုဏ်ထူးနဲ့အောင်မယ်ဆိုတဲ့သားက အခုတော့ ပုန်းရည်ကြီးကို အမှိုက်ခြင်းထဲ ထည့်တတ်ပြီ။ နို့တစ်လုံးဖိုးတင်မကဘူး၊ နို့နှစ်လုံးဖိုးကျေအောင် ဆပ်မဲ့သားက မိဘကို ရှိသေရမှန်းမသိ၊ မြန်မာ့ယဉ်ကျေးမှုကို နားလည်ရမှန်းမသိ၊ မြန်မာ့အစားအစာကို ခုံမင်ရမှန်းမသိတော့၊ နို့တစ်စက်ဖိုးမှ ကျေပါ့မလား။ သားကြီးပေဦး အိမ်မှာ တစ်ပတ်ခန့်ကြာတော့ ချွေးမနဲ့ သားရဲ့ အကြည့်က ပြောင်းလာပြီး ညှုစူချင်တဲ့သဘော။

ဒီမြင်ကွင်းတွေကို မြင်ရတော့ အဘိုးထနောင်းနဲ့ အဘွားလွှမ်းရီ အညာမှာရှိနေတဲ့ ထန်းလက်တဲကလေးကို သတိရသည်။ ထန်းတဲလေးရဲ့ အေးချမ်းမှုကို နားလည်သည်။ သားအိမ်မှ သမီးအိမ်ရောက်တော့လည်း သမီးက သိပ်အလေးမထား။ သမီးက အလေးမထားတော့ သမက်လည်း ဂရုမပြုချင်။

အဘိုးထနောင်းနဲ့ အဘွားလွှမ်းရီ ဗဟန်းဝန်းကျင်မှာနေရတော့ ရွှေတိဂုံဘုရားကို ခြေလျင်လျှောက်၍ လာဖူးကြသည်။ သားသမီးများက မပို့အားတော့လည်း အဘိုးကြီး၊ အဘွားကြီးနှစ်ယောက်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံရင်ပြင်ပေါ်ရောက်တော့ ဦးထနောင်းရဲ့မွေးနံဖြစ်တဲ့ စနေထောင့်က ဘုရားကိုဖူးသည်။ ဘုရားရှိခိုးပြီးလို့ ခေတ္တနားနေကြတဲ့အချိန် ..

"ကိုထနောင်းရယ် ... ရှင်ပြောတော့ ရန်ကုန်ဆိုတာ အရောင်ပြောင်းတယ်ဆို။ အရေပြားပေါ်မှာရှိတဲ့ အရောင်ပြောင်းလဲသွားတာ အကြောင်းမဟုတ်ပေမယ့် ရင်ထဲမှာရှိတဲ့၊ နှလုံးသားထဲမှာရှိတဲ့ မိဘကို ရိုသေရမယ့်၊ မိဘကိုချစ်ရမယ့်၊ မိဘကိုကျေးဇူးဆပ်ရမယ့် အရောင်တွေ ပြောင်းသွားတာတော့ ကျွန်မ ဝမ်းနည်းလို့မဆုံးဘူးတော်"

အဘွားလွှမ်းရီငိုတော့ အဘိုးထနောင်းခေါင်းငုံ့၍ မျက်ရည်ကျနေသည်။ အဘိုးထနောင်းဘုရားမှ အပြန်လမ်းမှာ အဘွားလွှမ်းရီ၏လက်ကို အားပေးသည့်အနေနှင့် တင်းကျပ်စွာဆုပ်ထားရင်း ...

"လွှမ်းရီရယ် ... နင့်မျက်ရည်နဲ့ ငါ့မျက်ရည် ရန်ကုန်မြေမှာ မကျစေနဲ့။ တို့ပခန်းနယ်မှာ ပြန်ပြီးကျတာမှ သနပ်ခါးပင်တွေ ရေလောင်းပြီးသားဖြစ်ဦးမယ်။ နင်နဲ့ငါတို့ ရွာဦးကျောင်းဆရာတော်ကျောင်းမှာ ဥပုသ်စောင့်သွားတုန်းက ဆရာတော်သင်ပေးတဲ့ အဖေ့လေှနဲ့ အမေ့လှေကဗျာလေး နင်မှတ်မိလား"

အဘွားလွှမ်းရီမှတ်မိကြောင်း ခေါင်းညိတ်ပြသည်။

"မှတ်မိရင် နင်ဆိုပြစမ်း"

အဘွားလွှမ်းရီ ငိုနေရင်းမှ ...

အဖေ့လှေမှာ – အမေ့လှေမှာ
သားသမီးတွေလာ၊ တစ်သက်စီးတော့
လှိုင်းမကြီးလေမထန်၊ ရေဆန်ကို အဖေမမှု
ရေဆန်ကို အမေ မမှု၊ အံတုလို့ပြုံးရွှင်ဆဲ
သားသမီးလှေမှာ အဖေတစ်ရက်စီးတော့



www.burmeseclassic.com

www.burmeseclassic.com



အမေတစ်ရက်စီးတော့ လှိုင်းကကြီးလေကထန်
ရေဆန်မှာအံကိုခဲ အဖေ့မှာ ချွေးတရွှဲရွှဲ
အမေ့မှာ ချွေးတရွှဲရွှဲ

အဘွားလွမ်းရီ အငိုနှင့်ဆိုတဲ့ ကဗျာလေးဆုံးတော့

"လွမ်းရီ ... တို့ အညာကိုပြန်မယ်။ ရန်ကုန်မြေကို ငါတို့မလာတော့ဘူး။ အဖေအမေကို မချစ်တတ်တဲ့ သားသမီးတွေနဲ့ ဒီဘဝတင်မကဘူး။ နောင်ဘဝဆိုတာရှိရင်တောင် မတွေ့ချင်တော့ဘူး"

အဘိုးထနောင်း၏မျက်နှာတွင် ဒေါသရိပ်တွေ လွှမ်းနေသည်။ ပုံစံက သားသမီးတွေကို စိတ်နာနေတဲ့ပုံစံ။ သားသမီးတွေကို နှုတ်ဆက်ပြီး ရန်ကုန်ဘူတာကြီးသို့ ကားငှားပြီး ထွက်လာခဲ့ကြသည်။ လိုက်ပို့ချင်တဲ့ သားသမီးမရှိ။ ရထားကြီး ရန်ကုန်ကထွက်သည်နှင့် အဘိုးထနောင်း အံကြိတ်ထားသည်။ အဘွားလွမ်းရီက ထိုင်ခုံကိုကျောမှီပြီး မျက်နှာကို အညာဖျင်ကြမ်းသဘက်လေးနှင့် အုပ်ပြီး ငိုနေသည်။

သားသမီးရဲ့ စိမ်းကားခြင်း၊ သားသမီးနဲ့ ခွဲခွာခြင်းအတွက် မျက်ရည်မကျတဲ့မိဘရယ်လို့ ယခင်ကလည်းမရှိခဲ့။ ယခုလည်း မရှိ၊ နောင်လည်း ရှိလာမှာမဟုတ်ချေ။ သားဖြစ်သူအဇာတသတ်ရဲ့ ရက်စက်မှုကြောင့် ဖခင်ဖြစ်သူ ဗိမ္ဗိသာရမင်းကြီးနဲ့ မိခင်ဖြစ်သူ ဝေဒေဟီမိဖုရားတို့ လွန်ကဲစွာ မျက်ရည်ကျခံစားရတာမဟုတ်ပါလား။ ရထားပဲခူးဘူတာမှာရပ်ပြီး ရထားစထွက်တဲ့အချိန် ...

"လွမ်းရီ ... လွမ်းရီ ..."

အဘိုးထနောင်းခေါ်သံကြောင့် အဘွားလွမ်းရီမျက်နှာကို အုပ်ထားတဲ့ သဘက်ကိုဖယ်ပြီး အဘိုးထနောင်းကို ကြည့်လိုက်တော့ အဘိုးထနောင်း၏မျက်လုံးအိမ်တွင် မျက်ရည်တွေအပြည့်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"လွမ်းရီရယ် ... ဟောဒီရထားကြီး ဘီးတစ်ပတ်လည်တိုင်း လည်တိုင်း ငါ့သားတွေ၊ သမီးတွေနဲ့ ဝေးရပြီလို့ ခံစားရတယ်"

သားသမီးတွေကို ဘယ်တော့မှ မတွေ့ချင်တော့ဘူးဆိုတဲ့ အဘိုးထနောင်း။ အခုတော့ ခွဲရတာမကြာသေးတဲ့ သားသမီးတွေကို လွမ်းလို့ ငိုနေသည်ကို ကြည့်ရင်း ...

"ကိုထနောင်းရယ် ... ကျွန်မနာမည်ကို ကျွန်မအဖေ အမေတွေက ငါ့သမီးလေး တစ်ချိန်အိမ်ထောင်ကျလို့ မိဘတွေနဲ့ ခွဲရတဲ့ အခါ မိဘကိုလွမ်းရင် မျက်ရည်မကျရပါစေနဲ့တော့ဆိုပြီး လွမ်းရီလို့ အမည်ပေးခဲ့တာ။ တော်နဲ့ကျုပ်ယူတော့ အဖေတို့ အမေတို့နဲ့ခွဲပြီးတော့ တော့်နောက်ကို လိုက်ခဲ့ရတဲ့အခါ မငိုဘဲ ရယ်နိုင်ပေမယ့် အခု ကျုပ်သား သမီးတွေနဲ့ ခွဲရတဲ့အခါ ...

"ကျုပ် ... ကျုပ် ငိုရပြီတော်"

အဘိုးထနောင်းနဲ့ အဘွားလွမ်းရီ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မချိတင်ကဲ ငိုနေကြတဲ့အချိန် ရန်ကုန်မှာ ကျန်ရစ်ခဲ့တဲ့ သားသမီးများကတော့ သူ့လင်သူ့မယားနဲ့ နွေးထွေးစွာ အိပ်မောကျ လျက်။

ရွှေတွင်းငွေတွင်း
ပယင်းမနေပေါ်ကြွယ်ဝလည်း
မိဘတို့ကြွေး မဆပ်သေးက
သူဌေးဟူ၍ မဆိုသင့်။

**မောင်စိန်လှိုင် (ဥယျာ)**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

❑

လယ်ထွန်နေသော ဦးရာကျော်ထံသို့ ဒေါ်မယ်နှင်း ထမင်းလာပို့သည်။ ဝါဆိုလဖြစ်၍ လယ်ကွက်များ ရေပြည့်နေသည်။ ဒေါ်မယ်နှင်း ကန်သင်းရိုးအတိုင်း လျှောက်လာရင်း ခေါင်းပေါ်မှ ထမင်းတောင်းကို ကန်သင်းရိုးပေါ် ခေတ္တချလိုက်သည်။ ပြီးလျှင် ကန်သင်းဘေးလယ်ကွက်အတွင်းရှိ ကန်စွန်းရွက်ကို တို့စရာအဖြစ် စားရန်ခူးသည်။

ဦးရာကျော် အသက်(၆၅)နှစ်ရှိသည်အထိ လယ်ထဲဆင်းရတုန်းဖြစ်သည်။ ဒေါ်မယ်နှင်းနှင့် ဦးရာကျော်အသက် မတိမ်းမယိမ်း။ ဦးရာကျော်၊ ဒေါ်မယ်နှင်းတို့တွင် သမီးနှစ်ယောက်၊ သားတစ်ယောက်ရှိသည်။ အားလုံး ဘွဲ့ရပညာတတ်။ ရန်ကုန်မြို့က ကုမ္ပဏီများတွင် အလုပ်လုပ်ကြသည်။

သို့သော် ယနေ့တိုင် အဖေတို့အမေတို့ကို ငွေပြန်မပေးနိုင်ကြ။ ငွေလိုလျှင် ရှာပြန်ပြီး အဖေနှင့်အမေ့ထံ တောင်းသည်။ တောင်းတိုင်းသည်း မငြိုမငြင်၊ မရှိရှိရာ ရှာကြံပေးသည်။ လယ်ပေါင်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နွားရောင်းပေးသည်။ လယ်ရောင်းပေးသည်။ ဦးရာကျော် ကန်သင်းရိုး ပေါ်ထိုင်ပြီး ထမင်းစားနေစဉ် ဒေါ်မယ်နှင်းက မေးသည်။

"ကိုရာကျော် ... ရှင့်သား၊ သမီးတွေကို ငယ်စဉ်ကနေ အရွယ် ရောက်လာတဲ့အထိ တစ်ခါမှမရိုက်ဘူး။ အဲဒါ ဘာကြောင့်လဲ"

ဦးရာကျော် ပြန်မဖြေ။ ထမင်းငုံ့စားနေသည်။ ပြီးမှ ခေါင်းတွင် ဆောင်းထားသော ခမောက်ကို အနည်းငယ်မော့လိုက်ပြီး ...

"မယ်နှင်းရယ် ... သားသမီးတွေမွေးထားတာ ရိုက်ဖို့မှမဟုတ် ဘဲ။ ချစ်ဖို့မွေးထားတာပဲဟာ"

ဒေါ်မယ်နှင်း ဦးရာကျော်ဖြေပုံကို သိပ်အလိုမကျ။

"ချစ်ဖို့မွေးထားတာတော့ ဟုတ်တာပေါ့ ... ကိုရာကျော်ရယ်၊ ငယ်စဉ်က အသားနာအောင်ရိုက်မှ မမိုက်မှာပေါ့။ တော်ပြောပြောနေကျ စကားရှိတယ်မဟုတ်လား။ မီးနာမှ သံကောင်းမယ်ဆိုတာလေ"

ဦးရာကျော် ထမင်းဇလုံထဲ ငါးပိရည်ဆမ်းရင်း ပြောသည်။

"သားသမီးကိုရိုက်တဲ့အခါ ဥပမာ သားကိုဖြစ်စေ၊ သမီးကို ဖြစ်စေ တင်ပါးကိုရိုက်တယ်ဆိုရင် အဲဒီတင်ပါးပေါ်မှာ ထင်နေတဲ့ အရိုး ရာကို သက်သာအောင် နှူင်းလိမ်းလို့ရပေမယ့်၊ ဆေးပူလိမ်းလို့ရပေ မယ့် အဖေ့ရင်ထဲမှာ သားသမီးကိုရိုက်ခဲ့ရလို့ စိတ်မကောင်းဖြစ်ပြီး နာ ကျင်တဲ့ဝေဒနာကို ဘယ်ဆေးမှ လိမ်းလို့မရဘူး ... မယ်နှင်း"

ဒေါ်မယ်နှင်း ဆက်မပြောတော့။ ထမင်းတောင်းလေး ခေါင်း ပေါ်တင်၍ ရွာလမ်းသို့ ပြန်လျှောက်ခဲ့သည်။ ဦးရာကျော်တို့ ကော်ချုံရွာ သည် ပဲခူးတိုင်း၊ ပဲခူးမြို့နယ်အတွင်းမှာ ရှိသည်။ အိမ်ခြေပေါင်း(၁၅၀) ကျော် ခန့်ရှိသည်။ မိုးရာသီတွင် စပါးစိုက်၍ ဆောင်းနှင့်နွေတွင် ဖရဲပဲ နှင့် နွေစပါးစိုက်ကြသည်။

---



www.burmeseclassic.com

www.burmeseclassic.com



ရွာဦးတွင် ဘုန်းကြီးကျောင်းရှိပြီး၊ ကျောင်းဝင်းအကျယ်ကြီးထဲတွင် ရှေးဟောင်း ဘုရားပုထိုးစေတီနှစ်ဆူရှိသည်။ သမိုင်းအထောက်အထားများအရ ဘုရင့်နောင်မင်းတရားကြီး တည်ထားကိုးကွယ်ခဲ့သည်ဟု သိရသည်။

ဘုရားနှစ်ဆူ၏ရှေ့တွင် တစ်ကန်လျှင် တစ်ကေအကျယ်ရှိ ရေကန်နှစ်ကန်ရှိပြီး ရွာမြောက်ဘက်ထိပ်တွင်လည်း တစ်ကေရှိ ရေကန်ကြီးတစ်ကန်ရှိသည်။ ရွာရှိ မိဘတော်တော်များများက သားသမီးများကို ပညာတတ်စေချင်သည်။ ရွာကျောင်းမှ မူလတန်းအောင်ပြီးသည်နှင့် မိမိတို့နှင့် ဆက်နွယ်ရာ မြို့ကျောင်းတွင် ကျောင်းထားပေးကြသည်။ သမီးနှစ်ယောက်က မြန်မာစာပထမနှစ်၊ သားက သချာ်တတိယနှစ်၊ သားသမီးများကိုကြည့်ပြီး ဦးရာကျော်နှင့် ဒေါ်မယ်နှင်းတို့ ပျော်သည်။ မိဘတို့က ရွာတွင် ငါးပိရည်နှင့် ထမင်းစားပြီး သားသမီးတို့ကို မြို့မှာ ပညာသင်စေသည်။

တစ်နေ့ ကျောင်းပိတ်သည့်ရက်တွင် သမီးနှစ်ယောက်နှင့်သားတို့ ရွာသို့ပြန်လေသည်။

"သမီးတို့သားတို့ ရွာပြန်လာတာနဲ့အတော်ပဲ။ အဖေတို့မှာ ကောက်စိုက်သမငှားခ သက်သာအောင်လို့ ကောက်ဆင်းပြီး စိုက်ကြပါလား၊ သားကတော့ ပျိုးနှုတ်ပြီး ထမ်းပေးပေါ့ကွာ"

ဦးရာကျော်စကားကြားသည်နှင့် သားသမီးများ မျက်နှာပျက်ကြသည်။

"သမီး မျှော့ကြောက်တယ်အဖေ"

သမီးလတ်စကား ...

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တဲ့အသားတွေဟာ ငါ့သားကို ရှင်ပြုပေးလိုက်ရလို့ ဖြူစင်လှတာကြောင့် တစ်ချိန်မှာ ပြန်ဖြူလာမှာပါ သားရယ်''

အဖေက ဘယ်လိုဘယ်လိုပြောပြော၊ အမေက ဘယ်လိုပြော ပြော သားသမီးတွေ လယ်ထဲမဆင်းချင်။ ကြာတော့ မိဘများ အလျှော့ ပေးလိုက်ရသည်။ သားသမီးများဘွဲ့ယူပြီး ဘွဲ့ရပညာတတ်တွေသာ ဖြစ် ကြပြီ။ ဦးရာကျော်နှင့် ဒေါ်မယ်နှင်းတို့ ရန်ကုန်မြို့ကို မရောက်ဖူး။ အဖေနှင့်အမေကိုခေါ်ရမှန်း သားသမီးများ မသိကြ။

တစ်နေ့ညတစ်ညတွင် သားသမီးများစုပြီး စကားပြောနေကြ သည်။ ရန်ကုန်မြို့က ဗိုလ်ချုပ်ဈေးအကြောင်း၊ မင်္ဂလာဈေးအကြောင်း နောက်ဆုံး အဆင့်မြင့်ရုပ်ရှင်ရုံများအကြောင်း ပြီးတော့ ဂျက်ဆင်ဟော အကြောင်း၊ သစ်ပုတ်ပင်ကြီးအကြောင်း၊ အဓိပတိလမ်းအကြောင်း၊ သား သမီးများ စကားပြောနေသည်ကို ဦးရာကျော် ပုတီးစိပ်ရင်း နားထောင် နေသည်။ နောက်ဆုံး သူသိချင်သောအကြောင်းတစ်ခုကို ဝင်မေးသည်။

''သားတို့သမီးတို့ ခုနကပြောတဲ့အထဲမှာပါတဲ့ အဓိပတိလမ်း ဆိုတာ အဖေတို့ရွာကလမ်းလို နွားလှည်းမောင်းလို့ရလား''

သားသမီးအားလုံး ဝိုင်းရယ်ကြသည်။ ဘာကြောင့်ရယ်သည် ကို ဦးရာကျော်မသိ။ အနည်းငယ်ကြာတော့ ဦးရာကျော် ပြုံးသည်။ သားသမီးတွေရယ်လျှင် မိဘဆိုတာ စိတ်ချမ်းသာရတာပဲ မဟုတ်လား။

သားအကြီးကောင်က ဉာဏ်ကောင်းသည်။ သမီးလတ်က ပညာရေး အနည်းငယ်ညံ့သည်။ သမီးငယ်က ပညာဘက်မှာ ထူးချွန် သည်။ ဒါကြောင့် သမီးလတ်နှင့်ဆယ်တန်းကို တစ်နှစ်တည်း အောင်ကြ သည်။ သမီးများ ဆယ်တန်းအောင်စာရင်း ထွက်သည့်နေ့က ပဲခူးတွင် အောင်စာရင်းကြည့်ပြီးလာသည့် သမီးများ စာမေးပွဲအောင်သည်ကို



www.burmeseclassic.com

www.burmeseclassic.com



တဲ့အသားတွေဟာ ငါ့သားကို ရှင်ပြုပေးလိုက်ရလို့ ဖြူစင်လှတာကြောင့် တစ်ချိန်မှာ ပြန်ဖြူလာမှာပါ သားရယ်''

အဖေက ဘယ်လိုဘယ်လိုပြောပြော၊ အမေက ဘယ်လိုပြော ပြော သားသမီးတွေ လယ်ထဲမဆင်းချင်။ ကြာတော့ မိဘများ အလျှော့ ပေးလိုက်ရသည်။ သားသမီးများဘွဲ့ယူပြီး ဘွဲ့ရပညာတတ်တွေသာ ဖြစ်ကြပြီ။ ဦးရာကျော်နှင့် ဒေါ်မယ်နှင်းတို့ ရန်ကုန်မြို့ကို မရောက်ဖူး။ အဖေနှင့်အမေကိုခေါ်ရမှန်း သားသမီးများ မသိကြ။

တစ်နေ့ညတစ်ညတွင် သားသမီးများစုပြီး စကားပြောနေကြ သည်။ ရန်ကုန်မြို့က ဗိုလ်ချုပ်ဈေးအကြောင်း၊ မင်္ဂလာဈေးအကြောင်း နောက်ဆုံး အဆင့်မြင့်ရုပ်ရှင်ရုံများအကြောင်း ပြီးတော့ ဂျက်ဆင်ဟော အကြောင်း၊ သစ်ပုတ်ပင်ကြီးအကြောင်း၊ အဓိပတိလမ်းအကြောင်း၊ သား သမီးများ စကားပြောနေသည်ကို ဦးရာကျော် ပုတီးစိပ်ရင်း နားထောင် နေသည်။ နောက်ဆုံး သူသိချင်သောအကြောင်းတစ်ခုကို ဝင်မေးသည်။

''သားတို့သမီးတို့ ခုနကပြောတဲ့အထဲမှာပါတဲ့ အဓိပတိလမ်း ဆိုတာ အဖေတို့ရွာကလမ်းလို နွားလှည်းမောင်းလို့ရလား''

သားသမီးအားလုံး ဝိုင်းရယ်ကြသည်။ ဘာကြောင့်ရယ်သည် ကို ဦးရာကျော်မသိ။ အနည်းငယ်ကြာတော့ ဦးရာကျော် ပြုံးသည်။ သားသမီးတွေရယ်လျှင် မိဘဆိုတာ စိတ်ချမ်းသာရတာပဲ မဟုတ်လား။

သားအကြီးကောင်က ဉာဏ်ကောင်းသည်။ သမီးလတ်က ပညာရေး အနည်းငယ်ညံ့သည်။ သမီးငယ်က ပညာဘက်မှာ ထူးချွန် သည်။ ဒါကြောင့် သမီးလတ်နှင့်ဆယ်တန်းကို တစ်နှစ်တည်း အောင်ကြ သည်။ သမီးများ ဆယ်တန်းအောင်စာရင်း ထွက်သည့်နေ့က ပဲခူးတွင် အောင်စာရင်းကြည့်ပြီးလာသည့် သမီးများ စာမေးပွဲအောင်သည်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြားသည်နှင့် ဦးရာကျော် လယ်ထွန်နေရင်း ဝမ်းသာလုံးဆို့ပြီး ထခုန်ထိုက်မိသည်။ ဒေါ်မယ်နှင်းမှာ ဝမ်းသာလွန်း၍ စကားမပြောနိုင်။

နောက်ဆုံး ကန်သင်းရိုးပေါ်တွင် ထိုင်ချလိုက်ကာ ခေါင်းတွင်ဆောင်းထားသော ပုဆိုးစုတ်ကို မျက်နှာအုပ်ပြီး ငိုတော့သည်။ ဘေးမှကြည့်နေသော ဦးရာကျော်က စိုးရိမ်တကြီးမေးသည်။

"မယ်နှင်း ... ဘာကြောင့်ငိုတာလဲဟင်၊ ဘာကြောင့်ငိုတာလဲ"

သည်တော့မှ ဒေါ်မယ်နှင်း ပြန်ပြောသည်။

"ဝမ်းသာလွန်းလို့ပါ ... ကိုရာကျော်ရယ်၊ ဝမ်းသာလွန်းလို့ပါ"

ဦးရာကျော်ထွန်မှ နွားများကို ဖြုတ်၍ လွှတ်ပေးလိုက်သည်။ ဦးရာကျော်၏လှုပ်ရှားမှုများ သွက်လက်လာသည်။

"မယ်နှင်း ... သမီးတွေ စာမေးပွဲအောင်တဲ့အကြောင်း နင်ရွာထဲသွားပြီး ရွာထဲကလူတွေသိအောင် လိုက်ပြောစမ်း။ ငါရွာဦးကျောင်းဘုန်းကြီးသိအောင် သွားလျှောက်ဦးမယ်"

ပီတိအပြုံးများနှင့် ပြုံးနေသော ဦးရာကျော် ရွာဦးကျောင်းမှထွက်ပြီး ရွာသို့လျှောက်လာစဉ် ဆရာတော်ဩဝါဒများ ပြန်လည်ကြားနေမိသည်။

**"မိဘတို့မည်သည် သားသမီးကို အမွေပေးတဲ့အခါ ဥစ္စာပစ္စည်းအမွေထက် ပညာအမွေက တန်ဖိုးရှိကြောင်း"**

သည်လိုနှင့် ဘွဲ့ရပညာတတ်များ ဖြစ်လာကြသည်။ ကုမ္ပဏီတွင်လုပ်သောသား ရွာပြန်လာသည်။ အိမ်ထောင်ပြုမည့်အကြောင်း၊ သူနှင့်လက်ထပ်မည့် မိန်းကလေး၏ မိဘအသိုင်းအဝိုင်းချမ်းသာသည့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း၊ မင်္ဂလာပွဲကို တင့်တောင့်တင့်တယ် လုပ်ရမည့်အကြောင်း၊ နောက်ဆုံးတော့ ဦးရာကျော်ထံ ငွေတောင်းသည်။ ဦးရာကျော် ဘာမှ မပြော။ အိမ်ပေါ်မှဆင်းသွားသည်။ ခမောက်လေးဆောင်းပြီး ဆင်းသွားသည်။ ညမိုးချုပ်မှ ပြန်လာသည်။ သားဖြစ်သူလက်ထဲသို့ ငွေသုံးသိန်း ထည့်ပေးလိုက်သည်။

အဖေ ဒီငွေ ဘယ်ကရလာတာလဲလို့ မေးရကောင်းမှန်းမသိ၊ သားဖြစ်သူ ငွေလက်ထဲရောက်သည်နှင့် ပျော်နေသည်။ ဒေါ်မယ်နှင်း ဦးရာကျော်အခြေအနေကို ကြည့်နေသည်။ ဦးရာကျော် မျက်နှာမကောင်း။ နောက်နေ့ သား ရန်ကုန်ပြန်သွားသည်နှင့် ဦးရာကျော် အိမ်ဦးခန်းတွင်နေစဉ် ဒေါ်မယ်နှင်းမေးသည်။

"ကိုရာကျော် ... ရှင်ငွေတွေ ဘယ်ကချေးလာတာလဲ"

ဦးရာကျော် တော်တော်နှင့် မပြော။ အိမ်ရှေ့လမ်းမပေါ်သို့ အစိမ့်ပွာယ်မဲ့ ကြည့်နေသည်။ မျက်လုံးတွင် မျက်ရည်များ ဝိုင်းနေသည်။ အနည်းငယ်ကြာမှ ...

"ငါအိမ်က နိုင်းနွားတစ်ရှဉ်းကို ရောင်းလိုက်ပြီ မယ်နှင်း"

ဒေါ်မယ်နှင်း အံ့သြသွားသည်။ ဦးရာကျော်တို့တွင် လယ်လုပ်ငန်းလုပ်ရန် နိုင်းနွားတစ်ရှဉ်းသာရှိသည်။ ရှိတဲ့နွားရောင်းလိုက်တော့ လယ်လုပ်ငန်း ဘာနှင့်လုပ်မည်နည်း။

"စိတ်မကောင်းမဖြစ်ပါနဲ့ ... မယ်နှင်းရယ်။ ငါတို့ရဲ့ ဒုက္ခတွေဟာ သားသမီးတွေစိတ်ချမ်းသာရင် ကျေနပ်ပါပြီ"

ငွေသာလာတောင်းသည်။ သားမင်္ဂလာဆောင်ကို မိဘတွေကို မလာစေချင်။ ရိုးသားသော လယ်သမားများ၏ပုံရိပ်သည် လော... ထာဝရအလှဆိုတာ သားသမီးများ နားမလည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သားအိမ်ထောင်ကျပြီးသည်နှင့် သမီးနှစ်ယောက် ရှေ့ဆင့်နောက်ဆင့် အိမ်ထောင်ကျသည်။ သမီးများမင်္ဂလာပွဲသို့ ဦးရာကျော်နှင့် ဒေါ်မယ်နှင်းတို့ မရောက်။ သမီးများကလည်း မခေါ်။ သမီးလတ် အိမ်ထောင်ကျပြီး တစ်နှစ်ခန့်အကြာ ရွာသို့ပြန်လာသည်။ တစ်နှစ်နီးပါး မမြင်တွေ့ရသော သမီးကို မြင်လိုက်ရတော့ ဦးရာကျော်နှင့်ဒေါ်မယ်နှင်း ဝမ်းသာသည်။ ဝမ်းသာအားရ ဆီးကြိုသည်။

"သမီးယောကျ်ားရော မပါဘူးလား၊ ခေါ်ခဲ့ရောပေါ့ ... သမီးရယ်။ အမေတို့ မရှိရှိတာတော့ ကျွေးနိုင်ပါတယ်"

သမီးလတ်က ဝမ်းနည်းသောမျက်နှာဖြင့် ....

"ခေါ်တော့ခေါ်ပါတယ် ... အမေရယ်၊ သူက ရွှံ့ဗွက်ထဲမှာ လမ်းမလျှောက်ချင်ဘူးတဲ့"

ဒေါ်မယ်နှင်း သမီးအခြေအနေကိုကြည့်ပြီး ပြောသည်။

"သမီးရွာပြန်လာတာ အဖေတို့၊ အမေတို့ကို သတိရလို့လား လာတာလား၊ ဘာအကြောင်းရှိသေးလဲ"

"သမီး အိမ်ဆိုင်ဖွင့်ချင်လို့ ငွေလာရှာတာ ... အမေ"

သန်သန်မာမာငယ်ရွယ်သူများက ရွာပြန်ပြီး အဘိုးကြီး အဘွားကြီးထံ ငွေလာတောင်းသည်။ ဦးရာကျော်၊ ဒေါ်မယ်နှင်းတို့တွင် ပေးစရာမရှိ။ သားသမီးများပညာသင်စဉ်က ငွေမရှိ၍ လယ်ရောင်းသည်။ သားဘွဲ့ရပြီး မင်္ဂလာဆောင်တော့ နွားရောင်းပေးရသည်။ အလုပ်အကိုင်မရှိ၍ လယ်မှထွက်သော ကန်စွန်းရွက်၊ ကညွန့်ရွက်၊ ချဉ်ပေါင်ရွက်တို့ကိုခူးပြီး၊ ဘူတာဈေးတွင်ရောင်းပြီး ဝမ်းစာရှာရသည်။ အခုတော့ သမီးလတ်က ငွေလာရှာပြန်သည်။ မရှိတာကို မရှိတဲ့အကြောင်း သမီးကို



www.burmeseclassic.com

www.burmeseclassic.com



ပြောမထွက်။ သမီးစိတ်မကောင်းဖြစ်သွားမှာ၊ သမီးမျက်နှာငယ်သွားမှာကို စိုးရိမ်သည်။ နောက်ဆုံးတော့ ဆုံးဖြတ်ချက်ချလိုက်သည်။

"အဖေတို့၊ အမေတို့ သေဖို့အချိန်တန်တဲ့အခါ သဂြိုဟ်စရိတ်ထားတဲ့ ပုလဲနားကပ်လေးတစ်ရံ အမေ့ခေါင်းအုံးထဲမှာ ထည့်ပြီးချုပ်ထားတာရှိတယ်။ သမီး အဲဒါလေးပဲ ယူသွားတော့"

ဒေါ်မယ်နှင်း ပြောပြောဆိုဆို ခေါင်းအုံးဟောင်းလေးကို ဖောက်လိုက်သည်။ ခေါင်းအုံးထဲမှထွက်လာသော အဝတ်ထုပ်ကလေးကို ဖြေလိုက်တော့ ငါးမူးသားခန့်ရှိ ပုလဲနားကပ်တစ်ရံ သမီးလတ်ရဲ့လက်ထဲ ထည့်ပေးလိုက်သည်။

မြင်ကွင်းအားလုံးကို ဦးရာကျော် ထိုင်ကြည့်နေသည်။ စကားတစ်လုံးမှ ဝင်မပြော။ အနည်းငယ်ကြာမှ စိတ်ထဲက ဆုတောင်းလိုက်သည်။

"မိဘတွေအားလုံး ငါတို့လို မခံစားရပါစေနဲ့။ မိဘကျေးဇူးသိတတ်သော မိဘကျေးဇူးကို ဆပ်တတ်သော သားသမီးများ မွေးဖွားနိုင်ကြပါစေ"

မောင်စိန်လှိုင် (ဥဿာ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

❑

စေတီနှင့် တန်ဆောင်း
ဆည်ချောင်းနှင့် စပါးနံ့
ရွှေပေါက်ကံပြည်တစ်ကြောမှာ
ပေါချင်တိုင်းပေါတဲ့ပြင်
'ဝ'ပြောတဲ့ သာသနာ
ခေါင်းလောင်းသံ ညံမစဲရယ်နဲ့
ပုဂံပွဲသာလွန်းလို့
လာသူလာ၊ သွားသူသွား။

(ဆရာဇော်ဂျီ)

အလျှုမဏ္ဍပ်မှ ပြောသံသည် ကော်ချဲရွာတစ်ရွာလုံး ပျံ့လွင့်နေသည်။ ရွာမှာရှိသမျှ ကွမ်းတောင်ကိုင်၊ပန်းတောင်ကိုင် ပျိုဖြူတို့သည် မြန်မာသနပ်ခါး ပါးကွက်ကြားနှင့် မြန်မာ့အလှကို ဖော်ကျူးနေကြသည်။

သည်နှစ် ရွာမှာ စပါးအထွက်ကောင်းသလောက် စပါးဈေးကောင်းသည်။ ပဲဈေးကောင်းသည်။ ဖရဲဈေးကောင်းသည်။ ချော့



www.burmeseclassic.com

www.burmeseclassic.com



လှူနိုင်ကြသည်။ တောသူတောသားဆိုသည်ကလည်း ရွာမှာ အလှူရှိလျှင် တစ်ရွာလုံး မီးခိုးတိတ် အလှူမှာပဲ စားကြသည်။ အိမ်မှာမွေးထားသည့်ခွေးတောင် အလှူမှာပဲ ခေါ်ကျွေးသည်။ နွားတောင် မြက်စား၍ ထမင်းစားလျှင် အလှူမှာပဲ ခေါ်ကျွေးဦးမည်။ ဤသို့ကျွေး၍ အလှူရှင်များ ငြိုငြင်လိမ့်မည်မထင်နှင့်။ ပိုလို့ပင် ပျော်နေသေးသည်။

အလှူဒါယကာက ဦးစံပ၊ အလှူဒါယိကာမက ဒေါ်ငြိမ်းမြ၊ သားဖြစ်သူ မောင်စံလုံးတို့၏ ရှင်ပြုပွဲတွင် ဦးစံပက သပိတ်ပိုက်ပြီး၊ ဒေါ်ငြိမ်းမြက သင်္ကန်းဖန်းကိုရွက်သည်။ ပျော်လို့မဆုံး။ ရှင်လောင်းလှည့်လှူတန်းကြီးသည် ကော်ချဲရွာထိပ်မှ ရွာမြောက်ပိုင်းအထိရှိသည်။ ကော်ချဲရွာ၏ ရွာလမ်းလေးလမ်းစလုံးကို ရှင်လောင်းလှည့်လည်သည်။

သားဖြစ်သူ မောင်ရှင်လောင်းစံလုံးက ဆင်ပေါ်မှာ။ တူသား မောင်ရှင်လောင်းများက မြင်းပေါ်မှာ ဖြစ်သည်။ ဦးစံပနှင့် ဒေါ်ငြိမ်းမြတို့ အသက်လေးဆယ်အတွင်းရောက်မှ အိမ်ထောင်ကျ၍ တစ်ဦးတည်းသောသားမောင်စံလုံးကို မွေးဖွားသည်။ မောင်စံလုံး ၁၂ နှစ်သားရောက်တော့ စီးပွားရေးအဆင်ပြေ၍ ရှင်ပြုပေးကြသည်။ ခြိမ့်ခြိမ့်သဲ အလှူပွဲကြီးပြီးသွားပြီး နောက်ရက်တွင် ဦးစံပက ရေနွေးကြမ်းသောက်ရင်း ဒေါ်ငြိမ်းမြကို မေးသည်။

"ငြိမ်းမြ ... နင့်သားကို ရှင်ပြုတုန်းက သားကိုတော့ ဆင်နဲ့ရှင်လောင်းလှည့်ပြီး အခြားတူသားတွေကို ဘာဖြစ်လို့ မြင်းနဲ့ရှင်လောင်းလှည့်တာလဲ"

သတင်းစာစက္ကူနှင့်လိပ်ထားသော ဆေးပေါ့လိပ်ကြီးကို ဖွာနေရင်းမှ နားပြီး .....

---



www.burmeseclassic.com

www.burmeseclassic.com



"ကိုစံပရယ် . . . မိဘတိုင်း မိဘတိုင်း သားသမီးကို ဆင်စီးပြီး မြင်းရံတာ မြင်ချင်ကြတယ် မဟုတ်လား။ ကျုပ်လည်း ကျုပ်သားကို ဆင်စီးပြီး မြင်းရံတာ မြင်ချင်လို့ပေါ့တော့"

ဒေါ်ငြိမ်းမြအဖြေကို ဦးစံပ သဘောကျပြီး ပီတိပြုံးပြုံး၍မဆုံး။ ဒီလိုနှင့် နှစ်တွေကြာခဲ့ပြီ။ သားဖြစ်သူ စံလုံး ဆယ်တန်းအောင်သည်။ သားဖြစ်သူ ဆယ်တန်းအောင်သည့်နေ့တွင် ဦးစံပ လူကြီးရောဂါနှင့် ဆုံးသည့်နေ့ဖြစ်သည်။ ဒေါ်ငြိမ်းမြတစ်ယောက် ပဏ္ဍာမြေလူး၊ ရှူးမတတ် ခံစားရသည်။ သားစံလုံးလည်း မိမိစာမေးပွဲအောင်သည်ကို မပျော်နိုင်။ အဖေ့အလောင်းကိုဖက်ပြီး အားပါးတရ ငိုသည်။ ဒေါ်ငြိမ်းမြ ဦးစံပ အလောင်းကို ဖက်၍ငိုနေရင်းမှ . . . .

"ကိုစံရယ် . . . ရှင် ကျွန်မတို့သားအမိကို သေခြင်းတရားနှင့် ခွဲခွာသွားပေမယ့် ရှင်မရှိတဲ့နောက် သားစံလုံးကို ပညာတတ်တစ်ယောက် ဖြစ်အောင်၊ သားလေးမဆင်းရဲအောင် လယ်ယာအလုပ်ကို လုပ်ရင်း တက္ကသိုလ်ဆိုတဲ့ ကျုပ် ကြားသာကြားဖူးပြီး မရောက်ဖူး မမြင်ဖူးတဲ့ ကျောင်းကြီးမှာ ထားပေးပါ့မယ်လို့ ကတိပေးပါတယ်တော်"

နာရေးလာကြသော ရွာမှလူများ ဒေါ်ငြိမ်းမြအဖြစ်ကိုကြည့်ပြီး မျက်ရည်မကျဘဲ မနေနိုင်။ အမေငိုပြီး ပြောနေသောစကားများကို နားထောင်ရင်း သားစံလုံး အဖေအလောင်းကို လက်အုပ်ချီကန်တော့ ပြီး ငိုနေသည့်ကြားမှ . . .

"အဖေရယ် . . . သား ပညာတတ်တစ်ယောက်ဖြစ်အောင် ကြိုးစားပါ့မယ်။ အမေစိတ်ချမ်းသာအောင်၊ အမေ မဆင်းရဲအောင် ထားမယ်အဖေ။ အဖေပြောခဲ့တဲ့ ရပ်ကျိုး၊ ရွာကျိုးကို ဆောင်ရွက်တတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှာသားတစ်ယောက်ဖြစ်အောင် ကြိုးစားပါ့မယ်။ အဲဒီသာသနာအကျိုးကို ဆောင်ရွက်တတ်တဲ့ သားနှုတ်ဖျားက အဖေရေ ... အမျှ ... အမျှ အမျှလို့ အမျှဝေလျှင် အဖေရောက်ရာဘဝကနေပြီး သာဓုအကြိမ်ကြိမ် ခေါ်နိုင်ပါစေ ... အဖေရယ်''

စံလုံး အဖေအလောင်းကို ကန်တော့ရင်းမှ အမေကိုဖက်ပြီး ငိုတော့သည်။

ဒီလိုနဲ့ နာရေးကိစ္စပြီးတော့ သားအမိနှစ်ယောက်၏ ဘဝ အနည်းငယ် တည်ငြိမ်လာသည်။ ယခင်က သားအမိ သားအဖသုံး ယောက်နေခဲ့သောအိမ်တွင် ယခုသားအမိနှစ်ယောက်တည်း။ အဖေရှိ စဉ်က ဘုရားရှိခိုးခဲ့သောနေရာ၊ ပုတီးစိပ်သောနေရာ၊ ရေနွေးကြမ်း ထိုင်သောက်ခဲ့သော နေရာများကို ကြည့်ရင်း မောင်စံလုံးနှင့် ဒေါ်ငြိမ်း မြတို့ ဝမ်းနည်းမဆုံး။ ဝမ်းနည်းစရာကြားက ဝမ်းသာစရာသတင်းစကား ကြားရသည်။ စံလုံး ဆယ်တန်းအောင်တာ အမှတ်ကောင်း၍ ဆေး တက္ကသိုလ် တက်ခွင့်ရသည်။ သတင်းကြားလျှင်ကြားချင်း ဒေါ်ငြိမ်းမြ ဝမ်းသာလွန်း၍ အိမ်ဦးခန်းတွင် ချိတ်ထားသော ဦးစံပ၏ဓာတ်ပုံကို ကိုင်ကြည့်ရင်း ...

"ကိုစံပရယ် ... ရှင့်သား ဆရာဝန်လောင်းကြီးကို မြင်လှည့် ပါဦး"

ဟုပြောပြီး ငိုတော့သည်။

သားစံလုံး ရန်ကုန်မြို့ကိုသွားပြီး ဆေးတက္ကသိုလ်တက်ရမည်။ ရွာထဲရှိ လူကြီးသူမများထံ လက်အုပ်ချီကန်တော့သည်။ ရွာထိပ်ရောက် တော့ ကော်ချုံရွာဦးဆုတောင်းပြည့်စေတီကို သားအမိနှစ်ယောက် ကန် တော့ရင်း မောင်စံလုံး ဆုတောင်းသည်။

---



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားတပည့်တော် ... ရွာကျေးဇူးနှင့် အမေ့ကျေးဇူးကို ဆပ်တတ်သော ဆရာဝန်တစ်ယောက် ဖြစ်ရပါလို၏ဘုရား"

ဘုရားတွင် ဆုတောင်းရှိခိုးပြီး ရွာဦးကျောင်းဆရာတော် ဦးဝိဇ္ဇာတကို ရှိခိုးကြသည်။

ဆရာတော်က ...

"မောင်စံလုံး ... လောကမှာ အစားထိုးလို့မရတာ မရှိလို့ အစားပြန်မရတာ ဘာလဲသိလား"

မောင်စံလုံးက မဖြေ။ ဆရာတော်က ဆက်ပြောသည်။

"အဖေနှင့် အမေပဲ"

စံလုံး ကော်ချဲဘူတာမှ ရန်ကုန်သို့ ရထားဖြင့် သွားရမည်။ ရထားမထွက်မီ လိုက်ပို့သောအမေ့ကို သားစံလုံး ထိုင်ကန်တော့သည်။

ကျွန်တော် ဆရာဝန်ဖြစ်လို့ ပထမဦးဆုံး ဆေးထိုးဆေးကုသပေးရမယ့်သူဟာ အမေဖြစ်ရပါ့စေမယ်"

အမေ မျက်ရည်တွေကျရင်းမှ ...

"အမေ နေကောင်းနေရင်ကော"

သားစံလုံး စကားပြန်ပြောသည်။

"အားဆေးထိုးပေါ့ ... အမေရယ်"

ကော်ချဲဘူတာမှ သားဖြစ်သူစီးသည့် ရထားထွက်တော့ ဒေါ်ငြိမ်းမြတစ်ယောက် သတိလက်လွတ်ပြီး ရထားသွားသည့်လမ်းအတိုင်း ပြေးလိုက်သွားသည်။ အနီးရှိ ကျောင်းကပ္ပိယကြီးဦးသာဝင်း လှမ်းဆွဲလိုက်မှ သတိပြန်ဝင်လာသည်။ 'ဩော်' အမေဟူသော စုန်ရေသည် အားလှပါ၏။

---



www.burmeseclassic.com

www.burmeseclassic.com



စံလုံး ဆေးကျောင်းတက်နေစဉ် ရွာသို့ပြန်မလာ။ အမေက လည်း သူ့မှာရှိသမျှငွေကို ပို့ပေးသည်။ အသက်အရွယ်ကြီးလာတော့ အလုပ်မလုပ်နိုင်။ နွားရောင်း၊ လှည်းရောင်း၊ လယ်ရောင်း၊ နောက်ဆုံး ဦးစံပဆောက်ထားခဲ့သော အိမ်ကြီးကိုပင် ရောင်းပြီး ခြံလွတ်တစ်နေ ရာတွင် တဲထိုးပြီးနေသည်။ အမေငြိမ်းမြတို့အိမ်သည် ရွာတောင်ပိုင်း ရေကန်ဘေးတွင်ရှိသည်။

အမေငြိမ်းမြ သားကိုလွမ်းပြီး သားလာရာရွာနှင့် ဘူတာသွား သောလမ်းကို ရန်ကုန်ဘက်မှ ရထားလာတိုင်း သွားသွားပြီး ထိုင်ကြည့် နေသည်။ ကိုးလလွယ်၍ ဆယ်လတွင် ဖွားခဲ့သောသား။ ညအခါ လသာ သာတွင် ထမင်းဆီဆမ်း ရွှေလင်ဗန်းနှင့် တောင်းကျွေးခဲ့ရသော သား။ အမေ့နို့ကိုစို့ရင်း အမေ့နို့မထွက်ဖြစ်၍ နို့သက်၍ဖြစ်စေ၊ အမေ့ပါးကို လှမ်းရိုက်တတ်သောသား၊ အမေက သားလက်ကလေးကို မနာအောင် ချုပ်ထားပြီး ....

"အမေ့ကို မရိုက်ပါနဲ့သားရယ်"

ဟုဆိုပြီး ပြောတဲ့အခါ လွတ်နေတဲ့ခြေထောက်နဲ့ မြှောက်ရမ်း ဆော့ကစားတတ်သောသား။ အမေ့အပေါ်မှာထိုင်ပြီး အပေါ့အလေးသွား သည်ကို နိုင်ရမှန်းမသိ။ ရွံ့ရမှန်းမသိဘဲ ရင်နင့်အောင် အမေချစ်ရသော သားသည် အမေ့ဆီကို ပြန်မလာတာ ဆယ်မိုးဆယ်နွေကျော်ခဲ့ပြီ။ ဆရာဝန်ဖြစ်သွားပြီး ငွေကြေးချမ်းသာသူ၏သမီးနှင့် အိမ်ထောင်ကျ သည်ဟူသောသတင်းများ ကြားရသည်။ အမေ စိတ်ချမ်းသာပါသည်။

အမေ့စိတ်ထဲမှာ အမေချမ်းသာဖို့ထက် သားချမ်းသာဖို့သာ အရေးကြီးသည်။ ရန်ကုန်မှပြန်လာသော ဖိုးကျော်သန်းက ဒေါက်တာ စံလုံးကို တွေ့ခဲ့ကြောင်း၊ ပိုက်ဆံတွေ အများကြီးပေးရသော ဘားကြီးကို



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်မောင်းပြီး စီးနေသောသတင်းတွေ ကြားရသော အမေ ဝမ်းသာဂုဏ်ယူမဆုံး။ သားအတွက်သာ ဝမ်းသာနေရပြီး အမေ့တွင် ရေငွေးကြမ်းသောက်စရာ လက်ဖက်ခြောက်ဖိုးမရှိ။ ထန်းလျက်ဖိုးမရှိ။

ထမင်းကိုတော့ ရွာဦးကျောင်းမှ ဆရာတော်ကလည်း ပို့ပေးသည်။ ရွာသူရွာသားများကလည်း မရှိတာလေး လာပို့ကြသည်။ ငွေကြေးမချမ်းသာပေမယ့် စေတနာချမ်းသာကြသော တောသူတောသားများဖြစ်ကြသည်။ ခါတိုင်း ရွာကန်ဘောင်ရိုးတွင် ထွက်ပြီး သားကိုမျှော်တတ်သော အမေငြိမ်းမြတစ်ယောက်သည် ထိုင်နေသည်။

"ငြိမ်းမြ ... နေကောင်းရဲ့လား"

အမေငြိမ်းမြ ပြန်မဖြေ။

ဟု ပြန်မေးသည်။

"ငါ ငအုံးလေ"

အမေငြိမ်းမြ သိသွားသည်။

"ကိုအုံး ... နှင်းတွေ ကျနေသလား"

ကိုအုံးတစ်ယောက် အံ့ဩသွားသည်။ တပေါင်းနွေ၏ တပေါင်းနေသည် နေ့ဆယ့်နှစ်နာရီတွင် ဘယ်မှာ နှင်းကျနိုင်မည်နည်း။

"ငြိမ်းမြ ... နင့်မျက်လုံး မမြင်ရဘူးလား"

အမေငြိမ်းမြသည် မျက်လုံးအိမ်တွင် မျက်ရည်များ ကျလာသည်။

"ကိုအုံး ... ကျွန်မ မျက်လုံးထဲမှာ နှင်းတွေကျနေတာပဲ မြင်ရတယ်။ ဘာကိုမှ မမြင်ရဘူး။ ဒါပေမဲ့ ကျွန်မသားလေး ဆရာဝန်စိုးမိုး ပြန်လာရင် ကျွန်မ ပန်းနာရင်ကြပ်ရောဂါနဲ့ ကျွန်မမျက်စိရောဂါပျောက်သွားမှာပါ။ ကျွန်မမျက်လုံးမှာ ရေတိမ်ရောဂါရှိတယ်လေ ကြာပါပြီ။

---



www.burmeseclassic.com

www.burmeseclassic.com


ကျွန်မ နေမကောင်းတဲ့အကြောင်းကို သားဆီ အကြောင်းမကြားလိုက်ပါနဲ့နော်။ သား နေထိုင်မှုကောင်းရဲ့လား မသိဘူး''

ဦးအုံး အတော်စိတ်မကောင်းဖြစ်သွားသည်။

''ဖြစ်မှဖြစ်ရလေ''

ဟု တတွတ်တွတ် ပြောနေမိသည်။

အမေစိတ်ချမ်းသာအောင်၊ အမေမဆင်းရဲအောင် ထားပါမည် ဟူသောသားသည် ယခုတော့ အမေ့ကို သတိရမရ။ အဖေ့ဈာပနနေ့က အဖေ့အလောင်းကို ရှိခိုးရင်း ပြောခဲ့သောစကားတွေ၊ ကတိတွေ ဒေါက်တာစံလုံး မေ့ကုန်ပြီ။ ရပ်ကျိုးရွာကျိုးကို ဆောင်ရွက်တတ်တဲ့ ရွာရဲ့ သာသနာအကျိုးကို ဆောင်ရွက်ရင်း သားနှုတ်ဖျားက အမျှ ‥ အမျှ ‥‥ အမျှဝေရင် အဖေ သာဓုခေါ်ပါဟူသော အဖေ့ကိုပြောခဲ့သော စကားများသည် ဒေါက်တာစံလုံးတစ်ယောက် လယ်ကွင်းထဲမှာ လေတိုက်ခြင်းသာ ဖြစ်လိမ့်မည်။ လယ်ကွင်းထဲမှာ တိုက်တဲ့လေက စပါးလှော့လို့ရဦးမည်။ ဒေါက်တာစံလုံး၏ စကားများသည် ကတိများသည် ဘာမှဖြစ်မလာ။

ရွာလူကြီးဦးအုံးက ရွာ၏ ကာလသားခေါင်းသန်းစိုးကြီးကို ရန်ကုန်သို့လွှတ်ပြီး ဒေါက်တာစံလုံးကို ခေါ်ခိုင်းသည်။ တစ်ခါတည်း လိုက်ခဲ့ရန်လည်း မှာသည်။ သန်းစိုးကြီး ဒေါက်တာစံလုံးတို့ တိုက်ကြီးကို မြင်ရတော့ ခြံထဲကိုမဝင်ဝံ့။ ခြံရှေ့မှာ ခြံထဲကို လှမ်းကြည့်နေသည်။

''ဘယ်သူနဲ့တွေ့ချင်လို့လဲ''

ခြံစောင့်၏ မေးသံကြားမှ ‥‥

''ကျွန်တော် ကော်ချဲ့ရွာကပါ၊ ဒီတိုက်အိမ်ကြီးက ဒေါက်တာစံလုံးနဲ့ တွေ့ချင်လို့ပါ''


www.burmeseclassic.com

www.burmeseclassic.com


ခြံစောင့်က အိမ်အတွင်းဘက်သို့ ပြန်လျှောက်သွားသည်။ အနည်းငယ်ကြာတော့ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး လိုက်လာသည်။ အသက်(၃၀)ကျော်ခန့်တော့ ရှိလိမ့်မည်။

"မင်း ကော်ချဲ့ရွာကလား"

သန်းစိုးကြီး ခေါင်းညိတ်ပြီး အမေငြိမ်းမြ နေမကောင်းတဲ့ အကြောင်း ပြောသည်။ ဒေါက်တာစံလုံးအနည်းငယ် စဉ်းစားပြီး စကား ပြောလိုက်သည်။

"နောက်တစ်ပတ် ငါ့ဇနီးမွေးနေ့ပြီးရင် ငါလာခဲ့မယ်"

ရွာကလူလာလို့ ရေတိုက်ဖို့နေနေသာသာ ခြံတံခါးတောင် ဖွင့်ပေးရမှန်းမသိ။ ရွာကျေးဇူးဆပ်ဖို့ ဝေလာဝေး၊ သန်းစိုးကြီးရွာကို ရထားစီးပြန်လာရင်း ရထားပေါ်မှာ တစ်ယောက်တည်း ပြောမိသည်။

"ဒေါက်တာစံလုံးရယ် . . . ခင်ဗျား အဇာတသတ်လိုသားမျိုး မဖြစ်ပါစေနဲ့"

ဒေါက်တာစံလုံး၏ ဇနီးမွေးနေ့ပြီးတော့ ရွာကိုပြန်ရန် ဒေါက်တာစံလုံး ပြင်ဆင်နေသည်။ ရွာတွင် ငယ်စဉ်က ပုဆိုးစလွယ်သိုင်းနှင့် ကစားခဲ့သော ဒေါက်တာစံလုံး အခု ဘောင်းဘီမချွတ်တော့။

"မောင် . . . ဘယ်သွားမှာလဲ"

ဇနီးသည်၏အမေးကို ဒေါက်တာစံလုံး ပြန်ပြောလိုက်သည်။

"မောင် ခဏရွာပြန်ဦးမယ်၊ အမေနေမကောင်းဘူးလို့ လာ အကြောင်းကြားတာ မော်လီလည်းအသိပဲ"

ဇနီးသည်မော်လီ လင်တော်မောင်ဒေါက်တာစံလုံး၏ လက်မောင်းကိုကိုင်ပြီး ငိုမဲ့မဲ့အမူအရာနှင့် ဟန်လုပ်ပြီး ပြောသည်။

---


www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ် ... အခုလို မော်လီနေမကောင်းတဲ့အချိန် မောင်အနားမှာ ရှိနေပေးပါ။ မောင့်မျက်နှာဟာ မော်လီရဲ့ အားဆေးပဲမဟုတ်လား"

အနည်းငယ် နှာစေးချောင်းဆိုးဖြစ်နေသော ဖနီးသည်က မာယာချွဲချွဲလိုက်တော့ ဒေါက်တာစံလုံးရွှာကို မပြန်နိုင်။ အမေ့ကို သတိမရတော့။ သည်လိုနှင့် လေးငါးနှစ်ကြာသွားသည်။ အမေနေကောင်းသည်၊ နေမကောင်းသည် မစုံစမ်း။ တစ်ရက် တာဝန်ကျရာဆေးခန်းမှ ကားမောင်း၍ ပြန်လာစဉ် ဗိုလ်ချုပ်ဈေးမီးပွိုင့်ရောက်တော့ မီးနီနေ၍ ကားများ တန်းစီရပ်နေသည်။

"အမေ့ကိုသနားရင် ထမင်းဖိုးလေးပေးခဲ့ပါ ... သားရယ်"

အဘွားအိုတစ်ဦး၏ တောင်းရမ်းသံ ကြားလိုက်ရသည်။ အသက် (၇၀)ကျော်၊ (၈၀)ခန့်ရှိ အဘွားအိုတစ်ဦးကို (၈)နှစ်အရွယ် ကလေးတစ်ဦးက တွဲထားသည်။ ဒေါက်တာစံလုံးအိတ်တွင်းက (၂၀) တန်တစ်ရွက် ထုတ်ပေးလိုက်သည်။ နှုတ်မှလည်း ...

"အမေ့မှာ သားသမီးမရှိဘူးလား"

"အမေ့မှာ ငါ့သားလိုသားမျိုးသာရှိရင် အမေအခုလို မတောင်းရဘဲ အေးအေးဆေးဆေး စားရမှာပေါ့"

ဒေါက်တာစံလုံး ရင်ပူသွားသည်။ ရွာမှာရှိတဲ့ အမေ့ကို သတိရသည်။ 'အမေ ... နေကောင်းရဲ့လား၊ အမေ ထမင်းဘယ်လိုစားနေလဲ၊ အမေများ အခုအမေအိုလို တောင်းစားနေရင် ...'

မီးစိမ်းတော့ ကားကို အပြင်းမောင်းနှင်ခဲ့သည်။ ကန်တော်ကလေးရှိ မိမိအိမ်ကိုရောက်တော့ ဖနီးသည်ကို ဘယ်သွားမယ် နှုတ်မဆက်ဘဲ ဘူတာကြီးသို့ ရထားစီးရန် ပြေးလာခဲ့သည်။ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



စံလုံးတို့ကော်ချဲ့ရွာသည် ကားနှင့်သွား၍ ကားလမ်းမပေါက်၊ ရထားလမ်းသာရှိသည်။ ဒေါက်တာစံလုံး ရထားပေါ်မှာ ထိုင်နေရင်း ဆောက်တည်ရာမရ။ အမေ့ကိုပဲ မြင်ယောင်ပြီး အမေ့ကို သတိရနေသည်။ ကွယ်လွန်သွားသည့်အဖေကို သတိရပြန်သည်။

ကော်ချဲဘူတာတွင် ရထားရပ်သည်နှင့် မိမိနှင့် အနှစ်(၃၀) နီးပါးဝေးခဲ့သော ကော်ချဲမြေကိုနင်းရင်း ဘူတာမှ ရွာသို့ ကလေးတစ်ယောက်ပမာ ပြေးသည်။ ပြေးရင်းပြေးရင်း ရွာဦးကန်ဘောင်ရိုးရောက်တော့ ...

"အမေ ... အမေ ..."

အသံကုန် ဟစ်ခေါ်သည်။ အိမ်ခြံဝင်းထဲ ရောက်သည်။ အဖေဆောက်ထားခဲ့သည့်အိမ်ကြီး မမြင်ရတော့။

"အမေ ... အမေ ..."

ပြန်ထူးသံ မကြားရ။ နောက်ဖေး တဲလေးဆီမှ အဘိုးအိုတစ်ဦးတောင်ဝှေးထောက်ပြီး ထွက်လာသည်။

"သူငယ်လေးက ဘယ်သူလဲ"

"ကျွန်တော် ဒေါက်တာစံလုံးပါ"

ဒေါက်တာစံလုံးဟူသော အသံကိုကြားသည်နှင့် အဘိုးအို အံ့ဩတ်ငိုလိုက်သည်။ ခေါင်းတွင်ပေါင်းထားသော ခေါင်းပေါင်းကို ဖြုတ်ဆိုက်ပြီး မျက်လုံးအိမ်များ မျက်ရည်များကိုသုတ်ရင်း ...

"မင်းအမေငြိမ်းမြ ဒီမှာမရှိတော့ဘူး။ ရွာမြောက်ပိုင်းမှာရှိတယ်"

အဘိုးစကားဆုံးသည်နှင့် ဒေါက်တာစံလုံး ရွာမြောက်ပိုင်းသို့ပြေးသည်။ မြောက်ပိုင်း ဘယ်သူ့အိမ်တွင်နေသည်မသိ။ ရွာထဲရှိသူများ



www.burmeseclassic.com

www.burmeseclassic.com



ထား ဒေါက်တာစံလုံးကို မျက်လုံးစိမ်းများနှင့် ဝိုင်းကြည့်နေကြသည်။ သမ်းသောကျတ်ပြင်အောက်တွင် ရပ်နေသော လူကြီးတစ်ယောက်ကို ဒေါက်တာစံလုံး မေးသည်။

"ကျွန်တော့်အမေ အမေငြိမ်းမြ ဘယ်မှာနေလဲ"

"မင်းအမေငြိမ်းမြ ... ဟိုမှာလေ ..."

ထိုလူကြီး လက်ညှိုးညွှန်ပြရာကို ကြည့်လိုက်တော့ သချိုင်းကုန်းဇရပ်တွင် 'အမေ ... ဘာသွားလုပ်နေတာလဲ'။ သချိုင်းကုန်းသို့ ဒေါက်တာစံလုံး အပြေးသွားသည်။ ပါးစပ်မှလည်း 'အမေ ... အမေ' ဟု မနားတမ်းခေါ်သည်။ သချိုင်းကုန်းအဝင်ရောက်တော့ 'ဒေါ်ငြိမ်းမြ အသက် (၇၅)နှစ်' ဟူသော မှတ်တိုင်နှင့်မြေပုံက ဆီးကြိုနေသည်။ ဒေါက်တာစံလုံး မြေပေါ်ပေါ်သို့ ဒူးထောက်လျက် ကျသွားသည်။ နှုတ်မှလည်း ...

"သားမိုက်ကို ခွင့်လွှတ်ပါအမေ"

ဟု တတွတ်တွတ်ပြောပြီး ငိုနေသည်။

"သားသမီး ဘယ်လောက်ဆိုးဆိုး၊ ခွင့်မလွှတ်တဲ့ အဖေ၊ အမေ ရယ်လို့ ဘယ်မှာရှိလို့လဲ ... စံလုံးရယ်၊ အရင်ကလည်း ခွင့်လွှတ်တယ်၊ အခုလည်း ခွင့်လွှတ်တယ်၊ နောင်ဘဝဆက်တိုင်း ဆက်တိုင်းလည်း ခွင့်လွှတ်နေမှာပဲ"

အသံလာရာသို့ မော့ကြည့်လိုက်တော့ ကျောင်းကပ္ပိယကြီး ဦးသာဝင်း။ ဆံပင်တွေဖြူပြီး သွားတွေကျိုးနေပြီ။ ခါးကိုင်းနေပြီ။ မျက်စိတွေ မှုန်နေပြီ။ ကပ္ပိယကြီး အသံတုန်တုန်နှင့် ဆက်ပြောသည်။

"မင်းငယ်ငယ်၊ မင်းကိုရှင်ပြုတုန်းက မင်းကိုမွေ့ ဆင်နဲ့ပြုပြီး၊ ကျန်တဲ့လူတွေကို မြင်းနဲ့ပြုတာ မှတ်မိသေးလား။ အဲဒါ မင်းအမေ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းမြက သားကိုဆင်စီးပြီး မြင်းရံတာ မြင်ချင်လို့တဲ့။ သားကိုဆင်စီးပြီး မြင်းရံတာ မြင်ချင်တဲ့မိန်းမ အများအမြင်မှာတော့ ပန်းနာရင်ကြပ်ရောဂါနှင့် သေသွားပြီဖြစ်ပေတဲ့ ငါ့အမြင်မှာတော့ ဆင်နင်းပြီး မြင်းကန်လို့ သေသွားတာပါကွာ"

ဦးသာဝင်းပြောရင်းနဲ့ မျက်ရည်တွေကျလာသည်။ ဒေါက်တာစံလုံးမျက်ရည်များ အမေငြိမ်းမြမြေပုံပေါ်သို့ အဆက်မပြတ်ကျနေသည်။ သားမိုက် ဒေါက်တာစံလုံးနားတွင် ကော်ချဲရွာဦးကျောင်းဆရာတော် ဦးဝိဇ္ဇာတ၏ဆုံးမစကားများ ပြန်ကြားလာသည်။

**"မိဘကို မသေခင်ကျွေး၊ မသေခင်ပေး၊ သေမှ ငိုမနေနဲ့၊ လောကမှာ အစားထိုးလို့မရတာ မရှိသလို အစားပြန်မရတာ အဖေနဲ့အမေ"**

မောင်စိန်လှိုင် (ဥယျာ)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

❑

တောင်သမန်အင်းကမ်းစပ်၊ ဦးပိန်တံတားထိပ်တွင် မြေးဖြစ်သူ ညိုအေးကိုတွဲ၍ လျှောက်လာရင်း ဘကြီးကြိမ်အမောဖြေရန် ရပ်လိုက်သည်။ ဤလမ်း၊ ဤနေရာကို ဘကြီးကြိမ် ငယ်ငယ်ကတည်းက လျှောက်ခဲ့သည်။ ယခု အသက်(၈၀)ကျော်ထိ လျှောက်ဆဲဖြစ်သည်။

တောင်သမန်အင်းဝန်းကျင်နှင့် ဦးပိန်တံတားဝန်းကျင်ကို ဘကြီးကြိမ် မသိသည့်နေရာမရှိ။ ဘကြီးကြိမ်က သရက်ခြံရွာ၊ မူလတန်းကျောင်းအုပ်ဖြစ်သည်။ တစ်ဖက်မှာ စာသင်သလို၊ တစ်ဖက်မှာ လယ်ယာလုပ်ငန်းကို လုပ်ကိုင်နေသူဖြစ်သည်။ တောင်သမန်အင်းနှင့် ဦးပိန်တံတားသို့ နိုင်ငံခြားသားများ လာရောက်လေ့လာလျှင် အင်္ဂလိပ်စကားကို နိုင်နင်းစွာပြောရင်း သမိုင်းကြောင်း ရှင်းပြလေ့ရှိသည်။

ဘကြီးကြိမ်၏ လက်သုံးစကား တစ်ခွန်းရှိသည်။ အဲဒါကြောင့် မြန်မာကို ကမ္ဘာက အထင်ကြီးစေရမည်။ အသက်အရွယ်ရလာလို့ အလုပ်မှ အနားယူသည့်တိုင် တောင်သမန်အင်း၊ ဦးပိန်တံတားနှင့် တောင်မင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးတရုရားကိုတော့ နေ့စဉ်ရောက်ရသည်။ ဖူးရသည်။ တစ်ဦးတည်းသော သားတ မွေးခဲ့သော တစ်ယောက်တည်းသော မြေးကိုတော့ ဘကြီးကြိမ် ချစ်သည်။ မြေးဖြစ်သူ ညိုအေး ဆယ်တန်းရောက်သည့်တိုင်အောင် ဘကြီးကြိမ် သက်ရှိထင်ရှားရှိသည်ကို ညိုအေးဝမ်းသာလို့မဆုံး။ မြေးဖြစ်သူညိုအေးကလည်း မသိသည်များရှိလျှင် အဘိုးကို မနားတမ်းမေးသည်။ မေးသမျှလည်း ဖြေနိုင်သည်။

"အဘိုး ... ကျွန်တော့်ကို ညိုအေးလို့ ဘာကြောင့် နာမည်ပေးတာလဲ။ ကျွန်တော့်ကို ညိုအေးလို့ အမည်ပေးတာ အဘိုးလား၊ အဘွားလား၊ အမေလား၊ အဖေလား"

ဘကြီးကြိမ် ပြုံးလိုက်သည်။ မြေးဖြစ်သူ၏ အမေးကိုလည်း သဘောကျသည်။

"ငါ့မြေးကို ညိုအေးလို့ အမည်ပေးတာ အဘိုးပေးတာ ... ငါ့မြေးရဲ့ ဝါဆိုလရဲ့ အင်္ဂါနေ့တစ်ရက်မှာ အခု တို့မြင်ရတဲ့ တောင်သမန်အင်းနဲ့ ဦးပိန်တံတားရဲ့အပေါ်မှာ မိုးတွေညိုပြီး လေတွေတိုက်လို့ အေးချမ်းနေတဲ့အချိန်မှာ မင်းအမေက မင်းကိုမွေးခဲ့လို့ ငါ့မြေးလေးဘဝ အေးချမ်းပါစေတော့ဆိုပြီး ညိုအေးလို့ပေးခဲ့တာ"

ဦးပိန်တံတားတိုင်ပေါ်တွင် နားနေသော မိခင်ဗျိုင်းမကြီးက ဗျိုင်းငယ်လေးကို အစာခွံ့ကျွေးနေပုံကို ညိုအေးကြည့်ပြီး သားသမီးများငယ်ငယ်က အမေများ၏ ထမင်းဝါးခွံ့ကျွေးနေပုံကို မြင်ယောင်မိသည်။ မယ်ဇယ်ပင်များရိပ်တွင် မြေးအဘိုးနှစ်ယောက် ထိုင်မိသည်နှင့် ...

"အဘိုး ... လူတွေအသက် ၆၀ ကျော်၊ ၇၀ ကျော်အရွယ် ရောက်လာပြီဆိုတာနဲ့ အဘိုးကြီး၊ အဘွားကြီးလို့ ဘာကြောင့်ခေါ်တာလဲ။ အသက်ကြီးလို့ ခေါ်တာလား"



www.burmeseclassic.com

www.burmeseclassic.com


ဘကြီးကြိမ် တောင်မင်းကြီးဘုရားဖက်သို့ မျက်နှာမူပြီး …

"ငါ့မြေး … လူတွေအသက်ကြီးလာပြီဆိုလျှင် သက်ကြီးရွယ်အိုနဲ့ အဘိုးကြီး၊ အဘွားကြီးဆိုပြီး နှစ်မျိုးရှိတယ်။ သက်ကြီးရွယ်အိုဆိုတာက အသက်ကြီးလို့ အရွယ်အိုလာတာကို သက်ကြီးရွယ်အိုလို့ ခေါ်တယ်။ အဘိုးကြီးဆိုတာကတော့ လောကဓံ၊ လှိုင်းပုတ်တဲ့ဒဏ် ခံစားရင်း ရှောင်သင့်သည်ကို ရှောင်လို့၊ ဆောင်သင့်သည်ကိုဆောင်တဲ့ အဖိုးတန်တဲ့ အဖိုးကြီးတဲ့ ဦးနှောက်ပိုင်ရှင်ဖြစ်လာအောင်လို့ အဘိုးကြီးလို့ခေါ်တာ။

အဲဒီအဖိုးကြီးရမယ့်နေရာမှာ အဖိုးမကြီးဘဲ၊ မြေးအရက်ဝယ်ခိုင်း၊ မြစ်အရက်ဝယ်ခိုင်း၊ တွေ့တဲ့နေရာမှာမူး၊ ဘာသာရေးတရားအလုပ်ကိုမလုပ်ဘဲ လူပေါ့တစ်ယောက်၊ လူဆိုးတစ်ယောက်ဖြစ်နေရင်တော့ အဖိုးမကြီးဘဲ၊ အဖိုးနည်းပဲဖြစ်မယ်။ ငါ့မြေးကြီးလာရင် အဖိုးကြီးဖြစ်မလား၊ အဖိုးနည်းဖြစ်မလားဆိုတာ ကိုယ့်ဟာကိုယ်ဝေဖန်။ အဘိုးကတော့ အသက်ကြီးလာတဲ့လူအားလုံး တန်ဖိုးကြီးတဲ့အဖိုးကြီးဖြစ်ပါစေလို့ ဆုတောင်းပါတယ်"

ညိုအေး ဘကြီးကြိမ်၏ မျက်နှာကိုအားကိုးသော၊ ကြည်ညို လေးစားသော အကြည့်များနဲ့ ကြည့်နေသည်။

"အဘိုး … အဘွားကြီးဆိုတာကကော"

"အဘွားကြီးဆိုတာ … ငါ့ကိုတော့ လာမလိမ်ကြပါနဲ့အေ။ ငါလောကရဲ့အကြောင်းကို ကကြီးကနေ အ–အထိ ကုန်စင်အောင် အားမြင်သိပြီးသားပါလို့ဆိုတဲ့ ဝေါဟာရကို သုံးတတ်တဲ့အတွက် အဘွားကြီးလို့ခေါ်တာ"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညိုအေး အသင့်ငှဲ့ပေးသော ရေနွေးကြမ်းပန်းကန်ကို ဘကြီး ကြိမ်သောက်လိုက်သည်။ ဘကြီးကြိမ်က ငယ်ငယ်ကတည်းက အရက် မသောက်၊ ဆေးလိပ်မသောက်၊ ဘကြီးကြိမ် ရေနွေးကြမ်းတစ်မျိုးတည်း သောက်သည်။ သွားသည့်နေရာကို ရေနွေးကြမ်းအိုးနှင့် အုန်းမှုတ်ခွက် ပါသည်။ အုန်းမှုတ်ခွက်ဆိုတော့ အပူခံသည်။ ကျကွဲမှာလည်း မပူပင်ရ။ ရေနွေးကြမ်းကို အုန်းမှုတ်ခွက်နှင့်သောက်သည်။

''အဘိုး . . . ဦးပိန်တံတားကို ဘယ်သူတွေဆောက်ခဲ့တာလဲ၊ ဘယ်နှစ်ကလဲ၊ နှစ်ဘယ်လောက်ကြာခဲ့ပြီလဲ''

ညိုအေးအမေးကို ဘကြီးကြိမ်နားထောင်ရင်း ပြုံးသည်။ စိတ်ထဲ ကလည်း မြန်မာတိုင်းမြန်မာတိုင်း သိသင့်သိထိုက်သော သမိုင်းကြောင်း ပါလားလို့ တွေးမိသည်။

''၁၂၁၁ ကုန်းဘောင်မင်းဆက် နဝမြောက် ပုဂံမင်းတရားကြီး လက်ထက်တော်တုန်းကပေါ့ . . . မြေးရယ်။ အမရပူရမြို့ဝန်ရဲ့တပည့် မြို့စာရေးမောင်ပိန်ဟာ မိုးကာလ တောင်သမန်တစ်ဆယ့်နှစ်ရပ်မှ လူ အများ သွားလာရခက်ခဲတဲ့ ဒုက္ခကိုမြင်ပြီး တောင်သမန်အင်းကိုဖြတ်ပြီး တံတားဆောက်ဖို့ အကြံဖြစ်လာတယ်၊ အမရပူရမြို့ဝန်ရဲ့တပည့်ဟာ ဘုန်းကြီးကျောင်းသားဖြစ်တော့ တံတားခင်းတဲ့ကုသိုလ် အကျိုးဘယ် လောက်ကြီးမားတယ်ဆိုတာလည်း သိတယ်။ သိတဲ့အတွက် အမရပူရ မြို့ဝန်ကနေတစ်ဆင့် ပုဂံမင်းထံခွင့်တောင်းတယ်။ ပုဂံမင်းကလည်း လွယ် လွယ်နဲ့ပဲ ခွင့်ပြုလိုက်တယ်ဆိုပါတော့။

တံတားဆောက်တဲ့နေရာမှာ စစ်ကိုင်း၊ အင်းဝနန်းဟောင်းအိမ်ရာ များမှ ကျွန်းသစ်ဟောင်းများကို အသုံးပြုလိုကြောင်း လျှောက်တင်ကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါမှာ ပုဂံမင်းက နန်းတော်အိမ်တော်များမှ အသားများသည် ကျေး တော်မျိုး၊ ကျွန်တော်မျိုးများ အသုံးမပြုနိုင်။ သာသနိကအဆောက် အအုံလုပ်ရန်မှာလည်း မျှုးမတ်တို့ အသုံးပြုနေထိုင်ဖူးပြီးဖြစ်၍ မသုံးလို၊ အလဟဿ ဆွေးမြည့်ပျက်စီးမည့်အရေးကို မြင်ပြီး အများအတွက် တံတားဆောက်ဖို့ ခွင့်ပြုလိုက်တယ်။ တံတားကို ဦးပိန်ကဦးစီးပြီး ဆောက် လုပ်တဲ့အတွက် ဦးပိန်တံတားလို့ အမည်တွင်တယ်။

အချို့လူတွေကတော့ တောင်သမန်အင်းကိုဖြတ်ပြီး ဆောက် လုပ်ထားတဲ့အတွက် တောင်သမန်တံတားလို့လည်းခေါ်တယ်။ တံတား ဆောက်လုပ်တဲ့ကာလက (၂)နှစ်ကြာတယ်လို့ ဆိုကြတယ်။ ဒါကြောင့် သက္ကရာဇ်ကို အလွယ်မှတ်နိုင်အောင် 'အင်းကအော်ကာ ဆောက်လုပ်ခါ (၁၂၁၁)ခု၊ အင်းကအော်ညီး ဆောက်လုပ်ပြီးလို့ ပြောလေ့ရှိတယ်။ သက္ကရာဇ် ၁၂၁၃ (၁၈၅၁)ဖြစ်တယ်။

ဘကြီးကြိမ် အုန်းမှုတ်ခွက်ထဲက အေးနေပြီဖြစ်သော ရေနွေး ကို မော့သောက်လိုက်သည်။

"တံတားကြီးဆောက်လုပ်တဲ့အခါ ရှေးခေတ် တို့မြန်မာလက် သမားပညာရှင်တွေဟာ စကေးမှန်ချိန်မပါဘူး။ ခြေလှမ်းနဲ့တိုင်းတာကြ တယ်လို့ အဆိုရှိတယ်။ လှိုင်းဒဏ်လေဒဏ်ခံနိုင်ဖို့အတွက် ဖြောင့်ဖြောင့် တန်းတန်းမဆောက်ဘဲ တောင်ဘက်ကို ဦးမော့ကွေ့ဝိုက်ပြီး ကျင်တွယ် ချိုးသစ္စာန် စီမံဆောက်လုပ်ကြတယ်။ တံတားရဲ့မြေဝင်ကတော့ "**တစ် ရပ်တစ်သူ**"လက်ခုတ်တစ်ဖောင် သို့မဟုတ် ခုနစ်ပေအနက်ရှိတယ်"

ညိုအေးစိတ်ထဲက တွေးကြည့်မိသည်။ သက်ကြီးစကား သwww.burmeseclassic.comယ် ယ်ကြားဆိုတာ တန်ဖိုးကြီးလှသောအဘိုးကြီး၏ စကားများသည် တန်ဖိုး ကြီးလှပါဘိ။

---

www.burmeseclassic.com



"မြေဝင်တိုင် အဖျားကိုတော့ ယခုခေတ် ဒိုးပုံ့သဏ္ဌာန်ချွန်ထားတယ် ... ငါ့မြေး။ မြေဝင်တိုင်တွေကို အပေါက်ဖောက်ပြီး ထူးနှစ်ချက်ခတ်ထားတယ်။ ဝရန်တာနှစ်ဖက်ကာပြီး အခင်းက သုံးလွှာခင်းထားတယ်။ အဲဒီအကြောင်းကို ...

မြေဝင်တသူ၊ ထူးမှုနှစ်ချက်၊ နှစ်ဘက်ဝရန်တာ၊ ခင်းသုံးလွှာနှင့်လို့ ဆောင်ပုဒ်ကလေး မှတ်ထားကြတယ်။ တံတားပြီးစ တံတားတိုင်ပေါင်းကို **နဝ၊အဌ ဇယမောင်ပိန် ၉၈၄** တိုင်ရှိတယ်လို့ မှတ်သားထားကြတယ်။ နောင်အချိန်မှာ တံတားနှစ်ဖက်ထိပ် အုတ်တံတားတွေကိုဖြုတ်ပြီး သစ်သားတံတား အစားထိုးလုပ်တဲ့အတွက် တံတားတိုင်တွေတိုးလာတယ်။

ဇရပ်လေးဆောင်က တိုင်တွေပါပေါင်းပြီး ရေတွက်လျှင် တိုင်ပေါင်း ၁၀၈၆ ဖြစ်သွားတယ်။ ဘုရင့်စစ်လှေတွင်၊ ပြည်ကြီးမွန် စတဲ့ဘုရင့်ဖောင်တော်ကြီးတွေ အလွယ်တကူဖြတ်သွားဖို့ ဖောင်ကြောင်းကိုးခုထားတယ်။ ဖောင်ကြောင်းအခင်းတို့ကို အလွယ်တကူ ဖြုတ်နိုင်တင်နိုင်တယ်။ အခန်းပေါင်း ၄၈၂ ခန်း။ တံတားအရှည် ၃၃၉ တာနှင့် ၂ တောင် (၃၉၆၇) ပေ၊ တစ်မိုင်ရဲ့ လေးချိုးသုံးချိုး ရှည်တယ်"

ဘကြီးကြိမ်ပြောလက်စ စကားကိုဖြတ်ပြီး ရေနွေးကြမ်းမော့သောက်သည်။

"မြေးကို အဘိုးမှာထားမယ်။ မြန်မာဆိုတာ ဘယ်ခေတ်၊ ဘယ်အချိန်မှာဖြစ်ဖြစ် တော်နေရမယ်၊ ကောင်းနေရမယ်။ ဒါကြောင့် သူတော်တာပဲလေ။ သူကောင်းတာပဲလေဆိုတဲ့ စကားနှစ်ရပ်ကိုပေါင်းပြီး သူတော်ကောင်းလို့ခေါ်တာ ... ငါ့မြေး"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဘိုး . . . တောင်မင်းကြီးဘုရားရဲ့ သမိုင်းကြောင်းက ကော . . ."

"တောင်မင်းကြီး ဘုရားသမိုင်းကိုတော့ နောက်မှဆက်ပြောတာပေါ့ . . . မြေးရယ်။ စကားပြောများလို့လား မသိဘူး၊ အဘိုး မောလာတယ်"

ဘကြီးကြိမ်ကိုတွဲပြီး ညိုအေး သရက်ခြံရွာဘက်သို့ ပြန်လာခဲ့သည်။ ဘကြီးကြိမ်ခြံက ပေ ၃၀၀ ပတ်လည်လောက်တော့ ကျယ်သည်။ ခြံထဲမှာ သရက်၊ မာလကာ၊ ငှက်ပျောနှင့် ရာသီပင်များ စိုက်ပျိုးစားသောက်ကြသည်။ ညိုအေးအမေက ညိုအေးကိုမွေးပြီး ၃ လခန့်အရောက်တွင် ဆုံးသွားသည်။ ဘာရောဂါနှင့်ဆုံးသည်ကိုတော့ ညိုအေးမသိ။ အဖေ၊ အဘိုးတို့နှင့် ညိုအေး ကြီးပြင်းလာရသည်။

ညိုအေး (၃)နှစ်သားခန့်ရောက်တော့ အဖေက လယ်ထဲသွားတိုင်း ညိုအေးကို ပခုံးပေါ်ထမ်းခေါ်သွားပြီး လယ်တဲလေးထဲမှာထားသည်။ စပါးပင်များကိုကြည့်ပြီး ညိုအေးပျော်သည်။ ဖားအော်သံ၊ ခရုအော်သံနားထောင်ပြီး ညိုအေးပျော်သည်။ အချို့မိဘတွေက သားသမီးကို ပုခက်နှင့်လွှဲပြီး သိပ်ရာတွင် သီချင်းဆိုသိပ်ကြသည်။ အမေ့ရဲ့သီချင်းသံ၊ အဖေ့ရဲ့သီချင်းသံ၊ အဘွားရဲ့သီချင်းသံ၊ အဘိုးရဲ့သီချင်းသံကို နားထောင်ပြီး အိပ်ကြသည်။

ညိုအေးကတော့ တစ်ခါတစ်ခါ အဖေ့ရဲ့သီချင်းသံ၊ တစ်ခါတစ်ခါ အဘိုးရဲ့သီချင်းသံ၊ တစ်ခါတစ်ခါ ဖားအော်သံ၊ ခရုအော်သံ၊ ချိုးကူသံနားထောင်ပြီး အိပ်ရသည်။ ဒါကြောင့် အမိမဲ့သား ရေနည်းငါး အမေရှိသောသားအတွက် ရေနည်းနည်းမှာနေရသော ငါးပမာ အသွင်ယ်စရာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးနှင့်အဖေ၏ မေတ္တာရိပ်မှာနေရင်း ကြီးပြင်းခဲ့ရသော၊ ကျောင်းတက်ခဲ့ရသော ညီ့အေးတစ်ယောက် အဘိုးနှင့်အဖေကို ဘယ်သောအခါမှ မခွဲချင်၊ တစ်ည မိုးတဖွဲဖွဲရွာနေစဉ် ဘကြီးကြိမ်ဘုရားရှိခိုးပြီး ပုတီးစိပ်နေခိုက် ...

"အဘိုး ... ကျွန်တော် အိပ်တော့မယ်။ ကျွန်တော်မအိပ်ခင် အဘိုးကို ညစဉ်ညတိုင်းလိုပဲ ဂါရဝပြုရှိခိုးပါတယ်"

ညီ့အေးရှိခိုးသည်ကိုကြည့်ပြီး ဘကြီးကြိမ် သာဓုသုံးကြိမ်ခေါ်သည်။

"ငါ့မြေး ... ဆရာတော်တစ်ပါး အဘိုးကို မှာဖူးတယ်။ ညည အိပ်ရာဝင်လို့ နဖူးပေါ်လက်တင်ပြီး စဉ်းစားတိုင်း စဉ်းစားတိုင်း ငါဒီနေ့ လူတွေကောင်းကျိုး ဘာလုပ်ခဲ့ပြီးပြီလဲလို့ စဉ်းစားလို့ ဘာမှမလုပ်ရသေးရင် သတိရသေးရင် သတိရတဲ့အချိန်မှာ ထလုပ်။ အများအကျိုးကို ဆောင်ရွက်တတ်ပါစေ"

ညီ့အေး ပါးရေးနားရေတွန့်နေသော၊ ဆံဖြူသွားကျိုးနေသော ဘကြီးကြိမ်၏မျက်နှာကို သေချာစွာကြည့်ရင်း ...

"အဘိုး ... ကျွန်တော် ဘယ်တော့မှ အဘိုးနဲ့အဖေကို မခွဲပါရစေနဲ့လို့ အမြဲဆုတောင်းတယ်"

"ဩော် ... မြေးရယ်၊ နောက်ဆုံးတော့ မခွဲချင်ဆိုတဲ့စကားက မမြဲဘူး၊ ခွဲရမယ်ဆိုတဲ့ စကားကမြဲတယ်။ အဘိုးလည်း တစ်နေ့ကျရင် မြေးကို ပြောနေကျ၊ မှာနေကျစကားဖြစ်တဲ့ မြန်မာကို ကမ္ဘာက အထင်ကြီးစေရမယ်ဆိုတဲ့ စကားကိုမှတ်ထား။ အဘိုးသေပြီးတဲ့နေ့က မှာ ပြောလို့မရတော့ဘူး။ ဒါပေမဲ့ ငါ့မြေးကတော့ နောင်လာနောင်သားတွေကို ဆက်ပြီးတော့ပြောသွား။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကတော့ တစ်ချိန်မှာ အဘိုးကိုးကွယ်ခဲ့တဲ့ တောင်မင်းကြီး ဘုရား၊ အဖိုးမြတ်နိုးတဲ့ ဦးပိန်တံတားနဲ့ တောင်သမန်အင်း၊ အဘိုး သံယောဇဉ်ရှိတဲ့ မင်းအဖေနဲ့ ငါ့မြေးကို အဘိုး ခွဲခွာသွားရဦးမှာ"

ဘကြီးကြိမ် ပြောလက်စ စကားကိုနားပြီး အုန်းမှုတ်ခွက်ထဲက ညိုအေးငှဲ့ပေးသော ရေနွေးကြမ်းကို မော့သောက်လိုက်သည်။

"မြေးလေး ... မင်းမှတ်ထား။ ဘယ်အရာမဆို အပ္ပမာဒ တရားကို မမေ့နဲ့။ စိတ်ကို စိတ်နဲ့ဖြေ။ မသေချင် မမွေးနဲ့။ မွေးတယ်ဆို တာ သေဖို့ပဲ။ သေသည့်တိုင်အောင် မြတ်သောသေခြင်းနဲ့ သေပါစေ။ ဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ တရားထဲမှာပါတယ်။ ရွှံ့ဆိုတာရေ ကြောင့် ဖြစ်တယ်။ ရေကြောင့်ဖြစ်တဲ့ ရွှံ့ပေရင် ရေနဲ့ပဲ ပြန်ဆေးရ တယ်တဲ့"

ဘကြီးကြိမ်၏ စကားလုံးများသည် ညိုအေးအတွက် တန်ဖိုး မဖြတ်နိုင်သော စကားများဖြစ်သည်။

"လိုအပ်လို့ အဘိုးထပ်ပြောဦးမယ် ... ငါ့မြေး။ သက္ကရာဇ် ၅၃၃ ခု နှစ်၊ နန်းတက်တဲ့မင်းယင်နရသခံဟာ ညီတော်နရပတိစည်သူ ရဲ့ ဝေဠုဝတီမိဖုရားကို မတရားသိမ်းပိုက်တယ်။ အဲဒီသိမ်းပိုက်တာနဲ့ ပတ်သက်ပြီး မကျေနပ်တော့ ညီတော်နရပတိစည်သူဟာ ၅၃၆ ခုနှစ်မှာ ပြန်တိုက်ပြီး ထီးနန်းကိုသိမ်းခဲ့တယ်။

နရပတိစည်သူ ထီးနန်းသိမ်းပြီးတဲ့နောက် သူ့ရဲ့ ဝေဠုဝတီ မိဖုရား အသိမ်းပိုက်ခံရတာ အနန္တသူရိယအမတ်ကြီးရဲ့ အကြံဉာဏ်ပါ တယ်လို့ မတရားစွပ်စွဲပြီး အနန္တသူရိယအမတ်ကြီးကို သတ်စေလို့ အမိန့် ပေးလိုက်တယ်။ ဒါပေမဲ့ အဲဒီသူတော်ကောင်း အနန္တသူရိယအမတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဟာ သူ့သေရတော့မယ့် လူ့သတ်ကုန်းကို ရောက်သည့်တိုင်အောင် သေခြင်းတရားကို ဂရုမပြုဘဲ အမျက်ဖြေလင်္ကာလေးပုဒ်ကို ရေးခဲ့တယ်။ အဲဒီလင်္ကာလေးပုဒ်ထဲက နှစ်ပုဒ်ကို အဘိုးဆိုပြမယ်။ ငါ့မြေး ... နားထောင် ...။

သူတည်းတစ်ယောက်
ကောင်းဖို့ရောက်မူ
တစ်ယောက်သူမှာ
ပျက်လင့်ကာသာ
ဓမ္မတာတည်း

ဆိုလက်စလင်္ကာတစ်ပုဒ်ကို ဘကြီးကြိမ် ခေတ္တနားပြီး ရေနွေးကြမ်းတစ်ငုံ သောက်လိုက်သည်။ ပြီးမှဆက်၍ ...

ရွှေအိမ်နန်းနှင့် ကြငှန်းလည်းခံ
မတ်ပေါင်းရံလျက် ပျော်စံရိပ်ငြိမ်
စည်းစိမ်မကွာ မင်းချမ်းသာကား
သမုဒ္ဒရာ ရေမျက်နှာထက်
ခဏတက်သည့် ရေပွက်ပမာ
တစ်သက်လျှာတည့် ... တဲ့

ဘယ်လောက်ကောင်းတဲ့ လင်္ကာလည်း ... ငါ့မြေး၊ မင်းစဉ်းစားကြည့်စမ်း။ တစ်ချိန်မှာ ငါ့မြေးဟာ ပညာတတ်တစ်ယောက်ဖြစ်လာမယ်။ အဘိုးလိုပဲ ကျောင်းဆရာဝန်ထမ်းတစ်ယောက်ဖြစ်လာမယ်။ အဲဒီအချိန်တွေအတွက် အဘိုး ကြိုတင်ပြီးမှာချင်တာက ...

မြတ်စွာဘုရားရှင်ရဲ့သားတော် သားတော်ရာဟုလာရှင်ဖြစ်လာတဲ့အခါ မာန်မာနတွေပါလာပြီး မမှားရအောင်လို့ ...

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သားတော်ရာဟုလာ ပြောမယ့်စကားမပြောမီ စဉ်းစား၊ စဉ်းစားပြီးပြော၊ ပြောပြီးစကား ပြန်စဉ်းစားလို့ ဘုရားရှင် ဟောကြားခဲ့ဖူးတယ်"

ညိုအေး ခေါင်းရင်းဝါးထရံတံခါးကို ထပြီး ဖွင့်ကြည့်လိုက်တော့ လရောင်နဲ့အတူ တောင်သမန်မှာ မိုးတွေရွာနေသည်။

**မောင်စိန်လှိုင် (ဥဿာ)**

**ကျမ်းကိုး**

ကိုပညာအမရပူရ၏ တောင်သမန်ဝန်းကျင် သမိုင်းနေရာများ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

❑

မြန်မာတိုင်း မုန့်ဟင်းခါးကို ကြိုက်တာများသည်။ မုန့်ဟင်းခါးသည် ဓာတ်စာအရ ပူ, ကန့်, ပွင့်, ကြေဟု ဆရာများခေါ်ကြသည်။ ရပ်ကွက်များထဲတွင် မည်သည့်ဆိုင်အများဆုံးလဲဟု မေးလျှင် မုန့်ဟင်းခါးဆိုင် အများဆုံးဟု ဖြေရလိမ့်မည်။ အချို့ ဆင်းရဲသားရပ်ကွက်တွင် လက်ဖက်ရည်ဆိုင်မရှိပေမယ့် မုန့်ဟင်းခါးဆိုင်တော့ရှိသည်။ လူတန်းစားသုံးမျိုးရှိသည် ဆိုကြသည်။

လူတန်းစားသုံးမျိုးဆိုသည်မှာ အထက်တန်းလွှာလူတန်းစား၊ အလယ်အလတ်လူတန်းစား၊ အခြေခံလူတန်းစားများ ဖြစ်သည်။ အခြေခံလူတန်းစား နံနက်တိုင်းစားသော ဘိန်းမုန့်၊ နန္ဒင်းမကင်း၊ မုန့်ကျွဲသဲ၊ မုန့်ပျားသလက်များကို အထက်တန်းလွှာလူတန်းစား စားချင်မှစားလိမ့်မည်။ အထက်တန်းလွှာ လူတန်းစားစားသော ဟမ်ဘာဂါ၊ စပျစ်သီးကိတ်၊ ချေဒိုးနပ်မုန့်များသည် အခြေခံလူတန်းစားနှင့် ဝေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အလယ်အလတ်တန်းစား လူတန်းစားကတော့ အောက်ဆင်း စားလို့လည်း ရသည်။ အပေါ်တက်စားလို့လည်း ရသည်။ ဖော်ပြပါ လူတန်းစားသုံးမျိုးစလုံးရသော မုန့်သည် မုန့်ဟင်းခါးဖြစ်သည်။ မုန့်ဟင်းခါးသည် အထက်တန်းလွှာလူတန်းစား၊ အလယ်အလတ်တန်းစား လူတန်းစား၊ အခြေခံလူတန်းစား စားသော မုန့်ဖြစ်သည်။

တော်ရုံတန်ရုံ နေမကောင်း၍ ထမင်းစားပျက်နေသူ မုန့်ဟင်းခါးဟင်းရည်နှံ့ရလျှင်ပင် ခံတွင်းတောင်းလာသည်။ တစ်နည်းပြောရလျှင် မြန်မာများ၏စေတနာကို ပြ၍ရသောမုန့်သည် မုန့်ဟင်းခါးပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မုန့်ဟင်းခါးစားပြီးတိုင်း မုန့်ဟင်းရည်လေးသောက်ပါဦးလားဟုဆိုပြီး လောကဝတ်ပြုလေ့ရှိသောကြောင့်ဖြစ်သည်။

ကော်ချဲ့ရွာ အမေစောရင် မုန့်ဟင်းခါးဆိုလျှင် ပဲခူးတိုင်းတစ်တိုင်းလုံး မစားဖူးကြပေမယ့် ကြားတော့ကြားဖူးကြသည်။ အမေစောရင် မုန့်ဟင်းခါးဆိုင်သည် ပဲခူးရွှေမော်ဓောဘုရားတောင်ဘက်နှင့် အနောက်ဘက်မုခ်တွင် ရောင်းသည်။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ ကော်ချဲ့ရွာ အမေစောရင် မုန့်ဟင်းခါးမစားရလျှင် ပဲခူးရောက်ရကျိုးမနပ်ဟု ပြောစမှတ်ဖြစ်သည်။

မြန်မာများ မုန့်ဟင်းခါးကြိုက်သလို ဘောလုံးပွဲဆိုလျှင် ကြိုက်ကြသည်။ ဝါသနာပါကြသည်။ ဘောလုံးကန်လျှင် လမ်းဘေးဘောလုံးပွဲ၊ ဝါးလုံးကိုဂိုးတိုင်ထူ၍ လယ်ကွင်းထဲ ဘောလုံးပွဲဆိုလျှင်လည်း ကြည့်ကြသည်။ အထူးသဖြင့် မြန်မာ့ဘောလုံးအသင်းနိုင်ငံခြားမှာ သွားကန်လျှင် တီဗီရှေ့မှာ စုပေါင်းကြည့်ကြသည်။ ကိုယ့်အိမ်မှာ တီဗီမရှိလျှင် သူတစ်ပါးအိမ် သွားကြည့်ကြ၊ လမ်းဘေးလက်ဘက်ရည်ဆိုင် သွားကြည့်ကြ၊ အခပေးရုံများတွင် သွားကြည့်ကြသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာဘောလုံးအသင်း တိုင်းတစ်ပါးအသင်းနှင့် ကန်တော့မည်ဆိုလျှင် လမ်းမပေါ်မှာ လူမများတော့။ ဈေးထဲမှာ လူမစည်တော့။ စောင်ယာထဲမှာ၊ လယ်ကွင်းထဲမှာ၊ ဆိုက်ကားဂိတ်၊ မြင်းလှည်းဂိတ်မှာ လူတွေ မတွေ့ရတော့။ နီးစပ်ရာ တီဗီပြရာသို့ သွားသည်။ အချို့က ဓာလာတီဗီ၊ အချို့က အဖြူအမည်း။

မုန့်ဟင်းခါးသည် အရီးစောရင်၏မြေး ကိုဒေါနက ပညာတတ်၊ ကျောင်းဆရာ။ သူ့အိမ်မှာ အဖြူအမည်း တီဗီတစ်လုံးရှိသည်။ အိမ်က ခြေတန်ရှည်အိမ်ဆိုတော့ အောက်ထပ်မှာ အကာမရှိ။ အဖြူအမည်းတီဗီကို ဘက်ထရီအိုးမှာချိတ်ပြီး ပြရသည်။

ဒီနေ့ ထူးထူးခြားခြား အရီးစောရင်က သူ့သား၊ သူ့မြေးအားလုံးကို မုန့်ဟင်းခါးချက်ကျွေးမည်ဟု ပြောသည်။ မြန်မာတိုင်း မျှော်လင့်ခဲ့သော မြန်မာဘောလုံးအသင်းသည် တိုက်ဂါးဖလားရရှိရေးအတွက် ပထမအကြိမ်အဖြစ် မလေးရှားမြေမှာ စင်ကာပူနှင့် ကန်ရမည်။ ကျောင်းဆရာကိုဒေါန အာဘောင်အာရင်းသန်သန်ဖြင့် ...

"မြန်မာဘောလုံးအသင်း နိုင်ကိုနိုင်ရမယ်။ မြန်မာဆိုတာ ဘယ်အသင်းကိုမှ မရှုံးစေရဘူး၊ ဘယ်သူ့ကိုမှ မရှုံးစေရဘူး"

သူ့အိမ်မှာ တီဗီလာကြည့်ကြတဲ့သူများက သူပြောတာကိုကြည့်ပြီး အားရဝမ်းသာဖြစ်ကြသည်။ အားတက်ကြသည်။ ဘောလုံးပွဲက မလာသေး။ ကြော်ငြာလာချိန်တွင် ကြော်ငြာကိုပိတ်ပြီး ကိုဒေါန အပြောနှင့် ထိန်းထားသည်။

"တို့ ... ပထမ မြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်ခဲ့တဲ့ အနော်ရထာဘုရင်လက်ထက်မှာ မြန်မာဘောလုံးအသင်းဆိုတာ ရှိခဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆာမှာ တို့မြန်မာဘောလုံးအသင်းကို ဘယ်အသင်းမှ ယှဉ်နိုင်မှာမဟုတ်ဘူး။ အဲဒီမြန်မာဘောလုံးအသင်းမှာ မြန်မာ့လက်ရွေးစင်တွေဖြစ်ကြတဲ့ ကျွန်စစ်သား၊ ငထွေရွှေ၊ ငလုံးလဖယ်၊ ညောင်ဦးဖီးဆိုတဲ့ တိုက်စစ်မှူးတွေ၊ ခံစစ်မှူးတွေ ရှိနေပြီးသား။ အခု တို့မြန်မာဘောလုံးသမားတွေ တော်တယ်ကွ''

ကိုဒေါနဇါ၏စကားများကို နားထောင်ကြရတဲ့ တီဗီကြည့်ပရိသတ်များ လက်ခုပ်တီးကြသည်။

''နောက်တစ်ခု မင်းတို့ မှတ်ထားဦး။ မြန်မာနိုင်ငံမှာ မြစ်ကြီးမြစ်ငယ်တွေ အများကြီးရှိတယ်။ ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ် အဲဒီမြစ်တွေထဲက ရေဟာ တောင်ကနေမြောက်ကို စီးမယ်၊ အရှေ့ကနေ အနောက်ကိုစီးမယ်၊ အနောက်ကနေ အရှေ့ကို စီးမယ်၊ မြောက်ကနေ တောင်ကိုစီးမယ်၊ အဲဒီမြစ်ရေတွေ စီးဆင်းနေသလို တို့မြန်မာတွေရဲ့ ခန္ဓာကိုယ်ထဲမှာရှိတဲ့ မြန်မာ့သွေးကို မြစ်လိုသဘောထားရင် မြန်မာဆိုတဲ့သွေးမြစ်ဟာ ချင်းတောင်တန်းကြီးတွေပေါ်မှာလည်း စီးမယ်၊ ရခိုင်ရိုးမမှာလည်း စီးမယ်၊ ရှမ်းတောင်တန်းကြီးတွေ နာဂတောင်တန်းကြီးတွေ၊ ပဲခူးရိုးမတောင်တန်းကြီးတွေမှာလည်း စီးမယ်။ မြန်မာ့မြေရဲ့ နေရာအနှံ့မှာ မြန်မာ့သွေးမြစ်တွေဟာ နီရဲပြီး စီးဆင်းနေမှာပဲ။ ဒါ့ကြောင့် မြန်မာ့ဘောလုံးအသင်း ရှုံးတယ်ဆိုတာ ငါမကြားချင်ဘူး။ ရှုံးလည်း ခဏပဲ။ နောက် ပြန်နိုင်ရမယ်''

ကိုဒေါနဇါ၏စကားဆုံးတော့ မြန်မာနှင့်စင်ကာပူ တိုက်ဂါးဖလားပထမအကျော့ Semi Final မလေးရှားမြေမှာ ကန်ပြီး ပထမဂိုးကို စင်ကာပူသွင်းလိုက်တော့ ကိုဒေါနနှင့် တီဗီကြည့်ပရိသတ် ငြိမ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ မြန်မာချေပကိုး ပြန်သွင်းလိုက်တော့ ကိုဒေါ်န အားရပါးရအော်လိုက်သည်။

"ငါပြောတယ်မဟုတ်လား မြန်မာဆိုတာ ရှုံးခဏပါလို့"

နောက်ဆုံး ဘောလုံးပွဲပြီးတော့ မြန်မာဘောလုံးအသင်း စင်ကာပူကို လေးဂိုးသုံးဂိုးဖြင့် ရှုံးသွားသည်။ ဘောလုံးပွဲ လာကြည့်ကြတဲ့ သူများ ပြန်သွားကြတော့ ကိုဒေါ်နတို့မောင်နှမတစ်စုသာ ကျန်ခဲ့ကြသည်။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြ၊ ကိုယ့်အတွေးနှင့်ကိုယ် ငေးနေကြသည်။ နားများထဲတွင်လည်း ကိုဒေါ်နပြောသည့်–

"မြန်မာဆိုတာ ရှုံးလည်းခဏပဲ"

ဆိုသည့်စကားကိုသာ အထပ်ထပ် ပြန်ကြားနေကြသည်။

"အားလုံး မုန့်ဟင်းခါးစားကြမယ်ဟေ့။ အဘွား အကောင်းဆုံးဖြစ်အောင် ချက်ထားတယ်"

ခါတိုင်း အဘွားစောရင်က မုန့်ဟင်းခါးစားမယ်ဟေ့ဟု ခေါ်သံကြားလျှင် မောင်နှမတွေ အားရပါးရထပြေးပြီး စားကြသည်။ အခုတော့ အားလုံး မထကြ။ အဘွားစောရင် စဉ်းစားလိုက်သည်။ 'ငါ့မုန့်ဟင်းခါးအရသာ ပျက်လေရော့သလား'၊ အဘွား မုန့်ဖတ်အနည်းငယ်ကို မုန့်ဟင်းရည်ဆမ်းပြီး စားကြည့်သည်။ မုန့်အရသာ ကောင်းနေဆဲ။ သို့သော် သားသမီးမြေးများ အားရဝမ်းသာမစားကြတော့ အဘွား စိတ်မကောင်း။ မုန့်ဟင်းခါးပန်းကန်အတွင်းမှ မုန့်ဟင်းခါးများ ခွေးစာခွက်ထဲထည့်လိုက်တော့ ခွေးက အားရပါးရစားသည်။

"ကိုကို ... ခွေးကလည်း မုန့်ဟင်းခါးကို စားလိုက်တာ။ ဒို့မြန်မာဘောလုံးအသင်းရှုံးတာ စိတ်မကောင်း မဖြစ်ဘူးလားမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုဒေါနု၏ ညီအငယ်ဆုံး ၃–နှစ်သားလေး မောင်သစ္စာ၏ အသံဖြစ်သည်။ ကိုဒေါနု သူ့ညီငယ်လေးရဲ့ခေါင်းကို နှစ်သိမ့်စွာ ပွတ်ပေးရင်း

"ဩော် … ညီလေးရယ် … တိရစ္ဆာန်ဆိုတာ မြန်မာ့မြေကို ချစ်ရဖို့ သူဘယ်လာသိမှာလဲ"

မောင်စိန်လှိုင် (ဥသာ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

❑

ဘုရင့်ထံဆက်သပြီး 'ဝေသာလီနဲ့ပုဂံပြည် ရွှေလမ်းငွေလမ်း ဖောက်ဖို့ပါဘုရား' အနော်ရထာဟူသော ဘွဲ့အမည်တော်ကို ကြားလိုက်ရသည်နှင့် ဝေသာလီဘုရင် မငြင်းနိုင်၊ မငြင်းသင့်မှန်း သိသည်။ ပုဂံနှင့်ဝေသာလီ ဆက်သွယ်မိလျှင် ပုဂံအလှကြောင့် ဝေသာလီ ပို၍လှနိုင်သည်။ ပို၍ အေးချမ်းနိုင်သည်။ ကြားသာကြားဖူး၍ မရောက်ဖူးသော ပုဂံ၊ ကြားသာကြားဖူး၍ မမြင်ဖူးသော ပုဂံအလှကို ပဉ္စကလျာဏီ ရောက်ရပြီ၊ မြင်ရပြီ။

အရွယ်ရောက်သည့်အချိန်မှ စတင်ပြီး စိတ်ကူးယဉ်ခဲ့ရသော ပုဂံပြည့်ရှင်၏ မိဖုရားဘဝ၊ ယခုတော့ ရောက်ရပြီ။ ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးတာကြောင့်၊ ဘယ်သူ့ကိုမှ မချစ်ဖူးသောအချစ်နှင့် မောင်တော် အနော်ရထာကို ချစ်ပါသည်။ လရောင်ကဲ့သို့ အေးချမ်းသော မောင်တော် အနော်ရထာ၏ရင်ခွင်မှာ ခိုဝင်မှေးစက်ရတာ အေးချမ်းပါသည်။ ဖြစ်နိုင်လျှင် မောင်တော်၏မျက်နှာကို မျက်တောင်မခတ်ဘဲ ကြည့်နေချင်ပါသည်။

www.burmeseclassic.com



အကယ်၍များ မောင်တော် အမျက်တော်ရှခဲ့လျှင် စိတ်ကူးရုံ ရှိသေးသည့် ပဉ္စကလျာဏီ၏ ပါးပြင်နုနုပေါ်သို့ မျက်ရည်ဥများ နှင်းကျ သလို စီးဆင်းလာသည်။ မောင်တော်ဘုရင်ကို ချစ်လွန်းလို့ ခမည်းတော် ဝေသာလီဘုရင်နှင့် မယ်တော်ကိုခွဲပြီး ပုဂံမှာ လာရောက်ပြီး မောင်တော် ၏ ဘုန်းကံရိပ်နှင့် မေတ္တာရိပ်မှာ ခိုလှုံရပါသည်။ ဘယ်အချိန် ဘယ် ကာလမှာဖြစ်ဖြစ် နောက်ဘဝဆိုတာရှိလျှင် နောက်ထပ်ချစ်ပြီး မခွဲပါရ စေနဲ့ ... မောင်တော်ရယ်။

အနော်ရထာဘုရင်ကလည်း ပဉ္စကလျာဏီကို ချစ်ပါသည်။ အခြားသော မိဖုရားထက် ကောင်းခြင်းငါးဖြာပြည့်စုံ၍ ပိုလို့ပင် ချစ်ရ ပါသည်။ အရာရာ အလိုက်သိတတ်သည်။ ဗုဒ္ဓဘာသာကို ကြည်ညိုကိုင်း ရှိုင်းသည်။

ဘုရင့်အမိန့်တော် အခေါ်လွှတ်တာကြောင့် ရာဇတမန်အမတ် အခစားဝင်လာရသည်။ အနော်ရထာဘုရင်၏ မျက်နှာတော် ကြည်လင် ဝင်းပနေသည်။

"အမတ်ကြီး ... ပဉ္စကလျာဏီမိဖုရား ပုဂံပြည်ရောက်လာ တာ လအတော်ကြာနေပြီ။ တောင်ညာစံဒေဝီ၊ မဟေသီမိဖုရားမြှောက် ဖို့ အချိန်တန်ပြီ ... မောင်မင်း"

ရာဇတမန်အမတ် တစ်လုံးတစ်ပါဒမှ ပြန်မပြော၊ ခေါင်းငုံ့နား ထောင်နေသည်။ စိတ်ထဲကတော့ တွေးနေသည်။ 'ဒီမိဖုရား ဝေသာလီ က ခေါ်လာတုန်းကတော့ ငါ့အပေါ် ဆက်ဆံတာတစ်မျိုး၊ အခု မိဖုရား ဖြစ်သွားတော့ တစ်မျိုး။ အခုတစ်ခါဆက်ပြီး တောင်ညာစံဒေဝီ မိဖုရား ဖြစ်လျှင်၊ အတွေးကို ရပ်ပစ်လိုက်သည်။

www.burmeseclassic.com



"မှန်လှပါ ... အရှင်မင်းကြီးဘုရား၊ ပဥ္စကလျာဏီဟာ ဝေသာလီဘုရင်ရဲ့ သွေးဖြစ်ချင်မှဖြစ်မှာပါ ဘုရား"

မကြားလိုသောစကားကို ကြားလိုက်ရ၍ အနော်ရထာဘုရင် ရာဇမာန်တက်သွားသည်။ အချစ်ကြီးတော့ အမျက်ကြီးပေမပေါ့။

"အမတ်ကြီး ... ပဥ္စကလျာဏီမိဖုရားကို ပရိမ္မအရပ်ကို ပို့လိုက်"

အဘယ်အကြောင်းကြောင့် အဘယ်အပြစ်ကြောင့် ပဥ္စကလျာဏီ ပရိမ္မအရပ်ကို ရောက်ခဲ့ရသည်ကို မသိရ။ မေးပိုင်ခွင့်လည်း မရှိ။ နေ့စဉ်နေ့စဉ် ပရိမ္မမှ ပုဂံပြည်သို့ကြည့်ပြီး မျက်ရည်ကျရတာက အကြိမ်ကြိမ်၊ မိမိအတိတ်ကံတရားကြောင့် ချစ်ရသူနှင့် ခွဲခွာရသည်ဟု ကြိုးစားဖြေပါသည်။

BURMESE CLASSIC

"ဘုရား ... ဘုရား ... ဘုရား ... ငါက လောကမံကို ခံနိုင်ပေမယ့် ငါ့ရင်ထဲက သုံးလရှိပြီဖြစ်တဲ့ ရင်သွေးလေး သားတော်လား၊ သမီးတော်လား"

မျက်ရည်တွေ ကျလာသည်။ သူ့ခမည်းတော်ကိုတောင်မှ ခမည်းတော်လို့ ခေါ်ပိုင်ခွင့်ရှိပါ့မလား။ အို ... အဖြစ်ဆိုးလိုက်ပါဘိကွယ်။ ဒါလောက်အထိ မစိမ်ကား မရက်စက်သင့်ပါဘူး။ ပဥ္စကလျာဏီကိုတော့ မုန်းချင်မုန်းပါ။ သားတော်လေး၊ ဒါမှမဟုတ် သမီးတော်လေးကိုတော့ ချစ်ပါ၊ သနားပါ၊ ကရုဏာထားပေးပါ။

ပဥ္စကလျာဏီမင်းသမီး ပရိမ္မအရပ်သို့ရောက်ပြီး ခြောက်လလောက်အကြာ ...

"အခါမဟုတ် မိုးတွေရွာ၊ လေတွေတိုက်၊ လျှပ်လှုပ်၊ ငလျင်လဲ၊ ထူးခြားသည့်အဖြစ်တွေဟာ ဘာလဲ ပုဏ္ဏားတို့၊ ငါ့ရဲ့ပုဂံအတွက် ကောင်းကျိုးလား၊ ဆိုးကျိုးလား"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ငြိမ်နေသည့်ကြားမှ ဗေဒင်ဆရာ အင်မတန်တော်တဲ့ ပုဏ္ဏားဏ်အသံ ထွက်လာသည်။

"မှန်လှပါ ... အရှင်မင်းတရားကြီးဘုရား၊ တစ်ချိန် ပုဂံပြည်မှာ ရှင်ဘုရင်ဖြစ်လာမယ့် မင်းသားဟာ ပရိမ္မအရပ်မှာ ပဋိသန္ဓေရှိနေပါပြီဘုရား"

အနော်ရထာဘုရင် တုန်လှုပ်သွားသည်။ ပရိမ္မာမှာ ငါ့ကိုအန်တုပြီး ပုဂံမှာ ဘုရင်ပြုလုပ်မည့်မင်းသားကို ပဋိသန္ဓေရှိနေပြီတဲ့။

"မင်းကြီးများ ပရိမ္မမှာရှိတဲ့ ကိုယ်ဝန်ဆောင်သည့်မှန်သမျှ နန်းတော်ကိုခေါ်စေ"

BURMESE CLASSIC

ပဋိသန္ဓေဆောင်ထားသော ပရိမ္မအရပ်မှ မိခင်အားလုံး ပုဂံရောက်လာရသည်။ အကြိမ်ကြိမ် မျိုးရိုးဇာတိကို စစ်ဆေးသည်။ ထူးခြားမှုရှိမလာ။ ပဉ္စကလျာဏီကတော့ ဘုရင့်အမိန့်နှင့် နှင်ထား၍ မည်သည့်အမတ်မှ မခေါ်ရဲတော့လည်း ကျန်ရစ်သည်။

လပြည့်ညတစ်ည ပဉ္စကလျာဏီမင်းသမီး ကြည်လင်နေတဲ့ မိုးကောင်းကင်ကြီးကို ကြည့်နေမိသည်။ နှုတ်မှလည်း ...

"မောင်တော်ရယ် ... တစ်လောကလုံးမှာရှိတဲ့ အလှမ်းမှန်သမျှ ပဉ္စကလျာဏီရဲ့အဖြစ်ဟာ ကြယ်ကြွေတွေကို ပန်းလိုကောက်သီပြီး ခေါင်းမှာပန်ချင်တဲ့ သူရူးမရဲ့ အဖြစ်ပါလား"

နေထွက်နေတဲ့ ရေတက်နေတဲ့ နံနက်အချိန် လျှောင်လှုပ်ပြီး မိုးတွေရွာ၊ လေတွေတိုက် ပဉ္စကလျာဏီ အံကြိတ်ထားသည်။ နဖူးမှ ချွေးသီးချွေးပေါက်တွေ ထွက်လာပြီး ပြင်းထန်တဲ့ဝေဒနာကို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အူဝဲ ... အူဝဲ ... အူဝဲ ..."

"ဟယ် ... သားတော်လေးတော့်။ ချစ်စရာကောင်းလိုက်တာ"

ဝမ်းဆွဲ၏အသံမှ သားတော်လေးဟူသောစကားကို ကြားလိုက်ရသည်နှင့် ပဥ္စကလျာဏီ နာကျင်သော ဝေဒနာမှန်သမျှ ပျောက်သွားသည်။ အရာအားလုံးကို မေ့သွားသည်။

"သားတော်လေး ... သားတော်လေး ... မယ်မယ်ရဲ့ အားငယ်နေတဲ့စိတ်တွေကို ဖြည့်ပေးမယ့် ... သားတော်လေး"

ကိုယ့်ကိုယ်ကိုယ်မှ အားပေးလို့မဆုံး အားငယ်စိတ်တွေ ဝင်လာသည်။

"သားတော်လေးက သူ့ခမည်းတော် ရှင်ဘုရင်ကြီးကို အားရပါးရ ခမည်းတော်လို့ ခေါ်ခွင့်ရှိပါ့မလား"

ပဋိသန္ဓေမှ ကမ္ဘာ့လေလှုပ်ရှားတော့ တစ်ခါ လျှင်လှုပ်၊ တော်လဲ၊ မိုးရွာ လေတိုက်။ အခု သားတော်လေးကို မွေးဖွားတော့ ယခင်အတိုင်း ထူးခြားမှုများ ထပ်ဖြစ်လာပြန်သည်။ စိတ်လှုပ်ရှားနေသူက ပုဂံပြည့်ရှင် အနော်ရထာ။

"အမတ်ကြီးတို့ ... ဟိုယခင်ဖြစ်တဲ့အတိုင်း ထပ်ဖြစ်ပြန်ပြီ။ ဘာကြောင့်ဖြစ်ရတာလဲ။ မှန်ရာကို သံတော်ဦးတင် မချွင်းမချန်နဲ့"

မိုးချုန်းသံကဲ့သို့ အနော်ရထာဘုရင်ရဲ့အသံ။ အားလုံး တိတ်နေသည့် နန်းတော်မျက်နှာကြက်မှ ...

အိမ်မြှောင်စုတ်ထိုးသံ အတိုင်းသား ကြားနေရသည်။

"အမတ်တို့ ... စကားမပြောတတ်တော့ဘူးလား။ ပြောစမ်းပါ ...။ ငါကိုယ်တော်မြတ် အမြန်သိချင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး ...ထားလျှင်လည်း ရှင်ရပါမည်။ သတ်လျှင်လည်း သေရပါမည်။ ပုဂံမှာ ရှင်ဘုရင်လုပ်ပြီး သာသနာပြုမယ့် မင်းသားဟာ ပရိမ္မမှာ မွေးဖွားပြီးပါပြီဘုရား"

ပုဏ္ဏားဖြူ၏ လျှောက်တင်သံအဆုံး ...။

ငါ ကိုယ်တော်မြတ်ကို အနှိတ်ပြီး ရှင်ဘုရင်လုပ်ဦးမှာတဲ့လား။

"အမတ်တို့ ...ပရိမ္မမှာ မွေးဖွားပြီးကလေးနဲ့ မိခင်မှန်သမျှ ပုဂံကိုခေါ်ပြီး မျိုးရိုးဇာတိကို စစ်ဆေးစေ"

မွေးဖွားပြီးစ ကလေးနှင့် မိခင်မှန်သမျှ ပုဂံကိုခေါ်ပြီး အကြိမ်ကြိမ် စစ်ဆေးပါသည်။ သို့သော် ထူးခြားမှုမရှိ။ ပဉ္စကလျာဏီကိုတော့ မည်သူမျှ မခေါ်ရဲ။ ဘုရင်နှင်ထားတော့လည်း ကျန်ရစ်သည်။

ပုခက်တွင်းမှ ဖြူစင်သန့်ရှင်းနေသော သားတော်လေး၏ မျက်နှာလေးကိုကြည့်ပြီး ပဉ္စကလျာဏီ မျက်ရည်တွေ ကျလာသည်။ အပြစ်ကင်းလှသော သားတော်လေး၏အနာဂတ်သည် လှပမလား၊ ကြမ်းတမ်းမလား။ သားတော်လေးရဲ့ဘဝ အေးချမ်းပါစေ၊ လှပါစေ။

အချိန်ကာလတွေ ရာသီတွေ အလီလီပြောင်းလာတော့ သားတော်လေးပင် ၁၀ နှစ်သားခန့် ရှိလာပြီ။ လယ်ကွင်းထဲမှာ နွားကျောင်းသားတွေစုပြီး နွားကျောင်းရင်း အဖေ့အကြောင်း အမေ့အကြောင်း ပြောကြတော့ အမေ့အကြောင်းကိုတော့ ပြော၍ရသည်။ အဖေ့အကြောင်းကိုတော့ ပြော၍မရ။ သားတော်လေး၏ ခမည်းတော် ဘယ်သူလဲ။

ပရိမ္မရဲ့ လသာတဲ့ညတစ်ည ကောက်ဦးပေါ်လို့ မုန့်ဆန်းများ ထောင်းနေကြတဲ့အချိန် မယ်မယ်က လက်ဆုံထဲက မုန့်ဆန်းကို မွှေပေးတော့ သားတော်က ကျည်ပွေ့နှင့် ထောင်းရသည်။ မြင့်မားသော ခရုပ်၊ တည်ကြည်သော ဥပမိရုပ်၊ သန့်မာသော လက်ချောင်းများ၊ ခမည်းတော်



www.burmeseclassic.com

www.burmeseclassic.com



အေနာ္ရထာႏွင့္ တူလွသည္။ အ႐ြယ္ေရာက္လာေသာ သားေတာ္ေလးကို ယေန႔တိုင္ ပဥၥကလ်ာဏီ ကေလးတစ္ေယာက္လို ျမင္သည္။ သားေတာ္ေလး၏ ပါးစပ္အတြင္းသို႔ မုန္႔ဆန္းကိုခြံ႕ေကြၽးရင္း 'သားေတာ္ေလးႀကီးလာရင္ ဘာလုပ္မလဲ'

"စစ္သူႀကီးလုပ္မယ္။ စစ္တိုက္မယ္ ... မယ္မယ္"

လက္ထဲမွ မုန္႔ဆန္းမ်ား လြတ္က်သြားသည္။

"ဘုရား ... ဘုရား ... အခ်ိန္တန္ေတာ့ ေသြးက စကားေျပာလာၿပီပဲ" ရာဇေသြး၊ စစ္ေသြး။

"မယ္မယ္ ... သားေတာ္ရဲ႕ ခမည္းေတာ္ဟာ ဘယ္သူလဲေျပာပါ။ ခမည္းေတာ္ ဘယ္သူလဲလို႔ ေမးတိုင္းေမးတိုင္း မယ္မယ္ မ်က္ရည္ေတြပဲ က်ေနတယ္။ သားေတာ္မွာ ခမည္းေတာ္ရယ္လို႔ ျဖစ္ရာမရွိလို႔လား။ ဟိုႏြားေက်ာင္းသားေတြ ေျပာေျပာေနတဲ့ သားေတာ္က လင္ေကာင္မပေါ္ဘဲ ေမြးလာတဲ့သားလား"

ေလာကတစ္ခုလုံး အိုးထိန္းစက္ကဲ့သို႔ လည္သြားသည္။ ရင္ထဲကို မိုးႀကိဳးပစ္လိုက္သလို တုန္လႈပ္နာက်င္သြားသည္။ မ်က္လုံးအိမ္အတြင္းမွ မ်က္ရည္မ်ား ဒလေဟာစီးဆင္းလာသည္ကို ထိန္းရင္း သားေတာ္ေလး၏လက္ကို ဖမ္း၍ဆုပ္ထားသည္။

"သားေတာ္ေလး သိပ္သိခ်င္တဲ့၊ သားေတာ္ သိပ္ေတြ႕ခ်င္တဲ့ သားေတာ္ရဲ႕ ခမည္းေတာ္ဟာ ပုဂံျပည့္ရွင္ အေနာ္ရထာ"

အံ့ဩတုန္လႈပ္သြားသည္။ ဟုတ္မွဟုတ္ပါ့မလား။ အေနာ္ရထာဆိုတာက ရွင္ဘုရင္၊ ငါက ႏြားေက်ာင္းသား။ မယ္ေတာ္ကို အႀကိမ္ႀကိမ္ေမးရသည္။ ဆို႔နင့္အက္ကြဲေသာအသံနဲ႔ မယ္ေတာ္ငိုေနရင္း အေၾကာင္းစုံေျပာျပရသည္။ ေစတီပေါင္းေျမာက္ျမားစြာနဲ႔ ပုဂံျပည္သည္ ဘုန္းေနသည္။



www.burmeseclassic.com

www.burmeseclassic.com



စည်သံပြောသံတွေနှင့် ကြက်ပျံမကျ စည်ကားလှသည်။ ဆွမ်းခံသည့် ရဟန်းများ၊ ကိုရင်များ ဆွမ်းခံကြွတဲ့ နံနက်အချိန် အရှေ့ဘက်က နေဝန်းနီကလည်း ဘာသာသာသာသနာထွန်းလင်းတာကို ကြည်ညိုရှု၍လား မသိ။ ပုဂံကို အလင်းရောင်အပြည့် ဖြန့်ထားသည်။

ကြည်ညိုဖွယ်ရာ ကိုရင်လေးတစ်ပါး စက္ခုကုန္ဒြေချ၍ တစ်လှမ်းချင်းဆွမ်းခံကြွရင်း အနော်ရထာဘုရင်၏ နန်းရင်ပြင်ရှေ့ ရောက်လာသည်။ ဤမြင်ကွင်းကို မြင်လိုက်သူက ပုဂံပြည့်ရှင်အနော်ရထာ၊ ကြည်ညိုစရာကောင်းလှပါဘိ။ နှုတ်မှလည်း ...

"ရပ်တော်မူပါ ... ဘုရား"

ကိုရင်လေး ခြေအစုံရပ်နေသည်။ အနော်ရထာဘုရင် နန်းဦးလှေခါးမှ တစ်လှမ်းချင်းကြွရင်း ကိုရင်လေးရပ်နေတဲ့ နန်းရင်ပြင်ဆီ ရောက်သွားသည်။ အနားရောက်သည်နှင့် မတ်တတ်ရပ်လျက် လက်ယှက်ရှိခိုးရင်း ...

"ကိုရင်လေး ... ဘယ်အရပ်က ဆွမ်းခံကြွပါသလဲဘုရား"

"ပရိမ္မအရပ်ကပါ"

အရွယ်ကငယ်ပေမယ့် သင်္ကန်းဝတ်ထားတော့ ကြည်ညိုစရာကောင်းလှတာကတော့ အမှန်။

"ဘာအကြောင်းကြောင့် ကိုရင်ဝတ်ရပါသလဲဘုရား"

"မယ်မယ်ကပြောတော့ ကိုရင့်ရဲ့ခမည်းတော် ဘုန်းကံကြီးပြီး တိုင်းပြည်သာယာဝပြောအောင် ကိုရင်ဝတ်ပြီး ဆုတောင်းပါဆိုလို့ ဝတ်တာပါ"

အနော်ရထာဘုရင် စဉ်းစားသွားပြီ။ ခမည်းတော် ဘုန်းကံကြီးပြီး တိုင်းပြည်သာယာ ဝပြောအောင်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရင်လေးရဲ့ခမည်းတော်က ဘယ်သူလဲ"

ကိုရင်လေး မဖြေ။ ခေါင်းငုံ့ပြီး ငြိမ်နေသည်။ ရင်ခုန်နေ၍လား မသိ။ သပိတ်ပိုက်ထားတဲ့လက်များ တုန်နေသည်။ ကိုရင်လေးရဲ့လက်ထဲမှ သပိတ်ကို ယူလိုက်ပြီး ...

"ကိုရင်လေး ... တပည့်တော် လျှောက်နေတယ်လေ။ ကိုရင်လေးရဲ့ခမည်းတော် ဘယ်သူလဲ"

"မဖြေပါရစေနဲ့ ... ဒကာတော်ဘုရင်မင်းမြတ်"

ကိုရင်လေးရဲ့ မျက်လုံးအိမ်အတွင်းမှ မျက်ရည်များ စီးကျလာသည်။

"ကိုရင်လေး ... တပည့်တော်လို ဘုန်းမီးနေလတောက်ပတဲ့ ဘုရင်တစ်ပါးမေးတာကိုမှ မဖြေရင် ကိုရင်လေး ဘယ်သူမေးတာ ဖြေမှာလဲ"

အနည်းငယ်သော ဒေါသပါတော့ အသံအနည်းငယ် မာသွားသည်။

"ကိုရင်လေးရဲ့ခမည်းတော်ဟာ ဘယ်သူလဲ။ ဖြေပါ ... ကိုရင်လေးရယ်"

အသံအနည်းငယ် နှိမ့်မေးသည်။

ကိုရင်လေး မျက်လုံးအိမ်မှ မျက်ရည်များ စီးကျနေရင်း ...

"ကိုရင်ရဲ့ခမည်းတော်က ပုဂံပြည့်ရှင်ဘုရင် အနော်ရထာ"

"ဟင် ..."

ဟုတ်မှဟုတ်ပါ့မလား။ နားကြားများ မှားလေရော့သလား။

"ဒါ ... ဒါ ... ဒါ ... ဖြင့် ကိုရင်လေးရဲ့ မယ်တော်ကရော"





"ပရိမ္မအရပ်မှာ ဆင်းရဲချို့တဲ့စွာနေရတဲ့ မယ်တော် ပဥ္စကလျာထီ"

"ဖြစ်မှဖြစ်ရလေ ..."

နှုတ်မှ တဖွဖွရွတ်နေမိသည်။

တုန်လှုပ်နေတဲ့ ကိုရင်လေးရဲ့လက်များကို နှစ်သိမ့်စွာ ဆုပ်ဆားရင်း ...

"ကိုရင်လေးရဲ့ လူအမည်က ဘယ်လိုခေါ်လဲ"

ချထားတဲ့ မျက်လွှာကိုပင့်၍ အနော်ရထာဘုရင်၏မျက်နှာကို ကြည်နူးအားကိုးစွာကြည့်ရင်း ...

"ခမည်းတော်က တိုင်းပြည်က ခေါ်ခိုင်းတိုင်း ခေါ်ခိုင်းတိုင်း ဘယ်သူကမှ မခေါ်ရဲလို့ ကျွန်ကျွန်ရစ်ခဲ့တဲ့သားမို့ မယ်မယ်က သနားပြီး ကျွန်ရစ်သားလို့ ခေါ်ပါတယ် ... အရှင်မင်းကြီး"

အားရှိသွားပြီ။ ခမည်းတော်ရဲ့ခြေရာကို နင်းမယ့်သား။ ဘာသာသာသနာကို မညှိုးနွမ်းအောင် ထိန်းသိမ်းမယ့်သား။ တိုင်းသူပြည်သားတွေကို စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်အောင် ဆောင်ရွက်မယ့်သား၊ တိုင်းပြည်ကို ကျူးကျော်လာတဲ့ ရန်သူမှန်သမျှကို တိုက်ထုတ်မယ့်စစ်သား။

"သားတော်ရယ် ... ဒီနေ့ကစပြီး ခမည်းတော်ရဲ့ မေတ္တာနဲ့မယ်တော်ရဲ့ မေတ္တာရော၊ မေတ္တာနှစ်ခုစလုံးကို ပိုင်ဆိုင်ပြီး ပုဂံကို လှပအောင်လို့ ဖန်တီးမယ့်၊ တည်ဆောက်မယ့် ခမည်းတော်ရဲ့ အားကိုးရတဲ့ချစ်ရတဲ့ ကျွန်စစ်သားလို့ ခေါ်ပါရစေတော့"

ကိုရင်လေး၏နှုတ်ခမ်းများ အပြုံးရိပ်သန်းသွားသည်။ စိတ်ထဲမှာလည်း ...



www.burmeseclassic.com

www.burmeseclassic.com



"ပရိမ္မအရပ်မှာ ဆင်းရဲချို့တဲ့စွာနေရတဲ့ မယ်တော် ပဉ္စကလျာ ထံ"

"ဖြစ်မှဖြစ်ရလေ ..."

နှုတ်မှ တဖွဖွရွတ်နေမိသည်။

တုန်လှုပ်နေတဲ့ ကိုရင်လေးရဲ့လက်များကို နှစ်သိမ့်စွာ ဆုပ် ထားရင်း ...

"ကိုရင်လေးရဲ့ လူအမည်က ဘယ်လိုခေါ်လဲ"

ချထားတဲ့ မျက်လွှာကိုပင့်၍ အနော်ရထာဘုရင်၏မျက်နှာကို ကြည်နူးအားကိုးစွာကြည့်ရင်း ...

"ခမည်းတော်က တိုင်းပြည်က ခေါ်ခိုင်းတိုင်း ခေါ်ခိုင်းတိုင်း ဘယ်သူကမှ မခေါ်ရဲလို့ ကျန်ကျန်ရစ်ခဲ့တဲ့သားမို့ မယ်မယ်က သနားပြီး ကျန်ရစ်သားလို့ ခေါ်ပါတယ် ... အရှင်မင်းကြီး"

အားရှိသွားပြီ။ ခမည်းတော်ရဲ့ခြေရာကို နင်းမယ့်သား။ ဘာ သာသာသနာကို မညှိုးနွမ်းအောင် ထိန်းသိမ်းမယ့်သား၊ တိုင်းသူပြည် သားတွေကို စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်အောင် ဆောင်ရွက်မယ့် သား၊ တိုင်းပြည်ကို ကျူးကျော်လာတဲ့ ရန်သူမှန်သမျှကို တိုက်ထုတ်မယ့် စစ်သား။

"သားတော်ရယ် ... ဒီနေ့ကစပြီး ခမည်းတော်ရဲ့ မေတ္တာနဲ့ မယ်တော်ရဲ့ မေတ္တာရော၊ မေတ္တာနှစ်ခုစလုံးကို ပိုင်ဆိုင်ပြီး ပုဂံကို လှပ အောင်လို့ ဖန်တီးမယ့်၊ တည်ဆောက်မယ့် ခမည်းတော်ရဲ့ အားကိုးရတဲ့ ချစ်ရတဲ့ ကျန်စစ်သားလို့ ခေါ်ပါရစေတော့"

ကိုရင်လေး၏နှုတ်ခမ်းများ အပြုံးရိပ်သန်းသွားသည်။ စိတ်ထဲ မှာလည်း ...

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မယ်မယ်ရေ ... သားတော်ရဲ့အမည်က ခမည်းတော်ရော မယ်တော်ရော ချစ်တဲ့တိုင်းပြည်ရဲ့ တရားသောစစ်ကို စွမ်းစွမ်းတမံ ထမ်းဆောင်ရမယ့် ကျန်စစ်သားတဲ့ဗျာ"

ပရိမ္မဘက်မှ အဖော်မဲ့သော ဥဩငှက်လေးတစ်ကောင် ပုဂံပြည်ဘက်သို့ ပျံသန်းလာနေသယောင်။

***အနှစ် ၆၀ မြောက် တပ်မတော်နေ့ ကျန်စစ်သားစစ်ကြောင်းမှ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသာအောင်၊ ဒုတိယ စစ်ကြောင်းမှူး၊ ဒုတိယဗိုလ်မှူးကြီး အေးဝင်းနှင့် စစ်သည်တော်များအား ဂုဏ်ပြုလျက် ...***

မောင်စိန်လှိုင် (ဥဿာ)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

ကြည်လင်နေသော မိုးကောင်းကင်နံနက်ပိုင်း ဖြစ်၍လားမသိ။ နေရဲ့အပူက မပြင်းသေး။ မြင်ကွင်းအားလုံးက ပရိမ္မနဲ့မတူ။ ပရိမ္မဆိုတာက လယ်ကွင်းယာကွင်းပြင်၊ ပုဂံမှာက သာသနိကအဆောက်အဦတွေနဲ့ ထန်းပင်တွေက ဒုနဲ့ဒေး။ လုံ့ကိုကိုင်ပြီး စစ်ရေးစကျင့်ပြီဆိုက ရန်သူကိုတိုက်ဖို့၊ ပုဂံပြည်ကိုကာကွယ်ဖို့၊ ပုဂံကို တိုင်းပြည်လို့ဆိုလျှင် ပုဂံပြည်က တို့တိုင်းပြည် ပုဂံမှာနေထိုင်တဲ့လူမျိုးက တို့လူမျိုး၊ တို့ရဲ့ဗုဒ္ဓဘာသာ၊ ပရိမ္မမှာတုန်းက နွားကျောင်းသားတစ်ယောက်အနေနဲ့ နေခဲ့ရတာ။

ပရိမ္မမှာတုန်းက အမည်က ကျန်ရစ်သား၊ ပုဂံရောက်တော့ ကျန်စစ်သား၊ စစ်သားဆိုတာ စစ်ရေးလေ့ကျင့်ရမည်၊ အောင်လံတွေ တလူလူလွှင့်ပြီး တိုက်ပွဲကပြန်လာတိုင်း ပုဂံပြည်သူပြည်သားတွေ အောင်သပြေပန်းနဲ့ ကြိုကြလျှင် တိုက်ပွဲမှာ ပင်ပန်းမှုတွေ ပြေကြကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်သားတွေအားလုံးထဲမှာ ကျန်စစ်သားနဲ့အခင်ဆုံးက ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး။

နံနက် ညနေ တစ်နေ့နှစ်ကြိမ် စစ်ရေးလေ့ကျင့်ရသည်။

ဓားခုတ်၊ လှံထိုး၊ မြင်းစီး၊ အခုန်အပျံ အကျော်အလွှားများကြောင့် နဖူးကချွေး ခြေမကို ကျတာမဟုတ်၊ မြေပေါ်ကျသည်။

ပုဂံမြေကို အသက်နဲ့လဲပြီး ကာကွယ်ရမည်ဟု ချွေးနဲ့သစ္စာဆိုထားသည့်ပမာ ...

ပရိမ္မတုန်းက အနေအထိုင်အစားအသောက်၊ အဝတ်အစားချို့တဲ့ခဲ့သော မယ်တော်ပဉ္စကလျာဏီပင် ပုဂံရောက်တော့ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံနေသည်။

ခါတိုင်း ညီလာခံကျင်းပပုံနဲ့ အခု ညီလာခံကျင်းပပုံခြင်း မတူ။ ခါတိုင်းက မှူးကြီးမတ်ရာ သေနာပတိတွေက ရှေ့ဆုံးမှ နေရာယူပြီး ရဲမက် တွေက နောက်မှာ။ အခုတော့ ရဲမက်လေးဦးက ရှေ့မှာ။ ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး။ ညီလာခံ၏ ငြိမ်သက်မှုကို အနော်ရထာဘုရင်၏ တည်ငြိမ်သောအသံက ဖြိုခွင်းလိုက်သည်။

"ဥဿာဘုရင်က သူတို့နိုင်ငံမှာ ဂျွမ်းစစ်သည်တွေ ထကြွသောင်းကျန်းလို့ စစ်ကူပေးပါဆိုပြီး စစ်ကူလာတောင်းတယ်"

ဆက်၍ပြောမည့်စကားသံကို အားလုံး နားခံနေကြသည်။

"ဒီတိုက်ပွဲအတွက် သားတော်ကျန်စစ်သားက ဦးဆောင်ပြီး ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့နဲ့အတူ လိုအပ်တဲ့စစ်သည်ကို ခေါ်၊ မငြိမ်းချမ်းတဲ့ နေရာဒေသမှာ တရားသောစစ်ကို ကူရမှာဖြစ်တဲ့အတွက် ရှုံးတယ်ဆိုတဲ့စကား ငါကိုယ်တော် မကြားချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တိုက်ပွဲပြီးလို့ အောင်လံတွေလွှင့်ပြီး ပြန်လာတဲ့အခါ ပုဂံသူ ပုဂံသားတွေ အောင်သပြေပန်းနဲ့ ကြိုဖို့ရာဇတမန် အမတ်ကြီးက စီစဉ်"

"သားတော်မောင်ကျန်စစ်သားက တိုက်ပွဲမထွက်မီ ခမည်းတော်နဲ့တွေ့ဖို့ ဥယျာဉ်တော်ကို ခေတ္တဝင်ခဲ့"

အမိန့်သံဆုံးတော့ ညီလာခံ နားလိုက်သည်။ စစ်တိုက်ရန်အတွက် စစ်သွေးဝနေပြီးသားမို့ တုန်လှုပ်မှုမရှိကြ။ အားလုံး သွက်လက်နေသည်။

ဥယျာဉ်တော်ထဲ ကျန်စစ်သား ဝင်လိုက်မိသည်နှင့် ခမည်းတော်နှင့် မယ်တော်တို့ကိုတွေ့ရသည်။ ကျန်စစ်သား သိလိုက်ပါပြီ။ တိုက်ပွဲမထွက်မီ ခမည်းတော်နဲ့မယ်တော်ကို ကန်တော့ရပေမည်။

ခမည်းတော်နဲ့မယ်တော်ကို ကန်တော့ပြီး ပြန်လှည့်ထွက်စဉ် မယ်တော်ပဥ္စကလျာဏီ စကားတစ်ခွန်းပြောသည်။

"သားတော် မြင်းစီးနေရတဲ့အချိန်မှာ ငယ်ငယ်တုန်းက နွားစီးခဲ့ရတဲ့ဘဝကို မမေ့နဲ့နော်"

မြင့်မားရှည်လျားသော တောင်တန်းများ၊ လျှိုမြောင်များ၊ စမ်းချောင်းနဲ့ သဲသောင်ခုံများကို ရက်အတော်များများ ကျော်ဖြတ်ပြီးတဲ့ အချိန်မှာ ဥသျှာမြို့ကို လှမ်းမြင်ရပေပြီ။ မကြာတော့တဲ့အချိန်မှာ တိုက်ပွဲတိုက်ရလိမ့်မယ်ဆိုတဲ့ သတိဝင်လာသည်နှင့် အလိုအလျောက် လှံတံအပေါ်သို့ သန်မာတဲ့လက်က ရောက်သွားသည်။

ဝဲယာကိုကြည့်လိုက်တော့ လေးလက်ဖယ်၊ ညောင်ဦးဖီး၊ ငထွေရူးတို့နှင့်အတူ ရဲမက်တွေရဲ့မျက်နှာမှာ တုန်လှုပ်ချောက်ချားမှုမရှိ၊ သိန်းငှက်ကဲ့သို့ မျက်လုံးများနှင့် ဥသျှာမြို့ကို လှမ်းကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မှုန်ဝါးဝါးလရောင်အောက်တွင် ဦးသာပြည်သည် မွန်ဂိုတို့၏ ဝိုင်းရံမှုအောက်၌ စိုးရိမ်စိတ်ဖြင့် အိပ်ပျော်နေသယောင်။

"ရဲမက်၊ ရဲဘော်အပေါင်းတို့ ... ငါ့ရဲ့ ခမည်းတော် အနော်ရထာ ဘုရင်မှာလိုက်တဲ့ အမိန့်စကားကို သတိရကြရဲ့လား"

အားလုံးမှတ်မိကြောင်း တိုးတိတ်စွာ အသံထွက်လာသည်။

"မှတ်မိရင် ပြန်ပြောစမ်း"

"တရားသောစစ်ကို တိုက်ရတဲ့ စစ်သားတွေအတွက် တိုက်ပွဲရဲ့ အရှုံးဆိုတာ ဘယ်အချိန်ခါမှ မရှိစေရဘူး"

နွားကျောင်းခဲ့ဖူးသော ပရိမ္မသားကျွန်စစ်သား၏ အောင်နိုင်မှုအပြုံးသည် ကောင်းကင်၌ ထွန်းလင်းတောက်ပလျက်ရှိသော လမင်းထက် ပို၍ အလင်းရောင်သာသွားသည် ထင်ရသည်။

"တိုက်"

အချိန်အနည်းငယ်အတွင်း မြင်းဟီသံများ၊ ဓားဓားချင်း လှံလှံချင်း ထိသံများ ဆူညံသွားသည်။

ရန်သူများ ကစဉ့်ကလျား ထွက်ပြေးသူပြေး၊ ကျဆုံးသူကျဆုံးဖြင့် မွန်ဂိုတို့ ရှုံးနိမ့်ပြီး၊ ကျွန်စစ်သားတို့ အောင်ပွဲဆင်ခဲ့ရလေတော့သည်။

ဝမ်းသာအားရဖြင့် မြို့ရိုးတံခါးဝက ထွက်လာပြီးကြိုဆိုသူက ဦးသာဘုရင်နှင့် ဦးသာပြည်သူ၊ ပြည်သားများ။ ပျော်လို့မဆုံး တပြုံးပြုံးဖြင့် ပုဂံစစ်သားများကို အားရဝမ်းသာ ကြိုဆိုကြသည်။

အားပါးတရ ဧည့်ခံကျွေးမွေးကြသည်။ အေးအေးဆေးဆေး အပန်းဖြေအနားယူရင်း ဧည့်ခံမှုကို ခံယူနေချိန် ကျွန်စစ်သားရဲ့အနားမှာ လာထိုင်သူက ဩောင်ဦးဖီး။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးကျုန်ရဲ့လှံသွားက ထန်းပင်ကိုတောင် ဖောက်ထွင်းသွားတယ်နော်။ တစ်ဖက်ရန်သူရဲ့ နှလုံးသားကို စိုက်သွားရင် ဘယ်လိုနေမလဲ"

ညောင်ဦးဖီး၏ အမေးကို မဆိုင်းမတွ ကျုန်စစ်သားပြန်ဖြေလိုက်သည်။

"ရန်သူပဲ သေပစေပေါ့"

သည်တစ်ခါ ဆက်မေးသူက ငထွေရူး ...

"ကိုကြီးကျုန်ရဲ့ နှလုံးသားကို တစ်ဖက်ကပစ်တဲ့လှံ စိုက်သွားမယ်ဆိုရင်ကော"

ကျုန်စစ်သား လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း အံကြိတ်ပြောလိုက်သည်။

"ကျုန်စစ်သားရဲ့နှလုံးသားကို ဘယ်လှံမှမစိုက်စေရဘူး၊ စိုက်ဖို့မပြောနဲ့ ချိန်လို့တောင် မရစေရဘူး"

ငထွေရူး ပြုံးရင်း ခေါင်းညိတ်ရယ်မောနေမိသည်။ ဉာဏ်ပြည်ရဲ့ဝန်းကျင်က သစ်ပင်၊ သစ်တော၊ တောင်တန်းတွေ၊ ရေတွေကြည်လင်နေတဲ့ စမ်းချောင်းတွေ ပေါများသည်။

ပုဂံမပြန်ရမီ စမ်းချောင်းလေးတွေထဲမှာ တစ်ယောက်တည်း လှံကိုင်ပြီး လျှောက်နေသူက ပုဂံသားကျုန်စစ်သား။

ဥဒေါင်းငှက်တွန်သံ၊ ဖိုးခေါင်ငှက်အော်သံ၊ ချိုးငှက်များကူသံ ဥဩငှက်တွန်သံများသည် ကျုန်စစ်သားအတွက် လွမ်းတေးကို ဆိုနေသယောင်ရှိနေသည်။ မမျှော်လင့်သောနေရာတွင် စမ်းချောင်းလေးရှိ ရေချိုးဆိပ်လေးတစ်ခုအရောက် ...

"ဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



ကျန်စစ်သားနှုတ်မှ အံ့သြမှု၊ လှပသော မိန်းကလေးတစ်ယောက် ထမီရင်လျားနှင့် စမ်းရေများကို အားပါးတရ ရေချိုးနေသည်။

နှုတ်မှ သီဆိုနေသော သာယာနာပျော်ဖွယ် သီချင်းသံသည် အတိုင်းသား။ ချုံကွယ်မှ ချောင်းကြည့်လျှင် ရှိုင်းရာကျတော့မည်ထင်၍ ချုံကွယ်မှ ထွက်လိုက်သည်နှင့် မိန်းမပျိုလေးနှုတ်မှ ...

"ဟင် ... မောင်ကြီး သည့်နေရာ ဘာလာလုပ်တာလဲ"

ပါးစပ်ကလည်းပြော၊ လက်ကလည်း ခြုံပေါ်မှာတင်ထားသည့် တဘက်ကို ထမီရင်လျားပေါ် တင်လိုက်သည်။ တည်ငြိမ်စွာနှင့် မျက်နှာတစ်ဖက်လွှဲပြီး ရပ်နေသူက ကျန်စစ်သား ...

"မကြောက်ပါနဲ့ ... နှမတော်၊ မောင်ကြီးက ဟိုးပုဂံပြည်ကပါ။ နှမတော်တို့ ဥဿာမြို့ကို မွန်ဂိုတွေ ဝိုင်းနေလို့ လာပြီးတိုက်ခိုက်ပေးတဲ့စစ်သားပါ။ မောင်ကြီးရဲ့အမည်က ကျန်စစ်သားလို့ခေါ်ပါတယ်။

မိန်းကလေးအနည်းငယ် အကြောက်ပြေသွားသည်။

"နှမတော်ရဲ့နာမည် ဘယ်လိုခေါ်လဲ"

မိန်းကလေးခေါင်းငုံ့လျက် ...

"ခင်ဦးလို့ ခေါ်ပါတယ်"

"ခင်ဦးက ဘယ်မှာနေလဲ"

"ဟိုးရှေ့နားက ရွာမှာပါ"

စစ်တိုက်ရာတွင် ရန်သူတွေ ဘယ်လောက်များများ စိုးရိမ်မှုမရှိတဲ့ စစ်သားက မိန်းကလေးတစ်ယောက်ရဲ့ရှေ့မှာ ရပ်ပြီး လှုံကိုင်ထားရင်း ရင်တွေခုန်နေသည်။

စိတ်ကိုငြိမ်အောင်ထိန်းရင်း နှုတ်မှလည်း ...

---



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြီးကို ရှိုင်းတယ်လို့ မထင်စေချင်ဘူး။ မောင်ကြီး နှမတော်ကို မြင်မြင်ချင်း မေတ္တာသက်ဝင်မိတယ်။ မောင်ကြီးရဲ့အချစ်က တအံ့မြင်တွေ့ရပေမယ့် ထာဝရအချစ်ပါ။ နှမတော် လက်ခံမယ်ဆိုရင် နှမတော်ကို မောင်ကြီးတို့ပုဂံကို ခေါ်သွားပြီး ရာသက်ပန်ရိုးမြေကျ ပေါင်းပါမယ်"

မိန်းကလေးမျက်လုံးများက ကျန်စစ်သားရဲ့ ချစ်တတ်တဲ့နှလုံးသားကို သံယောဇဉ်ကြိုးများ ချည်နှောင်နေသယောင်၊ ရှဉ့်ငယ်တစ်ကောင်က တစ်နေရာမှ တစ်နေရာသို့ခုန်အကူးကို လှမ်းကြည့်နိုက် ရုတ်တရက် ပျောက်သွားတဲ့ ခင်ဦးကို နေရာအနှံ့ရှာကြည့်သည်။ ဝန်းကျင်တွင်ရှာလည်း မတွေ့။ ကျန်စစ်သားရင်ထဲမှာ စကားတစ်ခွန်း ပြောမိသည်။

"ပုဂံမြေက စစ်သားကြီးကို အလွမ်းတွေ တောင်လိုပုံအောင် လုပ်ခဲ့တာလား ဥသာမြေက ... ခင်ဦးရယ်"

ကျန်စစ်သားက စမ်းချောင်းလေးထဲမှာ ခင်ဦးနှင့် တွေ့ခဲ့ရတဲ့ အကြောင်းကို ငထွေရူးကိုပြောပြပြီး ငထွေရူးရဲ့အကူအညီနဲ့ ခင်ဦးကို တွေ့အောင်ရှာသည်။ မတွေ့။ ကျန်စစ်သားနှုတ်မှလည်း ...

"သည်လောက်ချောလှတဲ့ မိန်းကလေး ငါတစ်ခါမှ မတွေ့ဖူးသေးဘူး။ ငါ သူ့ကို စွဲလမ်းမိတာကတော့ အမှန်ပဲ ... ငထွေးရူးရယ်"

ငထွေရူး ပြုံးလျက် ပြောသည်။

"ကိုကြီးကျန်ရဲ့နှလုံးသားမှာ လှုံ့စိုက်နေပြီ"

"မောင်မင်း ဘာကိုပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျန်စစ်သားအသံက အနည်းငယ် ဒေါ်သသံပါသွားသည်။

"ခင်ဦးရဲ့ ရှုပါရုံဆိုတဲ့ အလှတရားလုံ့က ကိုကြီးကျန်ရဲ့ နှလုံးသားမှာ စိုက်နေပြီ"

ကျန်စစ်သား မငြင်းနိုင်။

"ခင်ဦးဆိုလိုက်တဲ့ သီချင်းသံကလည်း သာယာနာပျော်ဖွယ်ကောင်းလို့လား မသိဘူး။ ငါ့နားထဲကကို မထွက်နိုင်ဘူး၊ အိပ်ပျော်နေတဲ့အချိန်မှာတောင် နားထဲမှာ ကြားနေတယ်"

စကားဆုံးတော့ ငထွေရုး ဆက်ပြောသည်။

"ကိုကြီးကျန်ရဲ့နှလုံးသားမှာ ခင်ဦးရဲ့သဒ္ဒါရုံဆိုတဲ့ လုံ့က စိုက်သွားပြန်ပြီ ... ကိုကြီးကျန်"

ကျန်စစ်သားသစ်ပင်ကို မှီပြီး ပြောလိုက်တဲ့စကားက ...

"ခင်ဦးပစ်တဲ့ လုံ့နှစ်ချောင်းဟာ ငါ့နှလုံးသားမှာ စိုက်နေတယ်ဆိုရင် အဲဒီလုံ့ဒဏ်ရာနဲ့ ငါပုဂံကိုပြန်ပြီး ခင်ဦးကိုအသက်မကချစ်ပါတယ်ဆိုတဲ့အကြောင်းကို ဧရာဝတီမြစ်ရေကို သောက်ရင်းသစ္စာဆိုမယ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

သည်နေ့ ပုဂံကို ပြန်ရတော့မည်။ ပုဂံကို ပြန်ရတော့မည်ဆိုသည်နှင့် အပြန်ခရီးကို စီစဉ်သူက ကျန်စစ်သား။ ဥဿာဘုရင်က ရှေးမင်းအဆက်ဆက်ကိုးကွယ်ခဲ့သော ဆံတော်ဓာတ်တစ်ဆူကို အနော်ရထာမင်းထံ ဆက်သရုံသာမက အနော်ရထာ၏သွေးကို လိုချင်တယ်ဆိုပြီး သမီးတော် မဏိစန္ဒာကိုပါ ဆက်သလိုက်သည်။ အဖွဲ့နှစ်ဖွဲ့ခွဲပြီး တစ်ဖွဲ့က ဆံတော်ဓာတ်ကို ဆင်နဲ့သယ်ကာ နောက်အဖွဲ့က မဏိစန္ဒာကို ကတ္တီပါ အမိုး၊ အကာနှင့် ခြေလျင်သယ်ရသည်။

နှစ်ဖွဲ့စလုံးကို ကြီးကြပ်ဆောင်ရွက်ရသူ ကျန်စစ်သား။ ရုံးနှင့် ရှိခါ ကိုယ်တိုင်ကင်းစောင့်ရသည်။ တန်ဆောင်မုန်းလရဲ့ လပြည့်ညတွင် ခရီးပန်း၍ အားလုံး အိပ်မောကျနေကြသည်။ တောလမ်းခရီးဖြစ်၍ အင်၊ ကညင်၊ မီးတိုင်များ အစီအရီထွန်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ညရဲ့ လမင်းကြီးကလည်း ထိန်ထိန်သာနေသည်။ အချိန်က ညဦးသန်းခေါင်းယံ။ တာဝန်ကျ၍ စောင့်နေသူက ကျွန်စစ်သား။ နေရာက မဏိစန္ဒာ၏ ဝေါယာဉ်နံဘေးက မကျည်းပင်ကြီးအောက်၊ စီးတွက်ငှက်၏ အော်သံကိုတော့ အဆက်မပြတ် ကြားနေသည်။

မထင်မှတ်ဘဲ ဝေါယာဉ်ပေါ်က ဆင်းလာသူက မဏိစန္ဒာ။ ကျွန်စစ်သားဝဲယာကို နားစွင့်ပြီး မျက်လုံးကတော့ မြေကြီးကို စိုက်ကြည့်နေသည်။

မဏိစန္ဒာကို မကြည့်မိ။ မကြည့်မိအောင် ထိန်းထားရမည်။ မိမိရဲ့ ခမည်းတော်ကို ဆက်သလိုက်တဲ့ မိဖုရားဖြစ်သည်။

တိတ်ဆိတ်နေသောအချိန်ကို မဏိစန္ဒာရဲ့အသံက မတိုးမကျယ် သွမ်းမိုးသွားသည်။

"မောင်ကြီး ..."

ကျွန်စစ်သား မော့ကြည့်ပြီး အံ့သြတုန်လှုပ်သွားသည်။ ဥသောစမ်းချောင်းကလေးထဲမှာတွေ့ပြီး မိမိချစ်ခဲ့ရသော ခင်ဦးနှင့်တူလှသည်။

"မောင်ကြီး ... ဘာကြည့်နေတာလဲ။ ခင်ဦးကို မမှတ်မိဘူးလား"

ကျွန်စစ်သားစိတ်ထဲမှာ တွေးမိသည်။ တောထဲမှာ တွေ့ခဲ့ရသဲ့ တောသူမလေးခင်ဦးက ဘာကြောင့် မဏိစန္ဒာဖြစ်နေရပါလိမ့်။

"မောင်ကြီးရယ် ... နန်းရင်ပြင်ထဲမှာနေရတာ တစ်ခါတစ်ခါ ငြီးငွေ့ပြီး တောထဲက စမ်းချောင်းလေးထဲမှာ အဖော်တွေကို တစ်နေရာ ထားပြီး တစ်ယောက်တည်း ရေချိုးနေတုန်း မောင်ကြီးနဲ့တွေ့ခဲ့တာ မောင်ကြီးပြောခဲ့တဲ့ စကားတွေကို အချိန်တိုင်းမှာ ပြန်ကြားတယ် ပြန်



www.burmeseclassic.com

www.burmeseclassic.com



ကြားတိုင်းလည်း ရင်ခုန်မိတယ်။ အဲဒီတုန်းက မောင်ကြီးပြောခဲ့တဲ့စကား တွေက တကယ်ပဲလား။ အခု ခင်ဦး နားထောင်ချင်လို့ ပြန်ပြောပါ လား''

ကျန်စစ်သား စိတ်ကိုငြိမ်အောင် ထိန်းလိုက်သည်။ မြေမှာ ထောင်လျက် ကိုင်ထားသောလှံသည် အနည်းငယ် ယိမ်းယိုင်နေသည်။

''မဏိစန္ဒာ . . . ကျွန်တော်မျိုးချစ်ခဲ့တာက ခင်ဦး၊ မဏိစန္ဒာ ကို ချစ်တာမဟုတ်ဘူး။ အခု ခင်ဦးက မဏိစန္ဒာဖြစ်နေပြီဆိုတော့ ကျွန်တော်မျိုးမေတ္တာကို ပြန်ရုပ်သိမ်းတယ်။ အရာအားလုံးကို မေ့ပစ် လိုက်ပါ။ ဘာကြောင့်လည်းဆိုတော့ မဏိစန္ဒာက ဘုရင့်မိဖုရားပါ။

ကျွန်တော်မျိုးကို နားလည်ပေးပါ။ ခမည်းတော် အနော်ရထာ နဲ့ယှဉ်ပြီး တိုက်ရမယ့် နှလုံးသားစစ်မြေပြင်တိုက်ပွဲမှာ ကျွန်တော်မျိုး ကျန်စစ်သား မတိုက်ခင်ကတည်းက အရှုံးပေးပြီးသားပါ''

မဏိစန္ဒာ၏အလှကို ကျန်စစ်သား အဝကြီးကြည့်ပြီး ကျော ခိုင်းလိုက်သည်။

အရာအားလုံးကို အိပ်ချင်ဟန်ဆောင်ရင်း နားထောင်နေသူ ရဲ့မက်သည် တစ်ဖက်သို့ လှည့်သွားသည်။

ပုဂံမြို့အဝင်ကတည်းက စပြီး အောင်သပြေပန်းနဲ့ ကြိုဆိုကြ သူများ များပြားလှသည်။ ရာဇတမန်အမတ်ကြီး၏ ကြိုဆိုရေးအစီအစဉ် သည် ခမ်းနားထည်ဝါလှပါဘိ။ ခါတိုင်း တိုက်ပွဲပြီး၍ ပြန်လာတိုင်း ကြို ဆိုပြီးလျှင် မိမိနေရသည့်နေရာကို ပြန်၍ နားနားနေနေ နေခဲ့သော် လည်း ယခုအခါမူ မှူးကြီးမတ်ရာ သေနာပတိများဝန်းရံလျက် ဥယျာဉ် တော်ထဲသို့ လိုက်ပါခဲ့ရလေတော့သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်အလယ်တွင် ခမည်းတော်အနော်ရထာ အရောင်တောက်လျက်ရှိသော သန်လျက်ကို ကိုင်လျက် နေရာယူထားသည်။ ခမည်းတော်ရှေ့ရောက်သည်နှင့် အလိုအလျောက် ဒူးထောက်ခစားပြီး အနည်းငယ်ကြာတော့ အနော်ရထာ၏နှုတ်မှ ဒေါသစကားများ ပေါ်ထွက်လာသည်။

"မောင်မင်းကျွန်စစ်သား ... မောင်မင်းဟာ ငါ့ကိုဆက်သလိုက်တဲ့ မဏိစန္ဒာနဲ့ လမ်းခရီးမှာ ဖောက်ပြန်ခဲ့တယ်ဆိုတာ ... ဟုတ်လား"

ကျွန်စစ်သား လက်အုပ်ချီလျက် ...

"မဟုတ်ပါ ... ခမည်းတော်အရှင်မင်းကြီး။ ကျွန်တော်မျိုး တောထဲမှတွေ့ခဲ့တဲ့ ခင်ဦးကို ချစ်တာပါ။ အရှင်မင်းကြီးရဲ့ မဏိစန္ဒာကို မချစ်ပါဘူး။ ကျွန်တော်မျိုး ခင်ဦးကိုပြောတဲ့ မေတ္တာစကားကို ပြန်ပြီး ရုပ်သိမ်းတဲ့အကြောင်း ပြောပြီးပါပြီ။ ခမည်းတော်ရဲ့ ကျေးဇူးတရားနဲ့ ခမည်းတော်အပေါ်ထားရှိတဲ့ သစ္စာတရားကို အသက်ထက်ပိုပြီး တန်ဖိုးထားပါတယ်။ ပုဂံသားရဲ့ရင်၌တည်သော သစ္စာတရားကို ပုဂံမြေကသိပါတယ် ... ခမည်းတော်"

"ဒီလိုဆိုလျှင် မဏိစန္ဒာကို မောင်မင်း ကျောမခိုင်းမီ အကြာကြီး စိုက်ကြည့်နေတယ်ဆိုတာဟာ ဘာကြောင့်လဲ။ ဖောက်ပြန်ချင်လို့လား"

ကျွန်စစ်သား သက်ပြင်းတစ်ချက် ခိုးရှိုက်ရင်း ပြောလိုက်သည်။

"အရှင်မင်းကြီး ... ဥယျာဉ်မှူးတစ်ယောက်ဟာ သူစိုက်ထားတဲ့ပန်းကို သူများမခူးစေချင်ရင် ပန်းမခူးရလို့ဘဲ ရေးရမယ်။ ပန်းအလှ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ထွေးမြ
# ဆွေးကြေမိသည်



www.burmeseclassic.com

www.burmeseclassic.com

❑

ရန်ကုန်–အင်းစိန်လမ်းမကြီးပေါ်တွင် ကြီးကြီးငယ်ငယ် တန်ကြေးနည်းနည်းများများ ရောင်စုံရှိသော ကားများ မောင်းနှင်နေသည်။ များလှစွာသောကားများကို သာလှတစ်ယောက် သမိုင်းလမ်းဆုံမှ ရပ်၍ ကြည့်ရင်း ငေးမောနေမိသည်။

သာလှသည် ပဲခူးတိုင်း၊ ပဲခူးမြို့နယ်တွင်ရှိသော ကော်ချဲဟု သော ရွာကလေးတစ်ရွာမှ လယ်သမားတစ်ယောက်ဖြစ်သည်။ ငယ်စဉ် က ရွာမူလတန်းကျောင်းမှ ၄–တန်းအောင်၍ အသွားအပြန် (၆) မိုင် လမ်းလျှောက်ရသော ထုံးကြီးအလယ်တန်းကျောင်းတွင် စာသင်ခဲ့ရ သည်။ နေ့စဉ် ထမင်းစားရသောအချိန်များ၌ ငပိရည်အဖြူထည် ဖြစ် သည်။

သာလှအလယ်တန်းကျောင်းတွင် ပညာသင်နေရင်း လယ်ထွန် နေသော ဖခင်စက်ကွင်းမိ၍ သေဆုံးသွားသဖြင့် သာလှတို့မိသားစု စီး ပွားရေးပျက်ခဲ့ရသည်။ သာလှမိခင်သည် အဖေသေဆုံး၍အဖေ့အမွေ အဖြစ် သားသမီး(၅)ယောက်သာ ကျန်ခဲ့သည်။ ထိုသို့ သားသမီး(၅)



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို မေတ္တာတရားကြီးမားစွာဖြင့် သာလု၏မိခင်သည် ချို့တဲ့စွာ ဝမ်းရေးအဆင်ပြေနိုင်ရန်အတွက် ရှာဖွေကျွေးမွေးခဲ့သည်။

အမေ့၏ အသက်နှင့်မမျှအောင် ရှာဖွေကျွေးမွေးခဲ့သော ဒုက္ခကိုမကြည့်နိုင်သဖြင့် အရွယ်ရောက်လာပြီဖြစ်သော သာလုတစ်ယောက် မြို့တက်၍ သမိုင်းကြွေရည်သုတ် စက်ရုံတွင် အလုပ်ဝင်လုပ်ခဲ့သည်။ နေထိုင်ရေးအဆင်ပြေစေရန်အတွက် စက်ရုံထဲတွင် သိရသော မိတ်ဆွေတစ်ဦး၏ အိမ်ဘေးတွင် တစ်ဖက်ရပ်တဲလေးထိုး၍ နေထိုင်ရသည်။

စက်ရုံမှ နေ့လယ်(၁၁)နာရီ ထမင်းစားလွှတ်ချိန်တွင် အခြားအချို့ဝန်ထမ်းများကဲ့သို့ လက်ဖက်ရည်ဆိုင်တွင် မထိုင်နိုင်ဘဲ လမ်းပေါ်ရှိကားများကိုသာ ငေးမော၍ ကြည့်ရှုအချိန်ကုန်စေခဲ့သည်။ ထိုသို့ကြည့်နေရင်း သာလုစိတ်ထဲတွင် ...

'ဒီလောက်များတဲ့ ကားတွေထဲမှာ ငါပိုင်တဲ့ကား၊ ငါ့အမျိုးအနွယ်များ ပိုင်တဲ့ကားဟူ၍ တစ်စီးတလေမျှ မရှိပါလား' ဟူ၍ တွေးပြီး သာလု ကြိတ်၍ပြုံးမိသည်။

ထိုသို့ပြုံးနေစဉ်အတွင်း သာလုအနီးသို့ နောက်ဆုံးပေါ် ပရာဒိုကားအဖြူရောင်တစ်စီး ထိုးရပ်လိုက်သည်။ ထိုကားကြီးကိုကြည့်ရင်း–

'ဩော် ... ဒီလိုကားမျိုး ငါစီးဖူးရင် သိပ်ကောင်းမှာပဲ' ဟု အတွေးဝင်နေစဉ် ကားပေါ်မှ သန့်သန့်မာမာ၊ ထွားထွားကြိုင်းကြိုင်းနှင့် အနောက်တိုင်းဝတ်စုံကို ဝတ်ထားသော လူတစ်ယောက် ကားလမ်းတစ်ဖက်ကို ကူးသွားသည်။ သာလုသည် မိမိ၏အနားတွင်ရပ်နေသော ကားအား လက်နှင့်ကိုင်ကြည့်မည်ဟု ကြံရွယ်နေစဉ် အတွင်းကို သာလု ကြည့်တော့ ဆံပင်တိုကုပ်ဝဲနှင့် မိန်းကလေးတစ်ယောက်။ နောက်နားမှာ

www.burmeseclassic.com



လည်း မိတ်ကပ်များအပြည့်။ အညိုရောင်နှုတ်ခမ်းနီကို ဆိုးထားသည်။ ထိုမိန်းကလေးကို သာလှကြည့်နေစဉ် ...

"ဟဲ့ ... သာလှမဟုတ်လား၊ ဘာကြည့်နေတာလဲ။ ငါ ရွာက ဒွေးမြလေ"

"ဟာ ..."

သာလှ သိပ်အံ့သြသွားသည်။ ရွာမှာနေတုန်းက ဒွေးမြသည် ဆံတောက်ကလေးနှင့် ရှင်မတောင်သနပ်ခါးကို မျက်နှာအပြည့်လိမ်းပြီး ပါးကွက်ကျားနှင့်ဒွေးမြ၊ ရွာတွင် အလှူအတန်းလုပ်သည့်အခါ ကွမ်းတောင်ကိုင်လေး ဒွေးမြ၊ ရွာတောင်ဖက် ရေကန်ကြီးမှ ကြာဖြူ၊ ကြာနီ၊ ကြာညိုတို့ကို ခူးပြီး ကြာပုတီးလုပ်ခါ ကြာပုတီးကို လည်မှာဆွဲတတ်သော ဒွေးမြ၊ မြန်မာ့ယဉ်ကျေးမှုကို တောဟန်တောစရိုက်နှင့်အညီ ထိန်းသိမ်းတတ်သော ဒွေးမြ၊ ဒွေးမြတို့မိသားစုက ရွာတွင် ငွေကြေးဥစ္စာပြေလည်သော အသိုင်းအဝန်းဖြစ်သည်။

မုဆိုးမသားသာလှသည် ဒွေးမြကိုချစ်သော်လည်း ဒွေးမြကို ချစ်သောစကားများကို ရွာတောင်ရိုးက ကုက္ကိုပင်ကြီးကိုသာ မကြာခဏ သွားပြောခဲ့သည်။ ယခုတော့ သူချစ်သောဒွေးမြကို နောက်ဆုံးပေါ်ကားကြီးပေါ်တွင် မြင်ရ၍ တအံ့တသြဖြစ်ခဲ့ရသည်။ နှုတ်မှလည်း ...

"ဒွေးမြ ... နင် ရန်ကုန်ကို ဘယ်လိုရောက်လာတာလဲ။ ဒီကားက နင့်ကားလား။ ခုနလူနဲ့ နင်နဲ့ ဘာတော်လဲ"

သာလှမေးခွန်းများကို ဒွေးမြ ပြန်မဖြေ၊ ပြန်ဖြေရကောင်းမှန်းလည်းမသိ။ အတန်ငယ်ကြာမှ ..

"ငါ ခရောင်းလမ်းမှာ လှည်းကြမ်းကို မစီးချင်တော့ဘူး။ ငါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထိုက်တန်တဲ့ ရန်ကုန်မြို့ကို ငါရောက်လာတာ၊ ငါ့ဘဝလှနေပြီ။ ရွာက ရွံ့ဗွက်ကို ငါရွံ့တယ်''

ဒွေးမြ၏စကားသံများသည် သာလှအတွက် နားခါးစရာဖြစ်နေသည်။

''နင် ဘယ်မှာနေလဲ''

ဒွေးမြအမေးကို သာလှဖြေပြီး ကားကြီးကို ကျောခိုင်းလိုက်သည်။ နောက်ပြန်လှည့်ကြည့်တော့ ကားဖြူကြီး မရှိတော့။ အဲဒီညက သာလှ ကောင်းကောင်းအိပ်မပျော်။

သာလှနေသောအိမ်တွင် လျှပ်စစ်မီးမရှိ၍ ညဥ့်ဦးပိုင်း ဖယောင်းတိုင်လေး ထွန်းထားသည်။ ဖယောင်းတိုင်ကုန်မည်စိုး၍ ဖယောင်းတိုင်မီးမှုတ်ပြီး အမှောင်ထဲတွင် ထိုင်ပြီး စဉ်းစားသည်။ ရွာအကြောင်း၊ ဒွေးမြအကြောင်း။

သည်လိုနှင့် ၁ နှစ်ခန့်ကြာခဲ့သည်။ သာလှ ဒွေးမြကို သတိမရတော့။

''သာလှ . . .''

ဟူသောခေါ်သံနှင့် သူ့တဲလေးသို့ ရောက်လာသူက ဒွေးမြဖြစ်နေသည်။

''ဒွေးမြ . . . နင်ဘာလာလုပ်တာလဲ။ ရွာကို လူကြုံမှာချင်လို့လား''

ဒွေးမြ မဖြေ။ ဒွေးမြမျက်နှာသည် ယခင်ကဲ့သို့ ပြည့်ပြည့်ဝဝမရှိ။ မျက်တွင်းကျသည်။ မျက်နှာတွင် မိတ်ကပ်မလိမ်း၊ လူကလည်း ပိန်လှီသွားသည်။ ရွာမှာတုန်းကလို သဘက်လေး ခေါင်းပေါင်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင် ငါနဲ့ ကားအတူစီးတဲ့လူကို မှတ်မိလား"

သာလှ မှတ်မိကြောင်း ပြောသည်။ ဒွေးမြ ထိုသူ့ဓာတ်ပုံကို ထုတ်ပြသည်။ ထိုသူကိုခေါ်ပေးရန် ပြောသည်။ လိပ်စာကိုပေးသည်။

သူ့ကို ငါနေမကောင်းတဲ့အကြောင်း သေသေချာချာပြောပြီး တောင်းပန်ခေါ်ခဲ့ရန် မှာသည်။ သာလှ စဉ်းစားသည်။

"နှင် နေမကောင်းတာ ဘာရောဂါလဲ"

ဒွေးမြ မဖြေ။ မျက်ရည်တွေသာ ကျနေသည်။ ကြိတ်၍ ရှိုက် ရှိုက်ငိုနေသည်။

"ငါ့ရွာသူ ငါမကူညီလို့ ဘယ်သူကကူညီမှာလဲ"

ဟူသောအတွေးနှင့် သာလှအိမ်မှထွက်ခဲ့သည်။ သမိုင်းလမ်းဆုံမှ ကန်တော်ကြီးဘက်ကို ကားစီးသည်။ လိပ်စာကတ်ကိုလည်း လက်ထဲမှာ ကိုင်ထားသည်။

"ဟော ....တွေ့ပြီ။ သည်အိမ်ပဲ"

ဟု သာလှ နှုတ်မှပွင့်ထွက်လာပြီး အိမ်ကို အကဲခတ်သည်။ ဝန်းကျင်ကို ကြည့်လိုက်တော့ ရွာမှဘုန်းကြီးကျောင်းထက် အဆပေါင်းများစွာကြီးသော တိုက်ကြီး။ ခြံစည်းရိုးများက ခိုင်ခန့်သည်။ ခြံထဲဝင်မည်ဟုတွေးပြီး ခြံတံခါးနားအရောက် 'ခွေးကိုက်တတ်သည်'ဟူသော ဆိုင်းဘုတ်ကြောင့် ခွေးကိုက်ခံရမှာ စိုးရိမ်စိတ်ဝင်မိသည်။

"အိမ်ရှင်တို့ ...အိမ်ရှင်တို့ ..."

ခေါ်၍မရ။ လူခေါ်ဘဲလ်ကို အကြိမ်ကြိမ်နှိပ်လိုက်သည်။ သူ တွေ့ချင်သောလူက ထွက်လာသည်။ သူက သာလှကို တွေ့တွေ့ချင်းပဲ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက အလှူခံလာတာလား၊ လိမ်ညာတဲ့အလုပ်ကို မင်း မလုပ်ပါနဲ့ကွာ။ လာတောင်းတာဆိုလျှင်တော့ ငါ ငွေပေးလိုက်မယ်"

အိတ်ထဲမှ ငွေ ၁၀/-တန် တစ်ရွက်ထုတ်ပေးသည်။ သာလှ ဒေါသထွက်သွားသည်။ စိတ်ထဲမှလည်း . . .

"ဩော် . . . ဘီလူးဆိုတာ လူသားစားဖို့လောက်ပဲ နားလည် တာကိုး"

ဒါပေမဲ့ အသံကို နှိမ့်ပြောသည်။ ကိုယ်ကို ရို့ပြောသည်။

"ကျွန်တော်တို့ရွာက ဒွေးမြဆိုတဲ့ သူငယ်မလေးက ခင်ဗျား ကို ခေါ်ခိုင်းလို့ပါ။ သူ တော်တော်နေမကောင်းဖြစ်နေတယ်။ လိုက်ပြီး တော့ ခဏလောက်တွေ့ပေးပါ။ ကျွန်တော် တောင်းပန်ပါတယ်"

ထိုလူက ပြုံးသည်။ သရော်သည့်အပြုံး၊ ရက်စက်သည့်အပြုံး၊ အထင်သေးသည့်အပြုံး။

"မင်း ဘာတွေပြောနေတာလဲ။ ငါ ဒွေးမြလည်း မသိဘူး၊ ဒွေးလှလည်း မသိဘူး။ ငါသိတာက မင်း ငါ့ခြံထဲက ထွက်သွား။ မထွက် သွားရင် ခြံထဲ သူခိုးဝင်တယ်ဆိုပြီး သက်ဆိုင်ရာကို ဖုန်းဆက်လိုက် မယ်"

သာလှ ဆက်မပြောတော့၊ လာရာလမ်းကို ဦးတည်လိုက်သည်။ ထိုင်းကားပေါ်တွင် တစ်လမ်းလုံး တွေးလာမိသည်။ ဒွေးမြရောဂါ ဘာ ရောဂါလဲ သိလိုက်ပြီ။ ရွာမှာတုန်းက လူကြီးသူမများ အမေတို့ပြောဖူး သည့် ကြားဖူးနားဝရှိနေသည်။ သမိုင်းလမ်းဆုံမှာဆင်းမိသည်နှင့် အိမ် သို့ အမြန်လျှောက်ခဲ့သည်။ အိမ်လေး၏အဝတွင် အားကိုးတကြီး အကြည့်နှင့် ကြည့်နေသော ဒွေးမြမှာ သာလှခြံဝရောက်သည်နှင့် . . .

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သာလှ ... သူပါလာသလားဟင်၊ သူဘာပြောလဲ၊ သူလိုက်လာမယ်တဲ့လား။ ငါနေကောင်းရဲ့လားလို့ မေးသေးလား"

သာလှ မဖြေချင်ဖြေချင်နှင့် ဖြေလိုက်သည်။

"ဒွေးမြ ... သူ နင့်သတင်းကို မေးဖို့မဆိုထားနဲ့၊ နင့်ကို မသိဘူးတဲ့။ ကြားလည်း မကြားဖူးဘူးတဲ့။ ငါ့ကိုတောင် သူခိုးဆိုပြီး ရဲ တိုင်မယ်ပြောလို့ ငါဒေါသထွက်ပြီး ပြန်လာခဲ့ရတယ်။ ဒွေးမြရယ် ... နင့်ရောဂါ ဘာရောဂါလဲဆိုတာ နင်မပြောလည်း ငါသိပါပြီ"

ဒွေးမြငိုနေသော မျက်လုံးများနဲ့ ဘာရောဂါလဲဆိုတာ နင်သိလို့လားဟူသော မျက်လုံးများနဲ့ ပြန်ကြည့်သည်။

"အဲဒီလူကြီးရဲ့အိမ်ရှေ့မှာ စာရေးထားတယ်၊ ခွေးကိုက်တတ်သည်တဲ့။ ဒါကြောင့် နင့်ရောဂါဟာ ခွေးကိုက်ခံရတဲ့ရောဂါပဲ"

ဒွေးမြ ရှိုက်၍ရှိုက်၍ ငိုနေသည်။

"ဒွေးမြရယ် ... နင် မိခင်ကောင်းတစ်ယောက် ပီသပါစေ။ နင် သူနဲ့ရတဲ့ ဗိုက်ထဲကကလေးကို ဖျက်မချနဲ့။ မွေးဖြစ်အောင်မွေး သားလား၊ သမီးလားလို့ မသိရသေးတဲ့ ကလေးရဲ့အနာဂတ် လှပါစေ"

မျက်ရည်ကျသည့်ကြားမှ အတန်တန်အားတင်း၍ မေးသည်။

"ငါ့ကို ဒီကလေးရဲ့အဖေဟာ ဘယ်သူလဲလို့ ရွာကလူတွေ မေးကြရင် ဘယ်လိုဖြေရမလဲ ဘယ်လိုပြောရမလဲ"

သာလှ စဉ်းစားလိုက်သည်။ ကျယ်ပြန့်လှသော လောကပတ်ဝန်းကျင်မှန်တိုင်း တိုက်ခတ်မှုများ၊ တကယ်တော့ ... ဒွေးမြရယ် အမြင်မှာ ကြမ်းတမ်းသယောင်ရှိတဲ့ ခရောင်းလမ်းဟာ လူ့ဘဝရဲ့ အေးချမ်းမှုကို ထာဝစဉ်ပေးစွမ်းနိုင်စွမ်းရှိပါတယ်။ ငါ ရွာမှာအိုနီးက နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြဖူးတဲ့ ဦးပုညရဲ့လေးချိုးလေးကို နင်မှတ်မိသေးလား၊ ငါထပ်ဆိုပြမယ်။

"ပန်းစံပယ် နန်းအလယ်မပေါ်ခိုက်ခါမို့ အလိုက်တော်တန် သင့်ရုံပါ ခံပွင့်ကိုကုံး၊ နန်းရဝေ မန်းမြေမှာ စံပယ်လှိုင်တော့ ခံပန်းခိုင် ယာယီရွှေ့တယ် တောခလေ့ရွာသုံးတဲ့"

"ဒါကြောင့် ကလေးရဲ့အဖေကို ရွာကလူတွေ မေးကြရင်"

ဒွေးမြငိုနေသော မျက်နှာနှင့် ခေါင်းမော့လာသည်။ ဒွေးမြ မျက်လုံးအိမ်မှ မျက်ရည်များကို ယုယစွာသတ်ပေးရင်း ...

"သာလှလို့ ပြောလိုက်"

ခေါင်စိန်လှိုင် (ဉထာ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

❑

ခေါင်းလောင်းသံ ××× တညံ့ညံ့ပေးတဲ့ ××× ရွာကျောင်းကို ပြေးမြင်မိရင် ××× သတိရနေတယ် သူငယ်ချင်းရေ ××× တို့များငယ်ငယ်တုန်းက ရွာဝင်လမ်းဆီကနေ ××× လက်ချင်းယှက်ခဲ့ ပြေးခဲ့လွှားခဲ့ ကျောင်းတက်လာကြတာတွေ ××× မေ့နိုင်ပါ့မလား ××× မင်းတို့ငါတို့ ငယ်ငယ်တုန်းကလေ ×××

မြန်မာသံစဉ်အဆိုတော် တွံတေးသိန်းတန်၏ အသီးတစ်ရာ အညွှာတစ်ခုဆိုသည့် သီချင်းကို ပိုက်ထွေးငယ်ငယ်ကလည်း ကြိုက်သည်။ ယခုအချိန်လည်း ကြိုက်သည်။ နောင်ကိုလည်း ဆက်ကြိုက်ဦးမည်။

ပိုက်ထွေးတို့ ပဲခူးမြို့နယ်၊ ကော်ချဲရွာ မူလတန်းကျောင်းတွင် ပိုက်ထွေးကျောင်းတက်စဉ် ကျောင်းအုပ်ဆရာကြီးက ကျောင်းတက်ချိန်တိုင်း ခေါင်းလောင်းခေါက်သလို ကျောင်းဆင်းလျှင်လည်း ခေါင်းလောင်းခေါက်သည်။ ခေါင်းလောင်းသံကို ပိုက်ထွေးကြိုက်သည်။

---



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ထွေး အရွယ်ရောက်လာလျှင် ကျောင်းဆရာဖြစ်ပြီး ခေါင်းလောင်းခေါက်ရမည်ဟု ယုံကြည်ထားသည်။ ယုံကြည်သည့်အတိုင်းလည်း စာကြိုးစားသည်။

ပိုက်ထွေး ဘယ်လောက်ပင် ကြိုးစားကြိုးစား စားဝတ်နေရေး အဆင်မပြေမှုကြောင့် ပိုက်ထွေးမိခင် မုဆိုးမအိုကြီးနှင့် ကော်ချဲရွာမှ ရန်ကုန်သို့ ပြောင်းလာသည်။ ရန်ကုန်ရောက်တော့ ပိုက်ထွေးမိခင်နှင့် ဖခင်ဘက်မှ ဆွေမျိုးများရှိရာ မရမ်းကုန်းမြို့နယ်၊ ပန်းပင်ကုန်းဒေသ၊ ယခင် ပန်းပင်ကုန်းရွာသို့ ပြောင်းရွှေ့နေထိုင်သည်။ ပန်းပင်ကုန်းရောက်တော့ သင့်တော်ရာနေရာတွင် တဲအိမ်လေးတစ်လုံးငှားပြီး သားအမိနှစ်ယောက် နေထိုင်ကြသည်။ အဓိက အလုပ်ရရှိရေးဖြစ်သည်။

ရွာမှာနေစဉ်က (၁၀)တန်းကို နှစ်ခါကျသည်။ အလုပ်ရှာပြီးမှ (၁၀)တန်းကို အပြင်က ဖြေမည်။ လောလောဆယ်တော့ ရွာကပါလာသည့် ဆန်လေး(၆)ပြည်၊ ငါးပိ(၃)ပိဿာနှင့်စားလျှင် ရသေးသည်။

ပိုက်ထွေးအသက်က (၁၉)နှစ်ရှိပြီဖြစ်သည်။ ပိုက်ထွေးအလုပ်ကို မနားမနေရှာသည်။

သည်နေ့ပိုက်ထွေး အပျော်ဆုံးနေ့ဖြစ်သည်။ ပိုက်ထွေးအလုပ်ရပြီဖြစ်သည်။ ငယ်စဉ်က ခေါင်းလောင်းတီးချင်သော ပိုက်ထွေး ယခု ခေါင်းလောင်းတီးသည့်အလုပ်ရပြီ။

အလုပ်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လက်အောက်တွင်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနတွင် ခေါင်းလောင်းတီး၍ အမှိုက်သိမ်းရသောအလုပ်ဖြစ်သည်။

ဘယ်အလုပ်ပဲဖြစ်ဖြစ် အလုပ်ဟူသမျှ ဂုဏ်ရှိစွ အလုပ်ရှိမှ ဂုဏ်ရှိမည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဖေအမေ ပိုက်ဆံရှိတိုင်း ထိုင်စားနေလျှင် အလုပ်မရှိ ဂုဏ်မရှိ၊ အဖေ့မှာရှိသော ပိုက်ဆံ ကိုယ့်ပိုက်ဆံမဟုတ်၊ အမေ့မှာရှိသော ပိုက်ဆံ ကိုယ့်ပိုက်ဆံမဟုတ်။

ပိုက်ထွေးတို့ ရွာစကားနှင့်ပြောလျှင် အဖေ့တလင်းထဲကစပါး အဖေ့စပါးဖြစ်သည်။ အဖေ့စပါးကျီထဲကစပါး ကိုယ့်စပါးမဟုတ်၊ အဖေ့စပါးဖြစ်သည်။ အဖေက ကျောင်းထားပေးလို့ အမေက ကျောင်းထားပေးလို့ စာမေးပွဲအောင်လျှင် ကိုယ်အောင်တာပဲဖြစ်သည်။ အဖေအောင်တာမဟုတ်၊ အမေအောင်တာမဟုတ်။ စာမေးပွဲကျလျှင် ကိုယ်ကျတာပဲဖြစ်သည်။ အဖေ စာမေးပွဲမကျ၊ အမေ စာမေးပွဲမကျ။

သို့သော် အဖေတို့၊ အမေတို့ ငွေကုန်သည်။ အဖေ ပင်ပန်းမည်။ အမေ ပင်ပန်းမည်။

အလုပ်ဆိုတာ ဂုဏ်၊ ငွေဆိုတာက ဒြပ်။ ဒြပ်မရှိပေမယ့် ဂုဏ်တော့ရှိရမည်။ ပိုက်ထွေးမှာ အလုပ်ရှိသော် ဂုဏ်ရှိသည်။ လုပ်ရတဲ့ အလုပ်က အမှိုက်သိမ်း၊ အမှိုက်လှည်း။ ဘာသာရေးနှင့် ကြည့်လျှင်တော့ ဟုသိုလ်လည်းရ ဝမ်းလည်းဝသည်။ ပိုက်ထွေးတို့နေတဲ့ ပန်းပင်ကုန်း ရပ်ကွက်ထဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူးဆောက်လုပ်သော ချမ်းသာပြည့်စုံ ဓမ္မာရုံရှိသည်။

ဓမ္မာရုံရှေ့တွင် သောက်ရေအိုးစင်ရှိသည်။ တစ်နေ့ ပိုက်ထွေး အလုပ်နားတဲ့နေ့ ရဟန်းတစ်ပါး ရေသောက်ချင်၍ ပိုက်ထွေးခပ်ပြီး ဆပ်လိုက်သည်။

ရဟန်းဆိုတော့ ရေခပ်တိုက်တယ်ပြောမရ၊ ရေကပ်တယ်လို့ ပြောရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းက …

"ဒကာလေး … ဘာအလုပ်လုပ်လဲ"

"တပည့်တော် စည်ပင်သာယာမှာ အမှိုက်သိမ်း၊ အမှိုက်လှည်းတဲ့အလုပ် လုပ်ပါတယ် ဘုရား"

ရဟန်းတော်က ပိုက်ထွေးအား အထင်ကြီးသော အကြည့်နှင့် ကြည့်သည်။

"ဒကာလေးတို့ ဗုဒ္ဓသာသနာမှာ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသိန်တို့ဟာ တံမြက်လှည်း အမှိုက်သိမ်းတဲ့ ကုသိုလ်ကနေစခဲ့တာ။ ဒါကြောင့် ဒကာလေးလည်း မိလိန္ဒဘုရင်ကဲ့သို့ ဉာဏ်ပညာနှင့် ပြည့်ဝသောသူတစ်ယောက် ဖြစ်ပါစေ"

ရဟန်းပေးသောဆုကို ပြည့်ရပါစေဟု ပိုက်ထွေးဆုတောင်းမိသည်။

ပိုက်ထွေးတို့ အမှိုက်သိမ်းကားက တစ်လမ်းဝင်၊ တစ်လမ်းထွက် ရန်ကုန်မြို့အတွင်း နေရာအနှံ့သွားရသည်။ မြို့တော်သာယာရေးအတွက် ပိုက်ထွေးတို့ သန့်ရှင်းရေးဝန်ထမ်းတွေအနေနဲ့ အုတ်တစ်ချပ်၊ သဲတစ်ပွင့်၊ ချွေးတစ်စက် ပါဝင်နေရမည်။

ပိုက်ထွေး ကိုယ်ပေါ်ရှိ စည်ပင်သာယာရေး ဝတ်စုံလေးကို ကြည့်ပြီး ပိုက်ထွေးပီတိဖြစ်၍ မဆုံး။

တစ်ရက် ပန်းဆိုးတန်းလမ်းမှာ အမှိုက်ကားရပ်လိုက်တော့ ပိုက်ထွေး ခေါင်းလောင်းတီးလိုက်သည်။ ကားရပ်သည့်နေရာကလည်း ကျူရှင်တစ်ခုရဲ့ရှေ့မှာ။ ပိုက်ထွေး ခေါင်းလောင်းတီးနေစဉ် မြင်လိုက်ရသည်က ရွှေဆွဲကြိုးတစ်ကုံး။ ကြိုးတစ်ဖက် ပြုတ်နေသည့် စောစောက



www.burmeseclassic.com

www.burmeseclassic.com



ကျူ့ရှင်လှေကားပေါ်တက်သွားသော မိန်းကလေး ပြုတ်ကျနေခဲ့တာပဲ ဖြစ်ရမည်။

ပိုက်ထွေး ဆွဲကြိုးလေးကိုကိုင်ပြီး စောင့်ကြည့်နေသည်။ မိန်းကလေးက တော်တော်နှင့်ဆင်းမလာ။ အမှိုက်သိမ်းကား ဆက်ထွက်လာတော့ ပိုက်ထွေးပါ လိုက်ခဲ့ရသည်။

အိမ်ရောက်တော့ ပိုက်ထွေးအိတ်ထဲက ဆွဲကြိုးလေးကို ထုတ်ကြည့်မိသည်။ တန်ကြေး ဘယ်လောက်ရှိသည်ကို ပိုက်ထွေးမသိ။ ဒီဆွဲကြိုးရောင်းပြီး နေမကောင်းသည့် အမေ့အိုကို ဆေးကုသပေးရင် ကောင်းမလား ပိုက်ထွေး စဉ်းစားမိသည်။

အမေ့ကို အကျိုးအကြောင်းပြောပြတော့ အမေက လက်မခံ။ ပိုင်ရှင်ကိုစောင့်ပြီး ပြန်ပေးရန် အမေပြောသည်။

''သားတို့ ဆင်းရဲသားတွေရဲ့ ဂုဏ်ဆိုတာ အလုပ်နဲ့ ရိုးသားမှုပဲ''

အဲဒီညက ပိုက်ထွေးဆွဲကြိုးလေးကို ခေါင်းအုံးအောက်မှာထားပြီးအိပ်သည်။ သည်ဆွဲကြိုးလေးကြောင့် ပိုက်ထွေးတစ်ညလုံး အိပ်မပျော်။

နောက်တစ်နေ့ ပိုက်ထွေးအလုပ်ဆင်းတော့ မနေ့က ကားရပ်ခဲ့သောနေရာတွင် ပိုက်ထွေး ခေါင်းလောင်းလေး တီးနေသည်။ အမှိုက်ထုပ်များ ကားပေါ်လာတင်နေသူများကို ပိုက်ထွေးစောင့်ကြည့်နေရင်း မနေ့ကတွေ့ခဲ့သော ဆွဲကြိုးပိုင်ရှင်မိန်းကလေးကိုလည်း မျှော်နေမိသည်။

မိန်းကလေး စာအုပ်နှစ်အုပ်သုံးအုပ် ရင်မှာပိုက်ပြီးလာသည်။ မျက်နှာတော့ သိပ်မကောင်း။ ပိုက်ထွေး အိတ်ထဲက ဆွဲကြိုးလေးကို ထုတ်ပြရင်း မိန်းကလေးမျက်နှာကိုတော့ မကြည့်ရဲ။



www.burmeseclassic.com

www.burmeseclassic.com



"တဲ့ ... ဒါ နင့်ဆွဲကြိုးလား"

ပိုက်ထွေး လက်ထဲက ဆွဲကြိုးလေးကို မြင်လိုက်ရတော့ မိန်းကလေး ပျော်သွားသည်။

"ဟုတ်တယ် ...။ အဲဒါ ကျွန်မဆွဲကြိုးပဲ။ မနေ့က ကျူရှင်တွေတက်ရတာများတော့ ဘယ်မှာကျနေခဲ့တယ်ဆိုတာ မသိဘူး။ အဖေက ကျွန်မ (၁၉)နှစ်ပြည့် မွေးနေ့တုန်းက မွေးနေ့လက်ဆောင်ပေးထားတာ။ (၂)ကျပ်သားနီးပါးရှိတယ်။ ကာလတန်ကြေး (၂)သိန်းကျော်တော့ တန်တယ်။ ရှင့်ကို ကျေးဇူးတင်တယ်ရှင်"

ကောင်မလေးလက်ထဲ ဆွဲကြိုးလေးပြန်ပေးလိုက်ရင်း ကောင်မလေးရဲ့မျက်နှာကို ပိုက်ထွေးမရဲတရဲ ကြည့်လိုက်သည်။ ပိုက်ထွေး ရင်တွေ ခုန်သွားသည်။ စိတ်ထဲမှလည်း ...

ဥမ္မာဒန္တီအလှကြောင့် သီဝိဘုရင် ရူးရတယ်ဆိုသော စကားကို ပြန်ကြားမိသည်။

"ရှင့်ကို သိပ်ကျေးဇူးတင်တာပဲ မနက်ဖြန်ကျမှ ရှင့်ကို ကျေးဇူးပြန်ဆပ်မယ် ... သိလား"

ပြောပြောဆိုဆို ကောင်မလေး ကျူရှင်လှေကားပေါ် ပြေးတက်သွားသည်။ ပိုက်ထွေး ကိုယ့်ကိုကိုယ်လည်း အထင်ကြီးသွားသည်။ (၂)သိန်းကျော်တန် ရွှေဆွဲကြိုးကို လည်မှာမဆွဲဖူးပေမယ့် လက်မှာ ကိုင်ကြည့်ဖူးသွားသည်။

ပိုက်ထွေး အလုပ်နားတဲ့အချိန် (၃၈)လမ်း ပလာဇာကိုသွားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက ပိုက်ထွေးရဲ့ဆရာများဖြစ်ကြတဲ့ 'ဆရာဦးမြင့်သိန်း၊ ဆရာဦးတိုးကြိုင်၊ ဆရာဦးရွှေငြိမ်' တို့ထံသွားပြီး လိုအပ်တဲ့ကိစ္စများခိုင်းလျှင် လုပ်ပေးရသည်။ ဆရာများရဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားကိုလည်း မှတ်သားနာယူရသည်။ တစ်နေ့ ဆရာဦးတိုးကြိုင်၏ ရုံးခန်းမှာ ပိုက်ထွေးထိုင်နေတုန်း ဆရာဦးတိုးကြိုင်က ...

"မောင်ပိုက်ထွေး စည်းကမ်းဆိုတာ ဘာလဲ"

ပိုက်ထွေး ပြန်မဖြေတတ်။ ဆရာဦးတိုးကြိုင်၏ မျက်နှာကိုသာ ကြည့်နေသည်။ လွယ်လွယ်လေးနှင့် ဖြေရန်ခက်သော မေးခွန်းဖြစ်သည်။ ဆရာဦးတိုးကြိုင် အနည်းငယ်ပြုံးလိုက်ရင်း ...

"ငါ့တပည့် မင်းမဖြေနိုင်ရင် ဆရာ ဆက်ပြောပြမယ်။ စည်းကမ်းဆိုတဲ့ဝေါဟာရဟာ တစ်လုံးနဲ့တစ်လုံး မတူဘူး။ မတူလို့ ခွဲခေါ်လို့ မရဘူး။ ဥပမာ 'စည်း' ဆိုတာက အိမ်တစ်အိမ်နဲ့တစ်အိမ် စည်းရိုးကာထားတယ်၊ ပိုင်းခြားထားတယ်၊ မြို့နယ်တစ်ခုနဲ့တစ်ခု၊ ခရိုင်တစ်ခုနဲ့တစ်ခု၊ ပြည်နယ်တစ်ခုနဲ့တစ်ခု၊ တိုင်းတစ်တိုင်းနဲ့တစ်တိုင်း၊ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ၊ နယ်နိမိတ်ဆိုတဲ့စည်းနဲ့ ပိုင်းခြားထားတယ်။

မင်းကို ဆရာ အရှင်းဆုံးပြောရရင် တို့ရာမဇာတ်ကိုပဲ ပြန်ကြည့်။ လက္ခဏရဲ့စည်းဝိုင်းထဲမှာ သီတာဒေဝီကိုထားပြီး၊ ရာမမင်းသားနဲ့လက္ခဏ သမင်နောက်လိုက်တယ်။ စည်းဝိုင်းထားပြီးကတည်းကိုက အစ်မတော် ဒီစည်းဝိုင်းထဲ အပြင်မထွက်ပါနဲ့ဆိုပြီး လက္ခဏမင်းသား အကြိမ်ကြိမ်မှာခဲ့တယ်"

ဆရာဦးတိုးကြိုင် ပိုက်ထွေးမျက်နှာကို ကြည့်လိုက်သည်။ ပိုက်ထွေး စိတ်ဝင်စားစွာနဲ့ ဆရာဦးတိုးကြိုင်၏ မျက်နှာကိုကြည့်ရင်း စိတ်ထင်တစား နားထောင်နေသည်။

"ဒါပေမဲ့ ဒသဂီရိဘီလူးက ရသေ့ယောင်ဆောင်ပြီး ဆွမ်းခံလာတဲ့အခါကျတော့ သီတာဒေဝီဆွမ်းလောင်းဖို့ စည်းပြင်ကို ထွက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီနေရာမှာ လူ့စည်းနဲ့ဘီလူးစည်း ခွဲခြားထားတာ ဘီလူးက လူ့စည်းထဲ ဝင်လာတာမဟုတ်ဘူး။ လူက ဘီလူးစည်းထဲ ရောက်သွားတာ။

သီတာဒေဝီ စည်းပြင်ထွက်တာနဲ့ ဒသဂီရိက ပန်းရထားနဲ့ ခေါ်သွားတယ်။ စကားတိုတိုပြောရမယ်ဆိုရင် သီတာဒေဝီသာ စည်းပြင် မထွက်ခဲ့ရင် ရာမလည်း မျက်ရည်ကျစရာမလိုဘူး။ လက္ခဏာလည်း သောကခံစားစရာ မလိုတော့ဘူး။ သိန်းဃိုရ်ပြည်လည်း မီးလောင်စရာ အကြောင်းမရှိဘူး''

ဆရာဦးတိုးကြိုင် ရေသောက်ရင်း ခေတ္တအနားယူလိုက်သည်။

''ဆရာ ထပ်ပြောဦးမယ်။ ဥပမာ အိမ်တစ်အိမ်ဆိုပါတော့။ အိမ်တစ်အိမ်မှာ အိမ်ဦးခန်းရှိမယ်၊ ညှော်ခန်းရှိမယ်၊ အိပ်ခန်းရှိမယ်၊ မီးဖိုချောင်ရှိမယ်၊ ခွေးနေတဲ့ ခွေးကတက်ရှိတယ်။ ခွေးကတက်မှာနေတဲ့ ခွေးက အိမ်ဦးခန်းကို လာစရာအကြောင်းမရှိဘူး။ အိမ်ဦးခန်းမှာနေတဲ့လူက အရက်မူးပြီး ခွေးကတက်မှာသွားအိပ်ရင် ဘယ်သူလွန်တာလဲ''

ပိုက်ထွေး ပြန်မဖြေ။ ပြုံးတော့ ပြုံးနေသည်။

'' 'ကမ်း' ကို ဆရာဆက်ပြောဦးမယ်။ ကမ်းဆိုတာက အင်းရဲ့ကမ်း၊ အိုင်ရဲ့ကမ်း၊ ချောင်းရဲ့ကမ်း၊ မြစ်ရဲ့ကမ်း၊ ပင်လယ်ရဲ့ကမ်း၊ သမုဒ္ဒရာရဲ့ကမ်း။ အဲဒီလိုကမ်းတွေသာ မရှိဘူးဆိုရင် ရေဆိုတာ သူစီးချင်တဲ့နေရာ စီးနေမှာ။ ကုန်းပေါ်မှာ ဘောင်ခတ်ထားတဲ့စည်းနဲ့ ရေကို ဘောင်ခတ်ထားတဲ့ကမ်းကို နှစ်ခုပေါင်းလိုက်တော့ စည်းကမ်းဆိုပြီး ဖြစ်လာတယ်။ ဒါကြောင့် လူဆိုတာ ရေမှာနေနေ၊ ကုန်းမှာနေနေ စည်းကမ်းရှိရမယ်ဆိုတဲ့သဘောကို ညွှန်းတာ''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ထွေး ဆရာဦးတိုးကြိုင်ရုံးခန်းက ပြန်လာတော့ စိတ်ထဲက ပျော်နေသည်။ ပိုက်ထွေးသာ စည်းကမ်းမရှိရင် ဆွဲကြိုးပိုင်ရှင်ကလေးမ လက်ထဲကို ဆွဲကြိုး ပြန်မရောက်နိုင်။

နောက်တစ်ရက် ပိုက်ထွေးတို့ အမှိုက်သိမ်းကား ပန်းဆိုးတန်း လမ်းထဲရောက်ပြီ။ အမှိုက်သိမ်းကားရပ်တဲ့ နေရာရောက်တော့ ဆွဲကြိုး ပိုင်ရှင်ကလေးမလေး အသင့်စောင့်နေသည်။

"ရှင့်ကို ကျေးဇူးဆပ်မလို့ ကျွန်မစောင့်နေတာ"

မိန်းကလေးလက်ထဲကြည့်လိုက်တော့ နိုင်ငံခြားကလာတဲ့ ရှပ် အင်္ကျီတစ်ထည်၊ ဦးဂျမ်းပုဆိုးတစ်ထည်၊ ပိုက်ထွေးကို လှမ်းပေးတော့ ပိုက်ထွေးမယူ။

"ကျွန်တော် ခင်ဗျားကို ဆွဲကြိုးပြန်ပေးတာ ကျေးဇူးအတင်ခံ ချင်လို့ မဟုတ်ဘူး။ ခင်ဗျားပစ္စည်းပျောက်တော့ ခင်ဗျား နှမြောမယ်။ ပြီးတော့ ငိုချင်ငိုမယ်။ ကျွန်တော်ခံယူချက်ကတော့ ကိုယ့်မျက်လုံးက မျက်ရည်သာ ကျချင်ကျပါစေ။ သူများမျက်လုံးက မျက်ရည်မကျစေ ချင်ဘူး"

ကလေးမလေး ပြုံးလိုက်သည်။ ပိုက်ထွေးအပေါ် သူထင်ထား သည့်အထင်နှင့်အမြင် လွဲနေသည်ဟုလည်း စိတ်ထဲက တွေးနေသည်။

"ရှင့်နာမည် ဘယ်လိုခေါ်လဲ"

"ပိုက်ထွေး"

"ကျွန်မနာမည်က ယွန်းစန္ဒာ"

"ရှင် ကျောင်းမနေဘူးလား"

"ကျွန်တော် ရွာမှာတုန်းက လယ်ထွန်၊ ပျိုးနုတ်၊ ပေါ်းရိတ်၊



www.burmeseclassic.com

www.burmeseclassic.com



စပါးနယ်ရင်း ကျောင်းတက်တာ (၁၀)တန်း နှစ်ခါကျဖူးတယ်။ ဒီနှစ် အလုပ်လုပ်ရင်း အပြင်ကဖြေမယ်''

''ကျွန်မက စီးပွားရေး ဒုတိယနှစ်စာပေးစာယူ။ ဒီပန်းဆိုးတန်း လမ်းထဲမှာပဲနေတယ်။ အိမ်ကလူကြီးတွေက ကုမ္ပဏီထောင်ထားတယ်။ ရှင် ကျွန်မကိုခင်ရင် ဒီပစ္စည်းလေးတွေ ယူထားပေးပါ''

''ခင်တာနဲ့ ပစ္စည်းယူတာနဲ့ တခြားစီပဲ''

ယွန်းစန္ဒာပေးသော လက်ဆောင်ပစ္စည်းများကို ပိုက်ထွေးမယူ တော့ ယွန်းစန္ဒာ အလျှော့ပေးရသည်။

''ကိုပိုက်ထွေးကို ယွန်း ခင်သွားပြီ။ ဒီနေ့ကစပြီး ကိုပိုက်ထွေး ယွန်းကို သူငယ်ချင်းလို့ သတ်မှတ်ရမယ်နော်''

ပိုက်ထွေး ခေါင်းညိတ်ပြလိုက်သည်။ စိတ်ထဲမှာလည်း 'ယွန်း ရယ် ... တကယ်လို့ ခင်မင်မှုကို ငွေနဲ့ဝယ်ရမယ်ဆိုရင် ကျွန်တော့်မှာ ငွေမရှိတဲ့အတွက် ဘယ်မှာလာဝယ်နိုင်မှာလဲဗျာ'

အဲဒီနေ့က အလုပ်အချိန်ပြီးလို့ ပိုက်ထွေးအိမ်ပြန်တော့ အတော် ပျော်နေသည်။ ပျော်တာမှ ထမင်းမစားချင်လောက်အောင် ပျော်တယ် လို့ဆိုရမည်။

''သား ... ထမင်းစားကြရအောင်''

အမေ့အတွက် ပိုက်ထွေးထမင်းထည့်ကျွေးပြီး အမေထမင်း စားတာကို ထိုင်ကြည့်နေသည်။ အဲဒီနေ့ အမေချက်ထားတဲ့ဟင်းက မျှစ်ချဉ်ဟင်းနဲ့ ငါးပိရည်တို့စရာ။

''သား ... ထမင်းမစားသေးဘူးလား''

''ကျွန်တော် ထမင်းမဆာဘူးအမေ''



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ထွေး ယွန်းစန္ဒာနဲ့ တွေ့ခဲ့ရသည့်အကြောင်း၊ သိခဲ့ရသည့် အကြောင်းကို အမေ့ကို အကုန်ပြောပြလိုက်သည်။ ပိုက်ထွေးပြောပြတဲ့ စကားဆုံးတော့ ...

**"သားရယ် ရွာက လယ်ကန်သင်းရိုးပေါ်မှာပေါက်တဲ့ ကောက်လှိုင်းတီပန်းဟာ ကန်သင်းရိုးပေါ်မှာပေါက်တာပဲ ကောင်းပါတယ်"**

အမေ ဘာရည်ရွယ်ချက်နဲ့ ပြောသည်ကိုတော့ ပိုက်ထွေးမသိ။

တဖြည်းဖြည်း ပိုက်ထွေးနဲ့ယွန်းစန္ဒာတို့ သိခဲ့ကြသည်မှာ၊ ခင်ခဲ့ကြသည်မှာ တစ်နှစ်နည်းပါး ကြာမြင့်လာသည်။ တစ်ရက် (၁၈)လမ်း ပလာဇာပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဆရာဦးမြေ မြင့်ရုံးခန်းကို ပိုက်ထွေးရောက်ပြီး ...

"ဆရာ့ကို ကျွန်တော် တိုင်ပင်စရာရှိလို့"

စကားအစချီပြီးသည်နှင့် ပိုက်ထွေး ယွန်းစန္ဒာကို သံယောဇဉ်ရှိသည့်အကြောင်း၊ သူချစ်တဲ့အကြောင်းကို စာနဲ့ပြောရမလား၊ စကားနဲ့ပြောရမလား၊ ဂုဏ်ဒြပ်ခြင်းမတူတဲ့အကြောင်း ပြောပြသည်။

ဆရာဦးမြေမြင့် ပိုက်ထွေးစကားဆုံးသည်နှင့် ...

"ပိုက်ထွေးရယ် ... သံနဲ့ယောတဲ့ သံယောဇဉ်တောင် ဒီလောက်ခိုင်မာနေရင် ရွှေနဲ့ယောတဲ့ ရွှေယောဇဉ်ဆိုရင် ဘယ်လောက်ခိုင်မာမလဲလို့"

ဆရာဦးမြေမြင့် အနည်းငယ်နားပြီး စကားဆက်ပြောသည်။

"ပိုက်ထွေး ... ရည်းစားစာဆိုတာ ဘာလဲ"

"ရည်းစားစာဆိုတာ ရည်းစားစာပေါ့ ... ဆရာရယ်"

"ရည်းစားစာကို ဘယ်လိုအဓိပ္ပာယ်ဖွင့်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ထွေး ပြန်မဖြေတတ်။

"ဆရာ ဆက်ပြောပြမယ်။ ကျွန်တော်၏အိမ် ဘုရားခန်းတွင်၊ ကျွန်တော်၏အိမ် ဧည့်ခန်းတွင်၊ ကျွန်တော်၏အိမ် မီးဖိုချောင်တွင် အမှန်တကယ် အသုံးပြုရန်အတွက် သစ်ဘယ်လောက်၊ ဘိလပ်မြေဘယ်လောက် ရောင်းချပေးပါရန် လျှောက်ထားအပ်ပါသည်ဆိုရင် တစ်ဖက်ဖတ်တဲ့ လူကြီးက အကြောင်းပြချက်ကြည့်ပြီး ရောင်းချပိုင်ခွင့်၊ စဉ်းစားပိုင်ခွင့်၊ ပယ်ချပိုင်ခွင့်ရှိတယ်။

အေး ...အဲဒီလိုပဲ ရည်းစားစာဆိုတာ အချစ်ကို လျှောက်လွှာတင်တာ။ ဥပမာဆိုပါတော့ကွာ မင်းကိုကိုယ်ချစ်တဲ့စိတ်နဲ့ သတိရတဲ့စိတ်နဲ့တစ်ခါ သတိရတိုင်း၊ ပန်းကလေးတစ်ပွင့် တစ်ပွင့်ပုံထားရင် အခုကိုယ်တို့နေတဲ့ ချမ်းသာပြည့်စုံလမ်းမကြီးဟာ ပန်းတောင်တန်းကြီး ဖြစ်သွားပြီပေါ့။ ကမ္ဘာမြေပြင်ရဲ့ အကျယ်အဝန်းကို သိပ္ပံပညာရှင်တွေ တိုင်းတာလို့ရပေမယ့် မင်းကိုကိုယ်ချစ်တဲ့ မေတ္တာရဲ့ အကျယ်အဝန်းကိုတော့ ဘယ်သိပ္ပံပညာရှင်မှ တိုင်းတာလို့မရဘူး"

ဆရာဦးငွေမြင့်စကားဆုံးတော့ ပိုက်ထွေး ဟက်ဟက်ပက်ပက် ရယ်သည်။

"အဲဒီလို အကြောင်းပြချက်တွေနဲ့ မင်းရေးထားတဲ့စာကို ယွန်းစန္ဒာဖတ်ပြီး လက်ခံပိုင်ခွင့်၊ စဉ်းစားပိုင်ခွင့်၊ ပယ်ချပိုင်ခွင့်ရှိတယ်"

"ဒါပေမဲ့ ဆရာရယ် ယွန်းစန္ဒာတို့က ချမ်းသာတယ်"

ပိုက်ထွေးပြောရင်း ပြောရင်း အသံတိမ်ဝင်သွားသည်။

"ယွန်းစန္ဒာတို့ ကိုယ်ပိုင်ကားနဲ့ သွားတဲ့လမ်းမှာ ကျွန်တော်က ခြေကျင်လျှောက်နေရတာ ဆရာ။ အဲဒီလမ်းမှာပဲ ကျွန်တော်တို့က အမှိုက်သိမ်း၊ အမှိုက်လှည်းနေရတာ"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ထွေးကိုကြည့်ပြီး ဆရာဦးဒွေးမြင့် သနားသွားသည်။ အနားမှ ရပ်နားထောင်နေသော ဆရာဦးမြင့်သိန်းက ပိုက်ထွေးပခုံးကို ပုတ်လိုက်ပြီး ...

"ပိုက်ထွေး ... မေတ္တာရေးရာနဲ့ပတ်သက်ပြီး သခင်နဲ့ကျွန်၊ ဘုရင်နဲ့သူဖုန်းစား၊ ပင်တိုင်စံထိပ်ထားနဲ့စောင်းအိုရှင်၊ ဂုဏ်ကြီးရှင်နဲ့ အညတြ ပေါင်းဖော်ရခြင်းမရှိလို့ ဘယ်ဥပမာမှာမှ မရှိဘူး"

ပိုက်ထွေး ဆရာဦးမြင့်သိန်းစကားကြားရတော့ အားတက်သွားသည်။ ဝမ်းသာသွားသည်။ နှုတ်မှလည်း ...

"မနက်ဖြန် ကျွန်တော် ယွန်းစန္ဒာကိုချစ်တဲ့အကြောင်း ပြောဖြစ်အောင် ပြောတော့မယ် ဆရာ"

နောက်တစ်နေ့နံနက် ယွန်းစန္ဒာကိုချစ်တဲ့အကြောင်း ဖွင့်ပြောရတော့မယ်ဆိုတဲ့ စိတ်ကူးနဲ့ ပိုက်ထွေး ကောင်းကောင်းအိပ်မပျော်။ မနက်မိုးလင်းသည်နှင့် ပိုက်ထွေး အလုပ်သွားရန် ပြင်ဆင်သည်။

အလုပ်သွားခါနီးတိုင်း ဘုရားလည်းရှိခိုး၊ အမေအိုကိုလည်း ရှိခိုးသည်။ ဒီနေ့မှ ခေါင်းကို ထူးထူးခြားခြား ဖီးသည်။ အလုပ်တာဝန် ထမ်းဆောင်ရင်း ဝတ်ရသော မြို့တော်စည်ပင်သာယာရေး အုတ်ကျိုး ရောင်အင်္ကျီလေးကို အပေါ်စားရေမွှေး (ပိုက်ထွေးဘက်က ကြည့်သော် အကောင်းစားရေမွှေး) ဆွတ်ထားသည်။

ပန်းဆိုးတန်းလမ်းထဲ ကားကွေ့ခါနီး ပိုက်ထွေး ရင်တွေခုန်နေသည်။ ပျော်လည်း ပျော်နေသည်။ လမ်းထဲမှာ ဒီနေ့ ကားတွေများတာ ကိုတော့ သတိထားမိသည်။ ပိုက်ထွေးတို့ ကားရပ်တဲ့နေရာက ယွန်းစန္ဒာ တို့ကုမ္ပဏီနဲ့ အနီးဆုံးနေရာ၊ ကားရပ်လိုက်တော့ ပိုက်ထွေး ခေါင်းလောင်း



www.burmeseclassic.com

www.burmeseclassic.com



တီးရန် ပြင်လိုက်သည်။ ယွန်းစန္ဒာကိုလည်း မျက်လုံးဝေ့၍ ရှာကြည့်သည်။

ပိုက်ထွေး တွေ့လိုက်ပါသည်။ ငွေရောင်နောက်ခံပေါ်မှာ ရွှေစာလုံးကြီးနှင့် ...

ဒေါက်တာရဲရင့်အောင်

နှင့်

မယွန်းစန္ဒာ

တို့၏

မင်္ဂလာဆည်ခံပွဲ

ပိုက်ထွေး လက်တွေတုန်လာသည်။ ရင်တွေလည်း ခုန်လာသည်။ အသံတစ်သံ ကြားလိုက်ရသည်။ ယွန်းစန္ဒာ၏အသံ ...

"အန်တီ ... စည်ပင်သန့်ရှင်းရေးဝန်ထမ်းလေးကို ဒံပေါက်ထမင်း ကျွတ်ကျွတ်အိတ်နဲ့ ထည့်ပေးလိုက်ပါ"

ပိုက်ထွေးလက်ထဲသို့ ထမင်းအိတ် ဘယ်လိုရောက်လာလည်း မသိ။ ပိုက်ထွေး ခေါင်းလောင်းလေးကိုတော့ လက်မှာ မြဲမြဲဆုပ်ကိုင်ထားသည်။ တံမြက်စည်းလေးကို ပခုံးမှာမှီရင်း လမ်းပေါ်မှာ ရပ်နေမိသည်။ ပိုက်ထွေး၏မျက်လုံးအိမ်မှ မျက်ရည်များ စီးကျလာသည်။

ပိုက်ထွေး အားငယ်စိတ်ဝင်လာတော့ သေသွားသည့်အဖေကိုလည်း သတိရသည်။ အိမ်မှာကျန်နေခဲ့တဲ့ အမေအိုကိုလည်း သတိရသည်။ အမေပြောတဲ့ လယ်ကန်သင်းရိုးပေါ်မှာပေါက်တဲ့ ကောက်လှိုင်း



www.burmeseclassic.com

www.burmeseclassic.com



တီပန်းဟာ လယ်ကန်သင်းရိုးပေါ်မှာပေါက်တာပဲ ကောင်းပါတယ်ဆိုတဲ့ စကားကိုလည်း ပိုက်ထွေး ပြန်ကြားမိသည်။ ပိုက်ထွေး ခေါင်းငုံ့ပြီး မျက်ရည်များကျရင်း စိတ်ထဲမှလည်း ...

"အမေရယ် ... ပူလောင်လှတဲ့ ထောင့်ငါးရာဆိုတဲ့အချစ်ကို အမှိုက်အိတ်ထဲထည့်၊ အမှိုက်သိမ်းတဲ့ ကားပေါ်မှာတင်ပြီး ပစ်လို့ရရင် သိပ်ကောင်းမှာပဲဗျာ"

မောင်စိန်ရှိုင် (ဉဿာ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

❑

တပေါင်းလ၏ လပြည့်ညတွင် ကြယ်တာရာနှင့် ထွန်းလင်းတောက်ပပြည့်စုံနေ၍လားမသိ၊ အလှဆုံးညဖြစ်လိမ့်မည်ဟု ဘုရင်ဗိမ္ဗိသာရ တွေးနေမိသည်။

အနားတွင်ရှိသော ဝေဒေဟီဖုရားကြီးကို ရပ်နေသည့် လသာဆောင်မှ အသာအယာစောင်းငဲ့ကြည့်ရှုရင်း ...

"မိဖုရားကြီးရယ် ... လ,တကာတို့ထက် လထဲမှာ တပေါင်းလဟာ အလှဆုံးလို့ပြောတယ်"

"အလှတွေစုံတဲ့ညမှာ မောင်တော်ရယ်၊ မိဖုရားကြီးရယ်၊ သားတော်လေးတစ်ပါးလောက်များ အနားမှာရှိရင် ဘယ်လောက်ကောင်းလိုက်မလဲနော်"

ဝေဒေဟီမိဖုရားမှ ဗိမ္ဗိသာရမင်းကြီး၏မျက်နှာကို ရွှန်းလဲ့တောက်ပသော မျက်လုံးများနှင့် ကြည့်နေသောအချိန်၌ မိုးကောင်းကင်မှ တိမ်ညိုတိမ်တိုက်က လမင်းကြီးကို ဖုံးကွယ်သွားသည်။ ထိုအချိန်



www.burmeseclassic.com

www.burmeseclassic.com



တွင် ကြယ်တစ်လုံးက ကြွေကျခိုက် ထိုမြင်ကွင်းကို ဝေဒေဟီ လက်ညှိုး ညွှန်ပြပြီး ...

"မောင်တော်ရယ် ... ကောင်းကင်က ကြယ်ကြွေတာဟာ လူ့ပြည်ကိုဆင်းလာတာလို့ ပြောကြတယ်။ ဒါကြောင့် အခု ကြွေတဲ့ကြယ်ဟာ နှမတော်ရဲ့ဗိုက်ထဲ ဝင်စားမယ့်သားတော်များဖြစ်လျှင် ..."

ဝေဒေဟီ၏ စကားတောင်မဆုံးသေး၊ စူးစူးဝါးဝါး ညဉ့်ငှက်၏ အော်သံသည် မိုးယံအတွင်း ပျံ့နှံ့သွားသည်။

မဂ္ဂတိုင်း ရာဇဂဟနေပြည်တော်ကြီးတွင် တိုင်းပြည်အုပ်ချုပ်မင်းလုပ်တော်မူသော ဘုရင်ဗိမ္ဗိသာရသည် မင်းကျင့်တရား (၁၀) ပါး၊ သင်္ဂဟတရား (၄) ပါးနှင့်ညီသဖြင့် တိုင်းသူပြည်သားတွေက ချစ်ခင်ကြသည်။ အားကိုးကြသည်။ မြတ်နိုးကြသည်။ အကျင့်ကောင်းရုံမက ရုပ်အဆင်း ကျက်သရေကလည်း တင့်တယ်လှပသော မင်းမြတ်ဝယ် အခြားမောင်းမ ကိုယ်လုပ်မိဖုရားငယ်တို့မှ မွေးဖွားသည့် သားရတနာအချို့ရှိသော်လည်း မဟာကောသလမင်း၏ သမီးပသေနဒီကောသလ၏နှမ ရာဇဂြိုဟ်မိဖုရားခေါင်ကြီးဝေဒေဟီတွင် သားသမီးမမွေးဖွား၍ သားသမီးရရန်အတွက် ဗိမ္ဗိသာရမင်းကြီး မျှော်လင့်ခြင်းကြီးစွာဖြင့် မျှော်လင့်နေမိသည်။

နယုန်မိုးသေး မြက်သားမွေး နယုန်မိုးဖွားလေးများကျနေသည့်အချိန် အမှတ်တမဲ့ လေပြင်းတိုက်လိုက်တော့ ဝေဒေဟီသလွန်မှအဝတ်မူးခနဲဖြစ်သွား၍ သလွန်တိုင်ကို အမြန်ကိုင်လိုက်ရ၏။

အနားမှာ ခစားနေကြတဲ့ ကိုယ်လုပ်တော်မောင်းမများ ပျာယာခတ်သွားသည်။ ဗိမ္ဗိသာရမင်းထံ သံတော်ဦးပြေးတင်ရှုတင်၊ သမား



www.burmeseclassic.com

www.burmeseclassic.com



တော်ဆီ ပြေးတဲ့သူကပြေး၊ အချိန်အနည်းငယ်တန်လူစုံတော့ သမားတော်ရဲ့နှုတ်မှ စကားတစ်ခွန်း ဗိမ္ဗိသာရမင်းကြီးထံ လျှောက်တင်လိုက်သည်။

"အရှင်မင်းကြီး ... ဝေဒေဟီမိဖုရားမှာ ပဋ္ဌမြားရှေ့ကြုတ်နှုတ်ငုံတော်သန္ဓေ ရှိနေပါပြီဘုရား"

အားရပါးရပြုံးလိုက်သော ဘုရင်ဗိမ္ဗိသာရ၏အပြုံးသည် လျှပ်လက်လိုက်သကဲ့သို့ ထင်ရသည်။ အမှတ်တမဲ့ နှုတ်ကလည်း ...

"သားတော်လေးများ ဖြစ်လိုက်ရင် ..."

ဝေဒေဟီမိဖုရား ဝင်၍လျှောက်ထားသည်။

"သားတော်လေးများဖြစ်လိုက်လျှင် ဘာဖြစ်မှာလည်း ... မောင်တော်"

ဘုရင်ဗိမ္ဗိသာရက ဝေဒေဟီ၏ ဆံစလေးကိုလက်ဖြင့် အသာအယာပွတ်လိုက်ရင်း ...

"မောင်တော်ရဲ့ အသက်ထက်တောင် ပိုပြီးချစ်ရမှာပေါ့ ... မိဖုရားကြီးရယ်"

ရာဇဂဟနေပြည်တော်တွင် အမျိုးမျိုးသော ကောင်းသတင်းများ ပျံ့လွင့်နေသည်။ ဝေဒေဟီမိဖုရားကြီးတွင် ပဋိသန္ဓေရှိသည်နှင့် ဘုန်းကံနှင့်ပြည့်စုံမယ့်သားတော်၊ ရုပ်ရည်ချောမောပြီး ဗိမ္ဗိသာရမင်းကြီး၏ ခြေရာကိုနင်းမယ့်သားတော်၊ ဘာသာသာသနာကို တိုးပွားအောင်ထည်ထွန်းမယ့်သားတော်၊ တိုင်းသူပြည်သားများ ဝမ်းသာကြသည်။ တချို့က ဆိုကြသည်။ ဗိမ္ဗိသာရမင်းကြီးနှင့် ဝေဒေဟီမိဖုရား တိုင်းခန်းလှည့်သည်လျှင် ရွှေအဆင်းနှင့်တူတဲ့ သားတော်လေးပါလာလျှင် ကျက်သရေအယ်လောက်ရှိလိုက်မလဲလို့။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ည ဝေဒေဟီမိဖုရား အိပ်မက်မက်သည်။ အဝေးတစ်နေရာမှ မီးလုံးကြီးတစ်လုံး လွင့်လာပြီး ဗိမ္ဗိသာရမင်းကြီး၏ခြေထောက်ကို မီးလောင်နေပေမယ့် ပူဟန်မပြ ပြုံး၍ပင် ကြည့်နေသည်။ ဝေဒေဟီ အိပ်မက်အတွင်းမှ ယောင်ပြီး ထအော်သည်။

"မောင်တော်ဘုရား ... မီးကိုငြိမ်းပါတော့၊ တစ်ကိုယ်လုံး လောင် ကျွမ်းပါလိမ့်မယ်"

ဝေဒေဟီ အသံကုန်ဟစ်ပြီး မျက်ရည်ကျလာသည်။ လန့်နိုးလိုက်တော့ ဝေဒေဟီမျက်နှာတစ်ခုလုံး မျက်ရည်တွေရွှဲနေသည်။ ရင်တွေတုန်နေသည်။ ကြောက်စိတ်တွေများသည်။ အိပ်မက်ဆိုးမက်ပြီးသည့် ညတည်းကစပြီး ဝေဒေဟီ ဘာမှမစားချင်တော့။ အစားအသောက်များ ပျက်လာတော့ ရုပ်ရည်ပါ ကျဆင်းလာသည်။ တစ်ရက်တခြား ပိန်လာသည်။ အသားအရည်များ တွန့်ချင်သလိုဖြစ်လာသည်။ မျက်တွင်းများ ကျလာသည်။

နေ့စဉ် ဝေဒေဟီမိဖုရား၏ အခြေအနေကို စောင့်ကြည့်နေသူက မောင်တော်ဗိမ္ဗိသာရမင်းကြီး ...

"မိဖုရားကြီး ... အစားအသောက်တွေ ပျက်နေတဲ့ရက်တွေ များလှပြီ။ ဘာများစားချင်တာလဲ စဉ်းစားပါဦး။ မောင်တော်က ရှင်ဘုရင်၊ မိဖုရားကြီးစားချင်တာကို မောင်တော် ကျွေးနိုင်ပါတယ်။ မိဖုရားကြီး ဝမ်းထဲမှာရှိတဲ့ သန္ဓေသားက ချင်ခြင်းတပ်လို့ ရွှေထမင်းနဲ့ ရွှေဟင်းကို စိန်ပန်းကန်နဲ့ထည့် ပတ္တမြားဇွန်းနဲ့ စားချင်တယ်ဆိုရင်တောင်မှ မောင်တော် ကျွေးနိုင်ပါတယ်။

မေတ္တာအပြည့်နဲ့ပြောနေသော ဗိမ္ဗိသာရမင်းကြီး၏ နှုတ်မှထွက်သောစကားများကို ဝေဒေဟီ နားထောင်ပြီး မျက်ရည်များကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သန္ဒေသားက တောင့်တလို့ စားချင်တာကိုပြောမယ် ... မောင်တော်။ ဒါပေမဲ့ မောင်တော်မကျွေးပါနဲ့"

ဝေဒေဟီ ငိုကြွေးနေသည့်ကြားမှ အားယူ၍ ပြောသောစကား ဖြစ်သည်။ ဗိမ္ဗိသာရမင်းကြီး အနည်းငယ် ပြုံးလိုက်သည်။ ဝေဒေဟီ၏ မျက်နှာကိုမင်းကြီးမျက်နှာနှင့် အနီးဆုံးဖြစ်အောင် ဆွဲလိုက်ပြီး နှုတ်က လည်း ...

"သန္ဒေသားက မောင်တော်ရဲ့အသည်းနှလုံးကို စားချင်တာ တဲ့လား။ စားချင်တယ်ဆိုလျှင်တော့ ဒီမှာ ..."

ပြောပြောဆိုဆို ဗိမ္ဗိသာရမင်းကြီး သန်လျက်ကို သူ့ရင်ပြန် ထောက်လိုက်တော့ ဝေဒေဟီ ဘုရင်မင်းမြတ်ရဲ့လက်နှစ်ဖက်ကို သူ့ လက်နှင့်ဆွဲထားပြီး ဘုရင်မင်းမြတ်ရဲ့ရင်ခွင်ကို မျက်နှာနှင့် အပ်ထား လိုက်သည်။ အကြိမ်ပေါင်းများစွာ ရှိုက်ငိုနေရင်းမှ ...

"မောင်တော်ရယ် ...ဝေဒေဟီလောကထဲက စွန့်ခွာသွား ချင်တယ်။ အဲဒီလို စွန့်သွားပြီးတဲ့နောက် နောက်ဘဝဆိုတာရှိရှင် အဲဒီ နောက်ဘဝကနေ ရင်ထဲက သန္ဒေသားစားချင်တဲ့အာဟာရကို မောင် တော်ကို လျှောက်တင်မယ်မောင်တော်။ အဲဒီဘဝထိ မောင်တော် မတိုက် ကျွေးပါနဲ့ဦး"

ဝေဒေဟီစကားတွင် မတိုက်ကျွေးပါနဲ့ဦးဆိုတဲ့ စကားပါလာ တာကို မင်းကြီး သတိထားမိလိုက်သည်။ သန္ဒေသားက ဘာကိုစားချင် ပြီး ဘာကိုသောက်ချင်လဲလို့ အတန်ငယ် စဉ်းစားပြီးတော့မှ ...

"ဝေဒေဟီရယ် ... မြတ်စွာဘုရားရှင် ဘဝပေါင်းမြောက်မြား စွာ ကျင်လည်ခဲ့စဉ်တုန်းက မျက်လုံးကို လိုချင်တဲ့သူတွေအတွက် မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကို ထုတ်ယူပြီးတော့ လှူတာ၊ ကောင်းကင်မှာရှိတဲ့ ကြယ်တာရာတွေ ထက်များသတဲ့။ အသွေးကို လိုချင်တဲ့သူတွေအတွက် သွေးကိုဖောက်ပြီး လှူတာကို သမုဒ္ဒရာထဲမှာရှိတဲ့ ရေတွေထက် များတယ်တဲ့။ အသားကို လိုချင်တဲ့သူတွေအတွက် အသားကို လှူခဲ့တာဟာ ကမ္ဘာကြီးထက်တောင် များတယ်တဲ့ ... ဝေဒေဟီ။ မောင်တော်ရဲ့ရင်သွေး နှမတော်ရဲ့ရင်သွေး လေးက ဘာကိုစားပြီး ဘာကိုသောက်ချင်တာတဲ့လဲ"

ဝေဒေဟီ သလွန်ထက်မှာထိုင်နေတဲ့ မင်းကြီးရဲ့အပါးမှ သလွန် အောက်ကိုဆင်းပြီး မင်းကြီးရဲ့ခြေတော်ကို နဖူးတိုက် ငိုကြွေးရင်းကြား က ...

"သန္ဓေသားက မောင်တော်ရဲ့ ညာလက်ရုံးကိုဖောက်ပြီး ကျ လာတဲ့သွေးကို သောက်ချင်တယ်တဲ့ မောင်တော်"

ထက်ဝဠာမှ မိုးချုန်းသံသည် ကမ္ဘာမြေကြီးကို တုန်ဟီးသွား စေသည်။ နန်းရင်ပြင်တစ်ခုလုံး သွက်သွက်ခါအောင် တုန်ဟီးသွားစေ သည်။ မင်းချင်းများ ထူးခြားသည့်ဖြစ်အင်ကို တအံ့တသြဖြစ်သွားသည်။ ဘုရင်ဗိမ္ဗိသာရ အားရပါးရ ပြုံးလိုက်သည်။

"မိဖုရားကြီးရယ် ... ထူးခြားသော သားရတနာ၊ သို့မဟုတ် သမီးရတနာ ဖြစ်လိမ့်မယ်။ မမြင်ရသေးတဲ့ သားရတနာ၊ သို့မဟုတ် သမီးရတနာကို မေတ္တာအပြည့် ပေးလိုက်တော့။ ဒီမှာကြည့် ..."

ပြောပြောဆိုဆို လက်ယာလက်ကို ချွန်ထက်လှတဲ့ သန်လျက် နဲ့ ထိုးဖောက်မည်အပြု ...

"လျှောက်ပါရစေ ... အရှင်မင်းကြီးဘုရား"

ကိုယ်ရံတော်ဝန်မင်း၏ လျှောက်တင်ချက်ကြောင့် ဆေးဆရာ ရမည့်လုပ်ငန်းကို ရပ်ဆိုင်းလိုက်ကာ ...

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာလျှောက်တင်ချင်တာလဲ ... ဝန်မင်း။ လျှောက်စရာရှိ မြန်မြန်လျှောက်။

သားတော်၊ သမီးတော်အပေါ်ထားရမယ့် ခမည်းတော်ရဲ့မေတ္တာ မိုးက ရွာချင်လှပြီ"

"ဘုန်းတော်ကြီးမြတ်တော်မူသော ... အရှင်မင်းကြီး၊ ရှင်ဘုရင်တို့ရဲ့အသားဟာ သံနဲ့ မထိုက်တန်ပါဘူး။ ရွှေအပ်နဲ့ဖောက်ပြီး ရွှေရေတကောင်းမှာပဲ သွေးကို ထည့်သင့်ပါတယ်ဘုရား"

အချိန်မကြာလိုက်၊ လက်ဝဲလက်နှင့် ရွှေအပ်ကိုကိုင်ပြီး လက်ယာလက်မောင်းကို ဖောက်လိုက်သည်။ တစိမ့်စိမ့်ထွက်လာသော သွေးများကို ရွှေရေတကောင်းနှင့်ခံနေသော ဝန်မင်းလက်မှာ တုန်နေသည်။ ထိုမြင်ကွင်းကို ကြည့်နေသော ဝေဒေဟီမိဖုရားမျက်လုံးက မျက်ရည်တွေကျနေမယ့် နှုတ်ခမ်းမှကျလာသော သွားရည်များကို သုတ်နေသည်။ သောက်ချင်စိတ်က များနေပြီး ကြွေမြဆည်နိုင်တော့ ...

"မိဖုရားကြီးရယ် ... သန္ဓေသားက လက်မောင်းသွေးကို တောင်းလို့ပေါ့။ မောင်တော့်အသည်းရဲ့ သွေးကို သောက်ချင်တယ်ဆို သျှင်လည်း မောင်တော် ကြည်ကြည်ဖြူဖြူ မေတ္တာအပြည့်နဲ့ တိုက်မှာ ပဲ"

ထိုအချိန်မှစတင်ပြီး ရာဇဂဟနေပြည်တော်ကြီး၏ မကောင်းသတင်းများ နေရာအနှံ့ ပျံ့ထွက်လာသည်။ ဝေဒေဟီဝမ်းကြာတိုက်တွင်ရှိသော သန္ဓေသားသည် တစ်ချိန် ဗိမ္ဗိသာရမင်းကြီး၏အသက်ကို ရန်ရှာမယ့်မင်းသားတဲ့။ မယ်တော်ဝေဒေဟီကို ယူကြုံးမရ အပူလုံးကြွအောင် ခံတီးမယ့် မင်းသားတဲ့။ အသိဉာဏ်မဲ့ အတ္တကြီးတဲ့ လူမိုက်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းပြီး တိုင်းပြည်ကို ပျက်စီးအောင်ဆောင်ရွက်မဲ့ မင်းသားတဲ့။ သတင်းများ တဖြည်းဖြည်း နန်းရင်ပြင်ထိ ရောက်လာသည်။ ထိုသတင်းကို ဝေဒေဟီနားသို့ရောက်သည်နှင့် ဝေဒေဟီမှာ နေ့စဉ်အချိန်တိုင်း မျက်ရည်နှင့်မျက်ခွက်။

"မောင်တော် ... ဝေဒေဟီလေ စိတ်ရဲ့ပြေရာပြေကြောင်း ဉယျာဉ်တော်ထွက်ချင်တဲ့ဆန္ဒတွေ များလာတယ်။ ဝမ်းထဲမှာရှိတဲ့ သန္ဓေသားက အေးချမ်းတဲ့ဒေသကို သွားချင်တာနဲ့တူပါရဲ့ မောင်တော်"

ဗိမ္ဗိသာရမင်း၏ ဝမ်းသာစွာနဲ့ ခွင့်ပြုသည်။ စိတ်ထဲကလည်း–

"ဩော် ... သန္ဓေသားက အေးချမ်းလှတဲ့၊ သာယာလှတဲ့၊ လှပလွန်းတဲ့ ဉယျာဉ်တော်ကို သွားချင်တာတဲ့လား"

တစ်ခါ ဉယျာဉ်တော်သွား၊ နှစ်ခါဉယျာဉ်တော်သွား၊ အကြိမ်ကြိမ် ဉယျာဉ်တော်သွားပါများတော့ ဗိမ္ဗိသာရမင်းကြီး သံသယစိတ်များဝင်လာသည်။ အခြေအနေအရပ်ရပ်ကို မင်းချင်းတစ်ယောက်ကို လျှို့ဝှက်လေ့လာစေပြီး သံတော်ဦးပြန်တင်ခိုင်းတော့ ...

"မှန်လှပါ ... အရှင်မင်းကြီး။ ဝေဒေဟီမိဖုရားကြီးက တိုင်းပြည်အတွင်းမှာ ပျံ့နှံ့နေတဲ့ သတင်းတွေထဲက အရှင်မင်းကြီးရဲ့ အသက်ကိုသတ်ပြီး ထီးနန်းကိုလုယူမဲ့ သန္ဓေသားကို လောကထဲမရောက်စေချင်တာကြောင့် ဉယျာဉ်တော်မှာ သွားရောက်ပြီး ပျက်ကျအောင် အနှိပ်အနင်း ခံနေကြောင်းပါဘုရား"

ဗိမ္ဗိသာရမင်းကြီး ရင်ဘတ်ကို လက်နှင့်ဖိလိုက်ပြီး နှုတ်မှလည်း ဖြစ်မှဖြစ်ရလေ ... ဖြစ်မှဖြစ်ရလေ ..."

စကားကို အကြိမ်ကြိမ်ရွတ်ရင်း . . .

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဝန်မင်း ... ဝေဒေဟီ ရှေ့တော်မှောက်အရောက်ခေါ်လိုက်"

အချိန်အနည်းငယ်အတွင်း ဝေဒေဟီ ရှေ့တော်မှောက် ရောက်လာသည်နှင့် ...

"မိဖုရားကြီးရယ် ... တောလိုက်တဲ့မုဆိုးဟာ အသိုက်ထဲမှာရှိတဲ့ဥကို လိုချင်တာနဲ့ အသိုက်ကိုဖျက်၊ ဥကိုခွဲလိုက်လျှင် ဥကွဲအသိုက်ပျက်လို့ ဘယ်အချိန်မှာ ဘယ်ဘဝမှာဖြစ်ဖြစ် မောင်တော်ဆုတောင်းပါရစေ၊ ဥမကွဲ သိုက်မပျက်ပါစေနဲ့။ ဒီနေ့အချိန်ကစပြီး ဥယျာဉ်တော်မထွက်ပါနဲ့တော့။ မောင်တော် ခွင့်မပြုတော့ဘူး"

ဗိမ္ဗိသာရမင်းကြီး၏ အမိန့်သံအဆုံးတွင် ဝေဒေဟီ ခေါင်းငုံ့လိုက်သည်။ ခေါင်းပြန်မော့ပြီး ဝေဒေဟီမင်းကြီးနှင့် အကြည့်ချင်းဆုံတော့ ဝေဒေဟီ၏မျက်လုံးထဲမှာ ထင်သွားတဲ့ အရိပ်တစ်ခု မင်းကြီးမြင်တဲ့အခါ ပင့်သက်ကို အကြိမ်ကြိမ်ချမိလိုက်သည်။

တိတ်ဆိတ်နေတဲ့ည နန်းရင်ပြင်တစ်ခုလုံး ငြိမ်သက်နေသည်။ အင်ကညင်မီးတိုင်မှ မီးညွန့်လေးသာ အနည်းငယ် တောက်လောင်နေသည်။ ငါ့လုပ်ရပ်ကို ဆောင်ရွက်နေတဲ့အချိန် မှားလိမ့်မယ်လို့ သံတော်ဦးမတင်နဲ့၊ အများသူငါပြောတဲ့ အဖကိုပြန်သတ်မဲ့သားကို ငါတစ်ယောက်တည်း နို့ချိုတိုက်နေတဲ့အချိန်မှာ ခေါင်းအုံးနဲ့ဖိပြီး အသက်ရှူမဝအောင် ငါဆောင်ရွက်မည်။ အဲဒီအချိန်မှာ ငါ့အသည်းတွေ ဘယ်လောက်လောင်ကျွမ်းတဲ့ဒဏ်ကို ခံရမယ်ဆိုတာ ငါသိတယ်။ သောကမီးပင်လယ်မှာ ဝေဒေဟီတစ်ယောက် ဘယ်လောက်ရှူးရမယ်ဆိုတာ ..."

ရှိုက်ကြီးတငင် ငိုနေသည်။ နေ့စေလစေ့အချိန် ကိုယ်လုပ်တော်မောင်းမများ ဗိမ္ဗိသာရမင်းကြီးရှေ့မှာ သံတော်ဦးတင်ပြီးတဲ့အခါ ...



www.burmeseclassic.com

www.burmeseclassic.com



"သားတော်ဖြစ်စေ၊ သမီးတော်ဖြစ်စေ မွေးဖွားပြီးပြီဆိုတာနဲ့ ဝေဒေဟီကို မွေးတဲ့အသံပဲကြားပါစေ။ ပြီးလျှင် ငါရှိနေတဲ့ နန်းတော်ဆောင်ကို အမြန်ခေါ်ခဲ့။ နန်းတော်ဆောင်ရောက်မှ ရွှေလင်ဗန်းနဲ့ အားရပါးရ အချင်းဆေးမည် ...''

ခမည်းတော်ဗိမ္ဗိသာရ၏ မေတ္တာသည် အေး၏၊ ဖြူ၏၊ သန့်ရှင်း၏၊ ကြည်လင်နေ၏။ နှုတ်မှလည်း အားလုံးသော ဝေနေယျသတ္တဝါများ ဒုက္ခခပ်သိမ်းမှ ငြိမ်းအေးကြပါစေ။ သောကမီးတွေ ငြိမ်းကြပါစေ၊ မောဟမီးများငြိမ်းကြပါစေ၊ ဒုက္ခမီးများ ငြိမ်းအေးကြပါစေ။

"အူဝဲ ... အူဝဲ ... အူဝဲ ...''

ဝမ်းပြင်ရောက်သည်နှင့် ကလေးငယ်၏ စူးစူးဝါးဝါးအသံဖြစ်လာသည်။ ခေတ္တမေ့သွားသော ဝေဒေဟီ သတိပြန်ရသည်နှင့် ...

"ကလေးငယ်ရော''

ကိုယ်လုပ်တော်မောင်းမများ တစ်ယောက်နှင့်တစ်ယောက် ကြည့်၍ ငြိမ်နေကြသည်။

"ကလေးငယ်ရောဟဲ့ ... ငါမေးနေတယ်လေ ... ကလေးငယ်ရော ...''

အတန်ငယ်ကြာမှာ ...

"သားတော်လေးက မွေးမွေးပြီးချင်း ကံတော်ကုန်သွားပါပြီဘုရား''

ကိုယ်လုပ်တော်မောင်းမတစ်ဦး၏ အသံဖြစ်သည်။ ဝေဒေဟီ မျက်ရည်များ စီးကျလာသည်။

"သားသေကို ... ငါ့ကိုပြစမ်း''



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်အနီးမှာ ရပ်ကြည့်နေသူက ဗိမ္ဗိသာရမင်းကြီးက ..

"မိဖုရားကြီးရယ် ... လောကထဲ လာပြီးပြီးချင်း ပြန်သွားတဲ့ သားတော်ရဲ့ရုပ်ပုံလွှာကို မကြည့်ချင်ပါနဲ့တော့။ လောကထဲမှာ မောင်တော်ရယ်၊ မိဖုရားကြီးရယ်။ တိုင်းသူပြည်သားတွေရယ်သာ အတူရှိနေမယ်ဆိုရင် အရာရာ ပြည့်စုံနေတယ်ဆိုတာ ..."

လအတန်ကြာတော့ ဝေဒေဟီ ဖြေတော့ဖြေပျောက်သွားသည်။ အများသူငါပြောတဲ့ အဖကိုသတ်မယ့်သားရဲ့ မျက်နှာကို ငါမမြင်ဖူးလိုက်ဘူး။

"အေးလေ ... စောစောစီးစီး ကံတော်ကုန်သွားတော့လည်း သောကငြိမ်းတာပေါ့"

ဝေဒေဟီ ကိုးလလွယ်ပြီး ဆယ်လမွေးရတဲ့ သားတော်လေးကို ရင်မှာပိုက်ပြီး နို့ချိုမတိုက်ဖူးလေခဲ့။ ရာသီလည်ပတ်လို့ နှစ်နှစ်ခန့်ကြာတဲ့အချိန် ဝေဒေဟီအဆောင်သို့ ဗိမ္ဗိသာရမင်းတစ်ပါးတည်း ကြွနေကျ။ ယခုတော့ ရွှေအဆင်းနှင့်တူတဲ့ မင်းသားလေးဝေဒေဟီအဆောင်တို့ ရောက်ပြီ။ ဝေဒေဟီကိုမြင်လိုက်သည်နှင့် ...

"မယ်တော် .... သားတော်လေးချစ်တဲ့ ... မယ်မယ်"

ဝေဒေဟီရင်ခွင်ထဲဝင်ပြီး ဝေဒေဟီ၏လည်ကို ဖက်ထားသည်။ ပါးကိုအားရပါးရ အကြိမ်ကြိမ်နမ်းသည်။ ဝေဒေဟီ သိလိုက်ပါပြီ။

အချိန်တန်တော့ သွေးက စကားပြောနေပြီပေါ့။ သိပ်ချစ်ရတဲ့ သားကို သိပ်ပြီးတမ်းတလို့ လွမ်းရတဲ့သား။

ဝေဒေဟီရဲ့မျက်လုံးအစုံက ပီတိမျက်ရည်များ ကျလာသည်။ သားငတ်နေတဲ့ မယ်တော်ရင်ထဲမှာ နစ်နေအောင် သားတော်ကို ဖက်



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်။ လက်လွှတ်ထွက်သွားမှာကြောက်လို့ လက်ကို ပြန်မဖြေလိုတော့။ ယခင်ကကြားခဲ့ဖူးသော စကားများ ပြန်လည်ကြားလာသည်။

"အဖကိုသတ်ပြီး၊ အဖထီးနန်းကိုလုယူမဲ့ သားတဲ့။ မယ်တော့်အသည်းကို ကြွေအောင် လုပ်မဲ့သားတဲ့"

ဝေဒေဟီ ပီတိမျက်ရည်ကြားမှ သောကမျက်ရည်များ ကျလာပြန်သည်။ ဝေဒေဟီသားကိုဖက်ရင်း အံကြိတ်ထားသည်။ ရင်ထဲမှာ ဝေဒနာမီးလောင်နေသည်။ နောက်တော့ ဗိမ္ဗိသာရမင်းကြီးပြောလိုက်တဲ့စကားကို ကြားလိုက်သည်။

"သားတော်လေးကို ပီတိမျက်ရည်နှင့် သောကမျက်ရည်ပေါင်းပြီး အသည်းကြွေအောင် ချစ်လိုက်ပါ . . . ဝေဒေဟီရယ်"

မောင်စိန်လှိုင် (ဥသာ)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

❑

ရန်ကုန်၊ စွယ်တော်မြတ်စေတီ ဘုရားကုန်းတော်က မြင့်လွန်းတော့ လေကောင်းလေသန့်ရသည်။ ဘုရားဝတ္တကမြေတွင် သစ်ပင်ပန်းပင်မျိုးစုံ စိုက်ပျိုးထား၍ ရာသီပန်းများ သူ့လနှင့်သူ ပွင့်တော့သည့် မြင်ကွင်းကို ကြည့်ပြီး ဘုရားဖူးများ စိတ်ချမ်းသာကြသည်။

တချို့က ဆိုကြသည်။ သောကငြိမ်းသောနေရာဆိုတာ ဘုရားကျောင်းကန်များ ဖြစ်သည်တဲ့။ စာရေးဆရာ ကိုစိန်ပန်းတို့နေတဲ့ ချမ်းသာပြည့်စုံလမ်းက စွယ်တော်မြတ်စေတီ ဓမ္မပါလကုန်းမြေနှင့် နီးသည်။ ကိုစိန်ပန်းက ရှုံးဝန်ထမ်းတစ်ဦးဖြစ်၍ လုပ်ငန်းတွေများလို့ ဦးခေါင်းမကြည်လျှင် စွယ်တော်မြတ်စေတီ ဓမ္မပါလာကုန်းမြေဘက် လမ်းလျှောက်လိုက်လျှင် အမောအားလုံးပြေသွားသည်။

အမောမပြေ ဘယ်ဖြစ်ရမည်နည်း။ ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်နှင့် ပြည့်စုံသည်။ တန်ခူးလဖြစ်၍ ဘုရားဝတ္တကမြေဥယျာဉ်တွင် ပိတောက်ပန်း၊ ငုပန်း၊ ပျဉ်းမပန်းတို့ ပွင့်နေကြသည်။ ကိုစိန်ပန်း



www.burmeseclassic.com

www.burmeseclassic.com


သမီးငယ် ပန်းဝတ်ရည်နဲ့အတူ ကြိုလ်တိုင်ဘုရားတွင် ပိတောက်ပန်းနဲ့ ငုပန်းတို့ ဘုရားပန်းကပ်၍ ရှိခိုးပြီး ပုတီးစိပ်နေစဉ် . . .

"ဖေဖေ . . ."

သမီးငယ်ခေါ်သံကြောင့် ကိုစိန်ပန်း သမီးကို လှည့်ကြည့်လိုက်သည်။

"ဖေဖေက ထူးဆန်းတယ်နော်။ ဘုရားကို ပိတောက်ပန်း တင်မကဘူး၊ ငုပန်းကိုပါ တင်တယ်။ သူများတွေ ငုပန်းနဲ့ ဘုရားပန်း တင်တာ သမီး သိပ်မတွေ့ဖူးဘူး"

ကိုစိန်ပန်း သမီးပန်းဝတ်ရည်ဘက်သို့ လှည့်ကြည့်လိုက်ပြီး . .

"သမီးရယ် . . . အခုလို တန်ခူးလရောက်ပြီဆိုလျှင် ဖေဖေတို့၊ သမီးတို့နေတဲ့ မြန်မာမြေမှာ ငုပန်းနဲ့ပိတောက်ဟာ သူ့အပင်နဲ့သူ အတူပွင့်လာကြတယ်။ ပန်းနှစ်မျိုးအတူ ပွင့်လာကြပေမယ့် ငုပန်းကို လူတွေက သိပ်အသိအမှတ်မပြုကြဘူး။ ပိတောက်ပန်းကျတော့ ပိတောက်တွေပွင့်ပြီဟေ့ဆိုပြီး ခူးတဲ့သူကခူး၊ ပန်တဲ့သူကပန်၊ ဘုရားတင်တဲ့သူကတင်၊ အကိုင်းခုတ်တဲ့သူက ခုတ်၊ အရွက်ခြွေတဲ့သူက ခြွေနဲ့ နောက်ဆုံးတော့ ပိတောက်ပင်ကြီးဟာ အလှတရားတွေ ပျက်သွားတယ်။ အဲ . . . ငုပန်းတွေကျတော့ ခူးမယ့်သူမရှိဘူး၊ ပန်မယ့်သူမရှိဘူး၊ အသိအမှတ်ပြုမယ့်သူ မရှိဘူး"

ကိုစိန်ပန်းစကားကို ခေတ္တနားလိုက်တော့ သမီးပန်းဝတ်ရည် ပိတောက်ပင်နဲ့ ငုပန်းများဘက်ကို ငေးပြီး ကြည့်နေသည်။

"ဘယ်သူမှ အသိအမှတ်မပြုကြပေမယ့် နှစ်စဉ်နှစ်ဆန်း တန်ခူးလရောက်တိုင်း အမိမြန်မာမြေကို အလှဆင်ဖို့ ငုပင်ကြီးဟာ သစ္စာ



www.burmeseclassic.com

www.burmeseclassic.com



ရှိစွာ ပွင့်ခဲ့တယ်။သမီး ဒါကြောင့် သမီးလေးဆံပင်မှာ ပိတောက်ပန်း ပန်သလို ငုပန်းကိုလည်း အသိအမှတ်ပြုပန်နော်''

သမီးပန်းဝတ်ရည် အဖေ့စကားနားထောင်ပြီး နှစ်စဉ်နှစ်စဉ် ဘယ်သူမှ အသိအမှတ်မပြုကြပေမယ့် အမိမြန်မာမြေကို သစ္စာရှိစွာ ပွင့်ခဲ့တဲ့ ငုပန်းတွေကို အားနာမိသည်။

ပန်းဝတ်ရည်အသက်က ၁၆ နှစ်။ ယခုနှစ် ဆယ်တန်းဖြေရမည်။ အသားဖြူသလို ရုပ်ရည်ကလည်း ချောမောပြေပြစ်သည်။ ဆံပင်က တင်ပါးအောက်လောက်ရောက်သောဆံပင်ကို မြတ်နိုးသည်။ ပန်းဝတ်ရည်ခေါင်းတွင် ပန်းမျိုးစုံပန်ဖူးသလို ငုဝါပန်းကိုလည်း ပန်ရမည်ကို နားလည်သွားသည်။ ဖခင်၏ လုပ်ခလစာကို မှီပြီးစား၊ မှီပြီးပညာသင်ရ၍ ပန်းဝတ်ရည်ကို မိသားစုမှာ သင့်တင့်သော ဆင်းရဲမှုကို ကြုံရသည်။

ပန်းဝတ်ရည် အဖေပြောသည့်စကားကိုတော့ အမြဲသတိရသည်။

"သမီးကို အဖေကျောင်းထားပေးတာဟာ ရှိလို့ထားတာ မဟုတ်ဘူး။ သိလို့ထားပေးတာ သမီး"

"သမီး ... ဆင်းရဲသားရဲ့ဂုဏ်ဆိုတာ ရိုးသားမှု၊ ပညာသင် ပညာတတ်မှု၊ မိဘကို ရိုသေတတ်မှု၊ ဘာသာရေးကိုင်းရှိုင်းမှု၊ မျိုးနွယ်စုကို စောင့်ရှောက်ထိန်းသိမ်းမှု၊ ဣန္ဒြေသိက္ခာရှိမှု၊ အဲဒါတွေဟာ ဆင်းရဲသားရဲ့ဂုဏ်ပါပဲ ... သမီးရယ်"

ဖခင်ရဲ့စကားလုံးကို သမီးအတွက် မှတ်သားစရာများဖြစ်သည်ကိုသိတော့ ပန်းဝတ်ရည် နေ့စဉ် မှတ်စုထဲမှာ အဖေ့ဆုံးမစကားများ



www.burmeseclassic.com

www.burmeseclassic.com



ကို လိုက်မှတ်သည်။ အဖေ့ဆုံးမစကားများ သမီးအသိဉာဏ်ထဲမှာ ရှိနေခြင်းဟာ အဖေနဲ့ဝေးနေသည့် အချိန်များတောင်မှ အဖေ့အနားမှာ ရှိနေခြင်း မဟုတ်ပါလား။ ပန်းဝတ်ရည် ဆယ်တန်းဖြေပြီး နောက်တစ်ရက် ...

"ဖေဖေ့ကို သမီး ကျေးဇူးဆပ်ချင်တယ်"

သမီးစကားကို နားထောင်ပြီး ကိုစိန်ပန်း ပြုံးသည်။

"ဘယ်လိုကျေးဇူးဆပ်မှာလဲ သမီးရယ်"

"သမီး ဖေဖေ့အတွက် အင်္ကျီအဖြူ ကော်လာကတုံးတစ်ထည်နဲ့ ပုဆိုးတစ်ထည်လောက် ဝယ်ကန်တော့ပြီး ကျေးဇူးဆပ်ချင်တာပါ ဖေဖေ။ ဖေဖေ့မှာ ပုဆိုးကောင်းကောင်း၊ အင်္ကျီကောင်းကောင်းမရှိဘူး မဟုတ်လား"

ကိုစိန်ပန်း တည်ငြိမ်သောမျက်နှာ၊ ကရုဏာသက်သော မျက်လုံးတို့ဖြင့် ကြည့်ပြောသည်။

"သမီးရယ် ... လိမ္မာခြင်းနဲ့ အဖေ့စကား နားထောင်ခြင်းဟာ အဖေ့ကို ကျေးဇူးဆပ်တာမဟုတ်လား။ သမီးလေးငယ်ငယ်တုန်းက ပြောသလို သမီး ကျောင်းဆရာမကြီးဖြစ်မှရတဲ့ လခတွေနဲ့ အဖေ့ကို အင်္ကျီနဲ့ပုဆိုး ဝယ်ကန်တော့။ အဲဒီတော့မှ အဖေအားရပါးရ ဝတ်မယ်သမီး။ ဆယ်တန်းကျောင်းသူ သမီးတစ်ယောက်ကို မုန့်ဖိုး တစ်နေ့ ငါးဆယ် ပေးတာ နည်းတယ်ဆိုတာ ဖေဖေသိပါတယ် ... သမီးရယ်"

အဖေ့စကားဆုံးတော့ ပန်းဝတ်ရည် ပြုံး၍ ပြောသည်။

"ဖေဖေရယ် ... သမီးတို့အတွက် ထမင်းစားရရင် ပြီးတာပဲ။ မုန့်ဖိုးဆိုတာ မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ကိုစိန်ပန်း ရုံးကပြန်လာချိန်။ ကိုစိန်ပန်းတို့အိမ်က ခနိမိုး၊ ဝါးထရံကာ ပျဉ်ခင်းတစ်ထပ်အိမ်လေး။ အိမ်ရှေ့၊ အိမ်နောက်မှာ သရက်ပင်နဲ့ ပိန္နဲပင်များရှိသည်။ ကိုစိန်ပန်းရဲ့ ရေလဲပုဆိုးအဟောင်းလေးကို ခေါင်းမှာပေါင်းထားပြီး ပန်းဝတ်ရည် အဖေ့လာလမ်းကို စောင့်နေသည်။

အဖေပြန်လာတာ မြင်သည်နှင့် အဖေ့ကို ပြေးကြိုသည်။ အိမ်ပေါ်မှာ အဖေထိုင်မိသည်နှင့် ပန်းဝတ်ရည် ကော်လာကတုံး အင်္ကျီအဖြူရေလေးနှင့် ပုဆိုးကို အဖေ့ပေါင်ပေါ်တင်ပြီး အဖေ့ကို တရိုတသေ ကန်တော့သည်။

BURMESE CLASSIC

ကိုစိန်ပန်း စဉ်းစားနေသည်။ အလုပ်မရှိသည့်သမီးက ဒီက အင်္ကျီနဲ့ပုဆိုးကို ဘယ်ကရတဲ့ငွေနဲ့ ဝယ်တာလဲ။ စိတ်လှုပ်ရှားတော့ အသံပါ မငြိမ်ချင်။ အသံကို အတတ်နိုင်ဆုံး တည်တည်ငြိမ်ငြိမ်ထားပြီး ..

“သမီး ... ဒီအင်္ကျီနဲ့ ပုဆိုးကို ဘယ်ကရတဲ့ပိုက်ဆံနဲ့ ဝယ်တာလဲ။ အဖေ့ကို မလိမ်နဲ့နော်။ သူများဆီက ချေးတာလား။ သူများပေးတဲ့ငွေကို လက်ခံပြီး အဖေ့ကို ကန်တော့တာလား။ ဒီငွေမျိုးနဲ့ဆိုရင် ဒီပစ္စည်းကို လက်မခံဘူးနော်”

“ဖေဖေ ...”

ပန်းဝတ်ရည် အရဲစွန့်၍ ခေါ်လိုက်သည်။ ကိုစိန်ပန်း ပြန်မထူး။ ပန်းဝတ်ရည်ကို သေဇသေချာချာ ကြည့်နေသည်။ ပန်းဝတ်ရည် ကိုစိန်ပန်းကို ရှိုးရှိုးလျက်ပြောသည်။

“ဖေဖေရယ် ... သမီး ဖေဖေပြောသလို သူများဆီက ချေးတဲ့ငွေ မဟုတ်ပါဘူး။ သူများပေးတဲ့ငွေလည်း မဟုတ်ပါဘူးဖေဖေ။ သမီး ဖေဖေ့ကို သိပ်ကန်တော့ချင်တာနဲ့”



www.burmeseclassic.com

www.burmeseclassic.com



ပြောလက်စ စကားကို ပန်းဝတ်ရည် ရပ်လိုက်ပြီး သူ့ခေါင်းမှပေါင်းထားတဲ့ ကိုစိန်ပန်းရဲ့ ရေလဲပုဆိုးအဟောင်းလေးကို ဖယ်လိုက်တော့ ပန်းဝတ်ရည်ခေါင်းက ဆံပင်အရှည်ကြီးက အခု ကုပ်ဝဲလောက်သာ ကျန်တော့သည်။

ကိုစိန်ပန်း တအံ့တသြဖြစ်နေစဉ် ...

"ဖေဖေ့ကို သမီး ကန်တော့ချင်လွန်းလို့ ခေါင်းကဆံပင်ကို ဖြတ်ပြီး ရောင်းလိုက်တာပါ ... ဖေဖေရယ်။ မိန်းကလေးတို့ဘုန်း ဆံထုံးဆိုတာ ဖေဖေပြောတာသမီး မှတ်ထားပါတယ်။ ဆံပင်ဖြတ်တာ သမီး လုဖို့မဟုတ်ပါဘူး။ ဖေဖေ့ကို ကန်တော့ဖို့ပါ။ ဖေဖေ့ကို ကျေးဇူးဆပ်ချင်တာပါ"

BURMESE CLASSIC

ပန်းဝတ်ရည်၏ မျက်လုံးအိမ်မှ မျက်ရည်များ ပါးပြင်ပေါ်သို့ စီးဆင်းနေသည်။ ကိုစိန်ပန်း ရင်တွေခုန်ပြီး လက်တွေတုန်နေသည်။

သမီးကန်တော့သည့် အင်္ကျီနဲ့ပုဆိုးကို ကိုင်ပြီး အိမ်ပေါ်မှ ပြေးဆင်းသွားသည်။ ကိုစိန်ပန်းပြေးသွားတာက သူ့အဖေ ပန်းဝတ်ရည် အဘိုးနေတဲ့ တဲအိမ်လေး။ အိမ်လေးပေါ်ရောက်တော့ အသက်ရှစ်ဆယ်ကျော်ရှိပြီဖြစ်တဲ့ အဘိုးပန်းမြိုင်တစ်ယောက်တည်း ပုတီးစိပ်နေသည်။

အဘိုးပန်းမြိုင်ရဲ့ရှေ့မှာ ပုဆိုးနဲ့အင်္ကျီကိုချ၊ အကြောင်းစုံကို ပြောပြီး အဘိုးပန်းမြိုင်ကို ကန်တော့သည်။

ကန်တော့ပြီး ကိုစိန်ပန်း ခေါင်းပြန်မော့လိုက်တော့ ကိုစိန်ပန်းရဲ့ မျက်လုံးအိမ်အတွင်းမှာ မျက်ရည်တွေအပြည့်။

"သား စိန်ပန်း ... သားရဲ့မျက်လုံးအိမ်ထဲမှာလည်း မျက်ရည်တွေ အပြည့်နဲ့ပါလား"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com




ပြောသာပြောရသည်။ အဘိုးပန်းမြိုင်ရဲ့ မျက်လုံးထဲမှာလည်း မျက်ရည်တွေအပြည့်။ ကိုစိန်ပန်း မျက်ရည်သုတ်ရင်း ပြောလိုက်တာက ...

"ဒီမျက်ရည်က အဖေ့ရဲ့မြေး၊ ကျွန်တော့်သမီး ပန်းဝတ်ရည် ပေးတဲ့ ပီတိမျက်ရည်ပါ ... အဖေရယ်"

မောင်စိန်လှိုင် (ဥဿာ)

www.burmeseclassic.com

www.burmeseclassic.com



# ကျောင်းပြန်ကြားလေးပါအမေ

www.burmeseclassic.com

www.burmeseclassic.com

❑

အမေ – ကျွန်တော်ငယ်ငယ်က စာသင်ကျောင်းမှာ
အပေါင်းအနုတ်အမြှောက်အစား
အရေးအဖတ်တွေတတ်အောင်
ကျောင်းထားပေးခဲ့လို့ အတန်းတင်စာမေးပွဲ
အကြိမ်ကြိမ်အောင်ခဲ့တယ် အမေ။

အမေ – အခုတော့ ဘဝဆိုတဲ့ စာသင်ကျောင်းမှာ
ဘဝစာမကျွမ်းကျင်တော့
ပေါင်းရမှာကို နုတ်လိုနုတ်
နုတ်ရမှာကို မြှောက်လိုမြှောက်
မြှောက်ရမှာကို စားလိုစား
အမှားတွေ အလီလီနဲ့
ဘဝစာမတတ်သေးတဲ့သားကို
ကျောင်းပြန်ထားပေးပါ အမေရယ် ...

မောင်စိန်လှိုင် (ဥသာ)

www.burmeseclassic.com